www.burmeseclassic.com



# မောင်လှမျိုး(ချင်းချောင်းခြံ)

မျက်ဝန်းရေဆူအမှတ်-၁၅၀၀

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

၂၀၁၅ခုနှစ်၊ ဇူလိုင်လ၊ ပထမအကြိမ်

အုပ်ရေ (၁၀၀၀)၊ တန်ဖိုး ၁၅၀၀ကျပ်

မျက်နှာဖုံးဒီဇိုင်း – နွယ်ဦးလှိုင်

ကွန်ပျူတာစာစီ – "Sun Top"

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် – ဒေါ်ခင်စန္ဒာတင်
ဖွဲ့မာန်သစ်ပုံနှိပ်တိုက်
အမှတ်–၁၇၂၊ မဟာဗန္ဓုလလမ်း၊
ဗိုလ်တထောင်မြို့နယ်။

ထုတ်ဝေသူ – ဦးဝင်းသူရလွင်
အိဒ်မက်အသစ်စာပေ
၃၈၊(၃)လွှာ၊ ၁၅၃လမ်း၊
တာမွေမြို့နယ်

ဖြန့်ချီရေး – ဦးသက်မော်ဦး
ရွှေသစ္စာစာပေ

ဖုန်း – ၀၉ ၅၃၆၀၇၃၆
၀၉ ၃၁၀၃၉၈၈၅



ကျေးဇူးတင်လွှာ

ဤစာအုပ်၏ မျက်နှာဖုံးဒီဇိုင်းကို ခံစားဖန်တီးပေးသော ကဗျာဆရာ ဆရာနွယ်ဦးလှိုင်နှင့် ပန်းချီကားကို မျက်နှာဖုံးတွင် ထည့်သွင်းအသုံးပြုခွင့်ပေးသော ပန်းချီဆရာ ဆရာမင်းဝေအောင်တို့အား အထူးကျေးဇူးတင်လျက်ရှိပါသည်။

လေးစားခင်မင်လျက်

မောင်လှမျိုး(ချင်းချောင်းခြံ)


www.burmeseclassic.com

www.burmeseclassic.com

အသည်းကွဲတယ်ဆိုတာ၊

ဘဝခရီးရှည်ကြီးတစ်ခုလုံးနဲ့ နှိုင်းစာလိုက်ရင်၊

အဲဒီ ခရီးလမ်းကြီးရဲ့၊ ဘူတာ တစ်ခုရဲ့ နာမည်ပါ”

www.burmeseclassic.com

www.burmeseclassic.com

"ဘဝ အမှန် သိချင်ရင်
အဖြစ် အမှန်ကို သိရတယ်။
အဖြစ်အမှန်ကို၊ သိချင်ရင်
ပညာဉာဏ် ရှိရတယ်၊
ပညာဉာဏ်ရှိချင်ရင်၊ ပညာသင်ရတယ်ကွဲ့။"



www.burmeseclassic.com

www.burmeseclassic.com

"မင်းက၊ ကျွန်ုလားထိုင် မက်တာကိုးကွ။
မှတ်ထား၊ အကြည်ညိုခံချင်ရင်၊
နေရာမမက်ရဘူး၊ အနေတတ်ဖို့ပဲ လိုတယ်"

www.burmeseclassic.com

www.burmeseclassic.com

(က)

ကျွန်တော် အသက် (၁၉)နှစ်အရွယ်လောက်က၊ ကိုရင်ဝတ်ဖြစ်ပါသေးသည်။ (ကြီးကြီးကျယ်ကျယ် ပြောပြရမည်ဆိုလျှင်၊ သာသနာ့ဘောင်ကို၊ 'အပြီးဝင်မယ်' ဟူသော၊ စိတ်ကူးဖြင့်၊ ဝတ်ခဲ့မိခြင်းဖြစ်သည်)။

သာသနာအတွက်၊ ဝမ်းသာစရာဖြစ်ပါသည်။ (ကျွန်တော့်လို၊ ဗရုတ်သုတ်ခ,တစ်ယောက်၊ သာသနာတွင်းသို့၊ အပြီးမဝင်ရောက်ဖြစ်ခြင်းသည်၊ သာသနာသန့်ရှင်းတည်တံ့နိုင်မြဲရေးတွေဘာတွေ၊ လုပ်ဖို့ မဂ္ဂိတော့ခြင်းပင်ဖြစ်၏)။

♥

www.burmeseclassic.com

www.burmeseclassic.com



အဲသက်(၁၄)နှစ်လောက်က၊ မိဘက ရှင်ပြုပေးသဖြင့်၊ သာမဏေပြုရသည်။ (ကိုရင်ဝတ်ရသည်)။

အဲဒီ (၁၉)နှစ်သားမှာ၊ ဝတ်ရတ်ာက,တော့၊ ရာဂမီး တောက်လောင်နေရသောကြောင့်၊ ဖြစ်၏။ ရာဂမီး . . ဟု၊ တမင် မြင်သာထင်ရှားအောင်၊ သုံးနှုန်းပြခြင်းဖြစ်သည်။ လူတွေ ပြောပြော နေကြသည့်၊ အချစ်မီး . . . အချစ်မီး . . ဆိုသည်မှာ၊ ရာဂမီးကို၊ ခေါ် ဆိုနေကြခြင်းဖြစ်၏။

ပြီးစလွယ်ပြောပြရလျှင်၊ အသက်(၁၉)နှစ်လောက်မှာ၊ ကျွန်တော် အသည်းတွဲတယ်ပေါ့ဗျာ။

ခံစားဖူးသူတိုင်း၊ သိရှိစာနာတတ်ကြပေလိမ့်မည်။ အသည်းကွဲရောဂါသည်၊ ငယ်ရွယ်သူတိုင်းအဖို့၊ ကုရာနတ္ထိ၊ ဆေးမရှိသော၊ ရောဂါအမျိုးအစားဖြစ်၏။

အရက်သောက်တော့လည်း၊ မူးတုန်း ခဏ။

မူးလေ. . ပိုသတိရလေ . . .၊ မှိုခံစားရလေ။ ပို၍ ပို၍ ပေါက်ကွဲရလေလေ။

တခြား မူးယစ်ဆေးဝါးသုံးစွဲမိပြန်တော့၊ စိတ်က . . ပိုပျော့ . . ပိုငြိမ် . . ပိုတွေး . . ပို၍ ပို၍ ခံစား။ ဆေးခြောက်



ပေါက်ပြီး၊ ဂစ်တာတီး သီချင်းအော်ဆိုရင်း ၊ ငိုများတောင် ငိုမိပါသေးရဲ့။

အဲဒီလိုနဲ့၊ ဗုဒ္ဓဘာသာဝင် ပီပီ၊ သောက, ပရိဒေဝကို၊ ဉာဏ်မီသလောက်၊ ကုမရသည့် အဆုံး၊သူ့ဘာသာ၊ သာသနာ့ အရိပ်မှာ အေးအေးလူလူ, နေထိုင်ကျင့်သုံးနေကြသည့်၊ သံဃာတော်အရှင်သူမြတ်တို့ရှိရာ၊ ဘုန်းကြီးကျောင်းသို့၊ အသည်း ကွဲရောဂါသည် လူမမာအဖြစ်၊ ရောက်ရှိသွားတယ်၊ ဆိုပါတော့။

ကျွန်တော် ကိုရင်ဝတ်ပါရစေ . . ဟု၊ မိဘ,ကို အရင် ပြောသည်။ "ဘုန်းကြီးတွေ ကိုရင်တွေ . . သူ့ဘာသာ အေးအေး ဆေးဆေး နေကြပါစေကွာ။ မင်း သွားမနှောင့်ယှက်ပါနဲ့"ဟု၊ အဖေ၊ ထောပနာပြုသည်။

အမေက . . .

"လှမျိုးအောင်ရယ်၊ စိတ်ရှုးပေါက်တိုင်း၊
လျှောက်ပြောမနေနဲ့"

(အသည်းကွဲဝေဒနာကြောင့်၊ ခံစားရသက်သာအောင်၊ သာမဏေဘဝ,ကို၊ ခံယူချင်တာပါဟု၊ ကျွန်တော်ဖွင့်မပြော)။

နွေရာသီကျောင်းပိတ်ရက်၊ သာမန် ကိုရင်ဝတ်ချင်သလို

www.burmeseclassic.com

www.burmeseclassic.com



နိုးသာ၊ ကျွန်တော်ပြောမိ၏။

"သား၊ အပြီးဝတ်မှာ၊ အမေ။ လူဘောင်က၊ ပူလွန်းတယ်။ အဲဒါကြောင့်, မေမေတို့ ခွင့်ပြုချက် တောင်းနေတာ"

"နင် . . စာတိုရှ မလုပ်တော့ဘူး ပေါ့"

(ကဗျာဆရာ ... စာရေးဆရာ မလုပ်တော့ဘူးလား . . ဟု၊ အမေ မေးခြင်းဖြစ်၏)။

"ရဟန်းဘဝနဲ့ ရေးမှာပေါ့"

အမေက၊ နှုတ်ခမ်းမဲ့ကာ၊ အားပေးစကားဆို၏။

"တော်ပါတော့တယ်။ တော်ကြာ. . ၊ နင်လည်း သက်နံးဝတ်ရော။ အဲဒီ ကျောင်းက၊ ကိုယ်တော်တွေအကုန်လုံး၊ ဗုဒ္ဓ သာသန စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ပြီး၊ လူထွက်ကုန်ပါဦးမယ်"

အမေ့ အားပေးစကားကြောင့်၊ ကျွန်တော် တဟားဟား ရယ်မိပါသေးသည်။ (ရယ်မောနေမိစဉ်မှာပင်လျှင်၊ ကွေကွင်းသွား သူ ချစ်သူကို၊ သတိရလိုက်ပါသေး၏)။

♥



ဤသို့ဖြင့်၊ အိမ်ကို အသိမပေးဘဲ၊ ကျွန်တော်ကိုရင်ဝတ်ခဲ့ခြင်းဖြစ်သည်။

သူငယ်ချင်း ဇော်ဦးသန်းက၊ ကျွန်တော်ထက်၊ အသက် နှစ်နှစ်ခန့်ကြီးသဖြင့်၊ ပဥ္စင်းတက်သည်။

နောက်ထပ် သူငယ်ချင်း အောင်ဖူးက၊ ကျွန်တော်နဲ့ ရွယ်တူ၊ အသက်(၁၉)နှစ်မို့၊ ပဥ္စင်းတက်၍ မရ။

ကျွန်တော့်လို၊ ကိုရင်ကြီးသာ၊ ဝတ်ရ၏။ (ဇော်ဦးသန်း တို့ မိသားစု၊ ရဟန်းခံရှင်ပြုအလှူပွဲမှာ၊ ကျွန်တော်နှင့် အောင်ဖူး တို့ရင်ဝင်ဝတ်ကြခြင်းဖြစ်၏)။

♥

ကျွန်တော်နှင့် အောင်ဖူး၊ ဇော်ဦးသန်းတို့၊ ဆံချပြီးနောက်၊ ကျောင်းထိုင်ဆရာတော်က၊ ကျွန်တော်နှင့် အောင်ဖူးကို၊ ကြည့်ပြီး

"သက်နံးအပ်၊ သက်နံးတောင်း၊ ရသလား"

"ရပါတယ် ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"မင်းကရော"

အောင်ဖူးကို မေးခြင်းဖြစ်၏။

"တပည့်တော် မမှတ်မိနေပါတယ်ဘုရား"

"ကဲ . . ဒါဆို မင်းက . . ဦးဆောင်ပြီးဆို"

လက်ထဲမှ သက်န်းကို၊ ကိုင်မြှောက်လျက်၊ ကျွန်တော်ရွတ်ဆိုသည်။

"သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာန သ
သစ္ဆိ ကရဏတ္ထာယ ဣမံ ကာသာဝံ ဂဟေတွာ
ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

အရှင်ဘုရား။ အလုံးစုံသော သံသရာဝဋ်
ဆင်းရဲမှ ထွက်မြောက်သော နိဗ္ဗာန်ကို မျက်မှောက်ပြုပါရခြင်းအကျိုး
ဖိုလ်ဉာဏ်ဖြင့် မျက်မှောက်ပြုပါရခြင်းအကျိုး

ဘုရားတပည့်တော်၏ လက်၌ရှိသော ဤ
သင်္ကန်းကို၊ ယူတော်မူ၍၊ တပည့်တော်ကို၊ သနား
စောင့်ရှောက် ချီးမြှောက်သော အားဖြင့်
ရှင်သာမဏေပြုတော်မူပါဘုရား"

ဆရာတော်က၊ သင်္ကန်းကို လက်ခံယူပြီးနောက်-



"အေး။ ဒါက . . သင်္ကန်းအဝတ်။
သင်္ကန်းတောင်း၊ ထပ်ဆို"

ကိုရင်ကြီး ဝတ်ပြီးလျှင်၊ ပဉ္စင်းတက်ရမည့် ဇော်ဦးသန်းနှင့်
အောင်ဖူးတို့၊ အလှည့်မရကြ။

ကျွန်တော် အလှည့်ရသည်။

"သဗ္ဗ ဒုက္ခ နိဿရဏ နိဗ္ဗာန သ
သစ္ဆိကရဏတ္ထာယ ဧတံ ကာသာဝံ ဒတွာ ပဗ္ဗာဇေထ
မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

အရှင်ဘုရား။ အလုံးစုံသော သံသရာ ဝဋ်
ဆင်းရဲမှ ထွက်မြောက်သော နိဗ္ဗာန်ကို မဂ်ဉာဏ်၊
ဖိုလ်ဉာဏ်ဖြင့်၊ မျက်မှောက်ပြုပါရခြင်း အကျိုးငှာ၊
အရှင်ဘုရား၏ လက်၌ရှိသော၊ ဤသင်္ကန်းကို၊
ပေးတော်မူ၍ တပည့်တော်ကို၊ သနားစောင့်
ရှောက်လျက်၊ ချီးမြှောက်သောအားဖြင့်၊ ရှင်သာမဏေ
ပြုပေးတော်မူပါဘုရား"

သင်္ကန်းရုံပြီးကြသောအခါ၊

"ဘန္တေ၊ သံသာရ ဝဋ္ဋ ဒုက္ခတော၊

www.burmeseclassic.com

www.burmeseclassic.com



မောစနတ္တာယ ပဗ္ဗင့် ယာစာမိ။

ဒုတိယမ္ပိ၊ ဘန္တေ၊ သံသာရ ဝဋ္ဋ ဒုက္ခတော

မောစနတ္တာယ၊ ပဗ္ဗင့် ယာစာမိ။

တတိယမ္ပိ၊ ဘန္တေ၊ သံသာရ ဝဋ္ဋ ဒုက္ခတော

မောစနတ္တာယ၊ ပဗ္ဗင့် ယာစာမိ။

အရှင်ဘုရား သံသရာဝဋ်ဆင်းရဲမှ၊ လွတ်မြောက်ပါရခြင်းအကျိုးငှာ၊ ရှင်သာမဏေ၊ အဖြစ်ကို၊ သုံးကြိမ်တိုင်တိုင်လျှောက်ထားတောင်းခံပါ၏

. . ဘုရား"

ဤသို့ဖြင့်၊ ဆရာတော်မှ၊ ဆယ်ပါးသီလပေးပြီး ကျွန်တော်ရော . . ဖော်ဦးသန်းရော၊ အောင်ဖူးရော၊ ကိုရင်ကြီးတွေ ဖြစ်သွားရလေ၏။ (ဖော်ဦးသန်းက၊ ပဥ္စင်းခံမည်ဖြစ်သောကြောင့်၊ သိမ်ထဲ ရပေဦးမည်)။

♥ ♥ ♥



ဖော်ဦးသန်း၏ ဘွဲ့တော်က ၊ ရှင်စန္ဒိမာ၊ အောင်ဖူး၏ ဘွဲ့တော်က ၊ ရှင်ဥတ္တမ၊ ကျွန်တော့် ဘွဲ့တော်က၊ ရှင်ဝိလာသ။

အသက်(၁၄)နှစ်တုန်းက၊ ရှင်ပြုပြီး၊ ကိုရင်ဝတ်ဖူးခဲ့စဉ်က၊ ပေးထားသော ဘွဲ့အမည်ကိုသာ၊ ဆရာတော်က၊ ပြန်လည်ချီးမြှင့်ခြင်းဖြစ်၏။

♥

ဘိုက်တိုက်ဆိုင်ဆိုင်၊ ထို ကျောင်းတိုက်တွင်၊ ကျွန်တော် ကဲ့သို့ "ရှင်ဝိလာသ" . . ဟူသော၊ ဘွဲ့အမည်ဖြင့်၊ ကိုရင်ငယ် ငယ် လေး တစ်ပါးလည်း၊ ရှိနေလေ၏။ (ကြိုတင် အသိပေးရမည်ဆိုပါက၊ ဤဝတ္ထုဇာတ်လမ်း၏ အဓိက ဇာတ်ကောင်မှာ၊ ထိုကိုရင်လေး "ဝိလာသ"ပင်၊ ဖြစ်၏ . . . . . . )။

♥

www.burmeseclassic.com

www.burmeseclassic.com



(၁)

အိမ်ကို အသိမပေးဘဲ၊ ငွေငါးကျပ်တန်တစ်ရွက်ယူပြီး၊ သူငယ်ချင်း ဖော်ဦးသန်းနှင့် အောင်ဖူးတို့ သက်န်းစည်းကြသည့်နောက်သို့၊ လိုက်ပြီး၊ ကျွန်တော်ပါ ရောရှ်၊ ကိုရင်ဝတ်ခြင်းဖြစ်၏။

" မျက်ဝန်း ဆေးအမှတ်-၁၅၀၀" ၊ ဟူသည့် ၊ ဝတ္ထုဇာတ်လမ်းကို၊ ဘယ်က စပြီး၊ ဘယ်လိုရေးရမည်. . ဟု၊ တွေးနေရင်းမှ ၊ ကိုယ့် အကြောင်းကို ၊ ကိုယ့်ဘာသာ အရင်ရေးပြီး ၊

www.burmeseclassic.com

www.burmeseclassic.com



စ,ချင်စိတ်ဖြစ်သောကြောင့်၊ ယခုကဲ့သို့ ရေးပြနေခြင်းဖြစ်သည် ဤကဲ့သို့ ရေးပြရခြင်းမှာ ရည်ရွယ်ချက်တော့၊ ရှိပါသည်။

အဲဒါ ဘာလဲဆိုတော့၊ ရည်စားပူမိပြီး ၊ ဘုမသိဘမ ကိုရင်ဝတ်ခဲ့မိသောလူငယ်တစ်ယောက်အဖို့၊ သာသနာ့နယ် အတွင်း၊ ပေါက်ကရတွေလုပ်ခဲ့မိ၊ ကျူးလွန်ခဲ့မိသည်ကို၊ (တစ်သ တာအတွက်) ဝန်ခံပြောပြလိုခြင်းလည်း၊ ပါဝင်သကဲ့သို့ ရှင်သာမဏေ အပါအဝင်၊ သာသနာ့ဝန်ထမ်းရှင်ရဟန်းတို့ ကျင့်ဝတ်၊ သိက္ခာတို့၊ မည်မျှ များမြောင်လေသည်ကိုလည် သိရှိလိုက်နာခဲ့ရသည့် အကြောင်း ရှိသေးလေးမြတ်စွာ၊ မှတ်သာ ထားခဲ့ရကြောင်းတွေကိုလည်း၊ အနည်းငယ် ခန့်မှန်း သိမြ စေချင်သော၊ ရည်ရွယ်စိတ်လည်း၊ ရှိနေပြန်သည်။



ထို့အပြင်၊ ထို . . ကိုရင်ဝတ်ခဲ့သော တစ်လနှင့် ဆယ့် ငါးရက်အတွင်း၊ စာချဘုန်းကြီး ဦးဝဏ္ဏသိရိက၊ ကျွန်တော့်ကို၊ ကဗျာ ဖွဲ့နည်း၊ ရေးနည်းတွေကို၊ တစ်ဖက်အခန်းမှနေ၍၊ ညစဉ် နှုတ်ဖြင့် သင်ကြားပေးခဲ့သည်ကိုလည်း၊ ပြောပြချင်ပြန်သေး၏။

♥

www.burmeseclassic.com

www.burmeseclassic.com



အမှန်အတိုင်း၊ ဝန်ခံတောင်းပန်ရမည်ဆိုလျှင်၊ ဝိနည်းစည်းကမ်းကို၊ မလိုက်နာတတ်သေးခင် နေ့ရက်များ အကြောင်းကို၊ ရေးပြမိခဲ့သည်ရှိသော်၊ ကျွန်တော့်၏ ငယ်ဘဝ, မှားယွင်းကာလကိုသာ၊ ဖော်ပြလိုရင်း၊ ဖြစ်ပြီး။ သာသာနာကို ညှိုးနွမ်းစေလိုရင်း မရှိပါကြောင်း၊ အားလုံးကို၊ ဝန်ခံ၊ ဝန်ချ၊ တောင်းပန်လိုပါသည်။

စာဖတ်သူတို့၊ ရယ်ပွဲဖွဲ့စရာ လေးများဟုသာ၊ မှတ်ယူခံစားဖတ်ရှုပြီး၊ မလျော်ကန်သည့် ကိစ္စတိုင်းအတွက်၊ ခွင့်လွှတ်ပေးကြပါရန်၊ အထပ်ထပ်ပန်ကြားချင်ပါသည်။



(ဘာကြောင့်လဲဆိုတော့၊ ကိုရင်ဝတ်နဲ့ အဦးအစ
နေ့ရက် များအတွင်း၊ ကျွန်တော်ပေါက်ကရတွေ၊ လုပ်ခဲ့မိလို့ပေါ့)။

♥

"တေဇနီ"

"ဘာလဲကွ"

"တေဇနီ"ဆိုသူမှာ၊ ထိုကျောင်းတိုက်၏၊ ကိုရင်ကြီးဖြစ်၏။

"အရှင်ဘုရားတို့၊ ကိုရင်စ,ဝတ်တုန်းက၊ ညဘက်ဗိုက်မဆာဘူးလား"

"ဆာတာပေါ့ကွ"

"ဆာတော့ ဘယ်လို၊ နေသလဲ။ ဟို . . . မဆာအောင်၊ ဘာလုပ်ရသလဲ မေးတာပါ"

"မင်းက ဘာလို့ မေးတာလဲ"

www.burmeseclassic.com



"တပည့်တော် ဗိုက်ဆာလို့ မေးတာပါ"

"ဆာရင် စားလိုက်ပေါ့ကွ"

"ညစာ၊ မစားရဘူးဆို"

"ဆာရက်သားနဲ့ ကျိတ်ခံနေရင်၊ ပိုပြီး ငရဲကြီးတယ်ကွ"

"ဟုတ်လား"

"အေး"

"တပည့်တော်၊ အအေး ဘုန်းပေးတာလည်း မရဘူး။ ဆာနေတုန်းပဲ"

"ဟေ့ကောင် ဝိလာသ"

"ဘုရား"

" မင်း . . ၊ စကားတွေ ဝေ့မနေနဲ့။ မင်း . . . တစ်ခုခုစားချင်နေတာ၊ မဟုတ်လား"

"မှန်ပါ ဘုရား"

"သိမ်ဆင်း လော်င်းတုန်းက၊ ဝတ္ထုငွေတွေ မင်းမှာရှိကယ်မဟုတ်လား"

"ရှိတယ်"



"ရှိရင်ပေး။ ငါ . . ဆီချက်ခေါက်ဆွဲ သွားဝယ်ပေးမယ်"

"ည ရှစ်နာရီထိုးပြီးရင်၊ ကျောင်းအပြင်ကို၊ ဘယ်သူမှ မထွက်ရဘူးဆို။ အခု၊ ကိုးနာရီထိုးနေပြီ။ ကိုရင်က၊ ဘယ်လိုလုပ်၊ အပြင်ထွက်မှာလဲ"

"ခိုး ထွက်မှာပေါ့ကွ။ မင်းရော ဥက္ကဋ္ဌရော၊ လိုက်ခဲ့။ မင်းတို့ သူငယ်ချင်း ဦးဇင်း ဦးစန္ဒိမာ မသိစေနဲ့"

"သူလည်း၊ ဆာနေမှာပဲ"

"ဒါဆို၊ သူ့အတွက်ပါ၊ တစ်ထုပ်ပိုဝယ်လိုက်မယ်"

"တပည့်တော်တို့ ငရဲကြီးမှာလား ဘုရား"

"ငရဲကြီးမှာကြောက်ရင်၊ မစားနဲ့ကွာ"

"ဆာတယ် . . ဘုရား"

ရှင်ဥက္ကဋ္ဌ ခေါ် အောင်ဖူးက . .

"ပြောတော့၊ တစ်သက်လုံး ဝတ်မှာလေး ဘာလေးနဲ့။ တစ်သက်လုံး ဝတ်မယ့် ကောင်က၊

www.burmeseclassic.com

www.burmeseclassic.com



တစ်နပ်တောင်၊ အငတ်မခံနိုင်ဘူး"

"မင်းရော မဆာဘူးလား"

"ငါက . . နည်းနည်းပဲဆာတာ"

"မင်းနေနိုင်ရင်၊ မင်းမစားနဲ့ပေါ့ကွ"

"မစားဘူး။ ဒါပေမဲ့ . . မင်း စားရင်တော့၊ ငါ့ ဘုန်းကြီးနဲ့ တိုင်ရလိမ့်မယ်"

"ဟော့ကောင်၊ အောင်ဖူး"

"ဟော့ကောင်၊ ဝိလာသ။ ငါ့နာမည် ဥက္ကဋ္ဌ ကွ။ လူနာမည် မခေါ်နဲ့"

"အေး . . ။ ဥက္ကဋ္ဌ။ မင်းတိုင်ပြီဆိုတာနဲ့၊ မင်း သရဲကြောက်တတ်တဲ့ အကြောင်းကို၊ ငါ . . အကုန်လုံးကို လိုက်ပြောမယ်"

"မင်း . . ၊ အကျင့်မယုတ်နဲ့နော် ဝိလာသ"

"ကဲ ကဲ။ မင်းတို့ . . နှစ်ပါးစလုံး၊ စားမှာလား၊ မစားဘူးလား။ မြန်မြန်ပြော။

ဆယ်နာရီလေခက် ဆို၊ ဘုန်းကြီးက ROUND လှည့်တာ၊ ဘုန်းကြီး မလှည့်ခင်၊



သွားရမှာကွ"

တေဇနဲ့ စကားကြောင့်၊ ကျွန်တော်တို့ နှစ်ပါးစလုံး၊ ငြိမ်သက်သွားကြရ၏။ ပြီးနောက် . . အားလုံးသဘောတူ၊ ကျောင်း အပြင်သို့ ခိုးထွက်ကြသည်။

♥

"ဒုန်း . . ဒုန်း . . ဒုန်း"

"ဗျို့ . . ဒကာကြီး။ ဒကာကြီး"

" ဘယ်သူတုန်း"

"ဒကာကြီး ၊ ကိုရင်ပါ။ တေဇပါ"

"ဩော်၊ ကိုရင်။ ဘာဖြစ်လို့တုန်း။ ည ကြီးမင်းကြီး"

"ဆီချက် ခေါက်ဆွဲ လေးပွဲလောက် ပေးစမ်း ပါ။ ဒီမှာ . . ကိုရင်အသစ်တွေ ဗိုက်ဆာလို့"

"အာ . . ။ ဆီချက်မရှိတော့ဘူး။ ဆီချက် မရှိရင်၊ လုပ်လို့မရတော့ဘူးလေ ကိုရင်ရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဆီချက်မရှိရင်၊ ဆီစိမ်းနဲ့ သုပ်ပေးဗျာ။ မြန်မြန်လုပ်"

"ဒုက္ခပါပဲ။ ကိုရင်တို့တော့၊ ဘုန်းကြီးသိရင်၊ အရိုက်ခံကြရဦးမယ်"

"ဒကာကြီးပြန်မပြောရင်၊ ဘုန်းကြီးမသိပါဘူးဗျာ" . . ဟု၊ တေ၀န ပြန်ပြောလေ၏။

ထိုညအပါအဝင်၊ သုံးညတိတိ၊ ကျွန်တော်တို့၊ ညစာ ခိုးစားဖြစ်ခဲ့ကြ၏။ (ထို ခိုးစားသော ညစာမှာ၊ ဆီစိမ်းနှင့် ပဲငံပြာ ရည် ထည့်သုပ်သော၊ ဆီစိမ်းခေါက်ဆွဲသုပ်များဖြစ်လေ၏)။

♥



ဘုရားဝတ်တက်ချိန်၊ ကမ္မဋ္ဌာန်းထိုင်ချိန်တို့၌၊ ဆရာတော် ကြီး၏ ဩဝါဒများထဲတွင်၊ ဝိနည်းစည်းကမ်းနှင့်မညီပါက၊ ဘာဝတ် ဘုရားထား လူ ပုထုဇဉ်သာ ဖြစ်ကြောင်း၊ ထည့်ထည့်ပြောသဖြင့်၊ ကျွန်တော်တို့ ညစာခိုးမစားဖြစ်တော့ချေ။

"ဘုန်းကြီးကငါတို့ ခိုးစားတာ၊ သိနေသလိုပဲနော်" . . ဟု၊ ရှင်ဥတ္တမ(ခေါ်)အောင်ဖူးကို၊ ကျွန်တော်ပြောဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့ ကိုရင်တွေအကြောင်း၊ သူ သိလို့ ပြောတာနေ
ပေါ့" . . ဟု၊ တေဇနကို၊ ကြည့်ရင်းပြော၏။ တေဇနက ရယ်
လေသည်။

♥♥♥



(ဂ)

"အဆောင်သူ . . . အဆောင်သူ . .
အဆောင်သူ၊ အလွမ်းပြေ . .။ အဆောင်သူ

www.burmeseclassic.com

www.burmeseclassic.com



အလွမ်းပြေ ရောက်လာတယ်"

ကိုရင် "ရွှဲကြီး"၏ အသံ။ (ရယ်လိုက်လျှင် ပါးစပ်က နားတစ်ဖက်သို့ ၊ တက်ချိတ်မတတ်၊ ပါးစပ်ရွဲ့သွားလေ့ရှိသဖြင့် သူ့ကို၊ ရွှဲကြီး . . ဟု ၊ခေါ်ကြ၏)။ ရွှဲကြီးက,လည်း ဤကျောင်း၏ ဌာနေ ကိုရင်မဟုတ်။ ကျွန်တော်တို့လို၊ နွေကျောင်းပိတ်ရက် ဝတ်သော၊ ကိုရင်။ သူက,လည်း ပြဿနာနှင့် သက်နီးစည်းသူဖြစ်၏။

ရပ်ကွက်ထဲ ရန်ဖြစ်ရင်း၊ ရန်ဖြစ်သူ၏ ဦးခေါင်းကို၊အုတ်ခဲဖြင့် မထုရက်သဖြင့်၊ အုန်းသီးဖြင့် ထုလိုက်လေသည်။ ဟိုရောက် ဒီရောက်ရောက်လုဆဲဆဲ၊ ဆရာတော်က ရိုက်နှက်ဆုံးမပြီး၊ ခေါ် ထိန်းသိမ်းထားခြင်းခံရသူ။

"အဆောင်သူ၊ အဆောင်သူ . . ."

ကျောင်းဝင်း၏ ဝင်းနံရံအပြင်ဘက်သို့၊ ဟိုချောင်း ဒီချောင်းဖြင့်၊ သီချင်းအော်ဆိုနေသူ၊ ရွှဲကြီးအား၊ တေဇနှင့် ဦးဇင်း- စန္ဒိမာက-

"ဟေ့ကောင် ရွှဲကြီး။ ဘုန်းကြီးကြာ သွားမယ်နော်"



"အဆောင်သူက၊ ဘယ်မှာလဲ"

"ဟိုမှာလေ . .။ အမျှားကြီးပဲ"

ရွှဲကြီး ညွှန်ပြရာသို့၊ ကျွန်တော်တို့အားလုံး၊ ခြေဖျား ထောက်လျှက်ကြည့်မိ၏။

အနီးရှိ၊ သီလရှင်ကျောင်းမှ၊ သီလ,ရှင်ဆရာလေးများ။ ရေချိုးဆင်းချိန်ကို၊ ရွှဲကြီး လှမ်းနောက်ခြင်းဖြစ်သည်။

"ရွှဲကြီး၊ မင်း . . ငရဲကြီးမယ်နော်"

"ငါ. . ဘာပြောလို့လဲ"

"မင်း, ဘာဖြစ်လို့၊ ဆရာလေးတွေကို အဆောင်သူ . . အဆောင်သူ . . လို့ လှမ်းအော် နေတာလဲ"

"ဟေ့ကောင်၊ ဝိလာသ။ မင်း. . သေသေ ချာချာကြည့်။ အဲဒါ သီလရှင်တွေနေတဲ့ အဆောင် ကွ။ အဆောင်မှာနေလို့ အဆောင်သူ. . လို့၊ ခေါ်တာ၊ ဘာဖြစ်လဲ။ ငရဲကြီးစရာလား"

ကျွန်တော် ဘာမျှ ပြန်မပြောခင်၊ ရှင်ဥက္ကဋ္ဌ(ခ)ဆောင်ဖူး

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ကိုရင်နှာဘူးပဲ"

"ငါက. . ခုနက၊ ဆရာလေးတွေထဲမှာတောင်း မင်းလိုဖြူဖပ် ဖြူရော်တစ်ပါးတွေ့လိုက်သေးတယ်။

မင်း . . . ကိုရင်မဝတ်ဘဲ၊ သီလရှင် ဝတ်ပါလား။

မင်းနဲ့၊ သီလရှင်အဝတ်နဲ့ လိုက်တယ်။ ဟဲဟဲ"

ရွှဲကြီး၏ နားရွက်ကို၊ အောင်ဖူး လိမ်ဆွဲလေ၏။

♥

ကျောင်းထိုင်ဆရာတော် လစ်တဲ့အချိန်၊ မျက်ကွယ်အချိန်တွင်သာ၊ ပေါက်ကရလုပ်ကြခြင်းဖြစ်သည်။ ဘုရားဝတ်တက်ချိန်တွင်မူ၊ သေသေချာချာ ဂရုတစိုက်၊ ရိုသေလေးစားစွာ၊ နာယူကျင့်သုံးကြသည်။

ထိုအထဲတွင်၊ ခိုးကျူးစရာ အကောင်းဆုံးမှာ၊ ကိုရင်ရွှဲကြီးဖြစ်၏။

"အာရုံတွေများနေရင်၊ စိတ်က များနေမှာ ပဲ။



စိတ်များနေရင်၊ စိတ်က လှုပ်နေမှာပဲ။

စိတ်လှုပ်ရင်၊ ကိုယ်လည်း လှုပ်နေ ယိမ်းနေမှာပဲ။

အဲဒီတော့ -စိတ်ကို မြင်အောင်ကြည့်။ ခန္ဓာရဲ့ အာရုံပြုရာ အရပ်မှာ စိတ်ရှိတယ်။ အဲဒီစိတ်ကို၊ မြင်အောင်ကြည့်။ ငြိမ်အောင်ထား။ တည်အောင်နေ။ ခိုင်အောင်လုပ်။

ကိုယ့်စိတ်ကို. . ကိုယ်၊ မြင်ပြီ၊ ငြိမ်ပြီ၊ တည်ပြီ၊ ခိုင်ပြီဆိုရင်၊ သူတစ်ပါး စိတ်ကို သိဖို့ဆိုတာ၊ မခဲယဉ်းတော့ဘူး။

ကိုယ့်စိတ် ခိုင်ခိုင်မာမာနဲ့၊ သူတစ်ပါး စိတ်ကို၊ မြင် . . သိပြီဆိုရင်၊ ကိုယ့်စိတ်နဲ့၊ သူတစ်ပါးကို ညွှန်လို့ရတယ်။

သေသေချာချာ. . လုပ်။ ဒါ . . သမထဘာဝနာခေါ်တယ်။ သမထ မပွါးဘဲ၊ သမာဓိ မတည်ဘူး။ သမာဓိ အားကြီးမှ၊ ဝိပဿနာ ရှုနိုင်မယ်. . "

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်က၊ ကမ္မဋ္ဌာန်းပေးပြီးတိုင်း၊ ဘုရားခန်းမှ၊ ကြွသွားစမြဲ။ (ကြေးစည်သံကြားမှ၊ ကမ္မဋ္ဌာန်း ရပ်ရသည်။ ထိုအခါကျမှ၊ ရှေ့တွင် ထိုင်နေကြသော၊ ဦးဇင်းများက၊ ဦးဆောင်အမျှဝေကြ၏။ ကြေးစည်တီးသူမှာ၊ တေဇနဲ)၊

တခြားအချိန်၊ အများနည်းတူ၊ ဘုရားဝတ်ပြုနိုင်ပါသော်လည်း၊ ကျွန်တော့်မှာ၊ ကမ္မဋ္ဌာန်း ထိုင်ချိန်၌ ဂနာမငြိမ်။ ဟိုက ယားသလိုလို၊ ဒီက ရွသလိုလို၊ ဟိုက နာသလိုလို ဒီက ကိုက်သလိုလိုဖြင့်၊ ကြေးစည်သံကိုသာ၊ နားစွင့်နေမိသည်။ (ကမ္မဋ္ဌာန်းထိုင်နေချိန် တစ်ချိန်လုံး၊ ကိုရင်လူထွက်ချင်စိတ်ပင်၊ ဖြစ်ရ၏။ ပင်ပန်းလွန်းသော အလုပ်ဟု တွေးမိသည်)။

ရွှဲကြီးက,တော့၊ ကျွန်တော့်လိုမဟုတ်။ တခြား အချိန်တွေ ပေါက်ကရ လုပ်ချင်လုပ်မည်။ ကမ္မဋ္ဌာန်းထိုင်နေချိန်မှာတော့၊ တုတ်တုတ်မျှ မလှုပ်။

မျက်လွှာချ၊ မျက်လုံးစင်းပြီး၊ လက်ဖဝါးနှစ်ဘက်ကို၊ ယှက်တင်လျက်၊ ဣန္ဒြေကြီးလွန်းလှသည်။ အချိန်ပြည့်၍၊ ကြေးစည်သံကြားလျှင်ပင်၊ သူတစ်ပါးလို၊ ကမူးရှူးထိုး၊ ကမ္မဋ္ဌာန်းမဖြုတ်။ ဖြည်းညင်းစွာ၊ ဣရိယာပုတ်ပြောင်း၏။ ငြိမ်သက်စွာ အမျှဝေ၏။



ဘုရားခန်းမှ၊ စိတ်ပန်းထွက်ခွာလျှင်လည်း၊ ခြေလှမ်းတို့သည်၊ တည်ငြိမ်ဖြည်းနှေးလှလေ၏။

တစ်သက်လုံး၊ သက်န်းဝတ်ချင်သူ ကျွန်တော့်အဖို့၊ ရွှဲကြီးလောက်တော့၊ တည်ငြိမ်သင့်ပေသည်။

♥

"ရွှဲ့ကြီး"

(ရွှဲ့ကြီး၏ သာမဏေဘွဲ့အမည်ကို၊ မမှတ်မိသဖြင့်၊ ထိုကဲ့သို့ ခေါ်ဝေါ်ရခြင်းဖြစ်သည်)။

အောင်ဆန်းမြို့က၊ လာဝတ်သော ကိုရင်ကို၊ အောင်ဆန်း။

တရုတ်လူမျိုးနှင့်တူသော ကိုရင်ကို၊ တရုတ်ကြီး။

ဝါဒီစွလား . . . ဘာလား၊ ဘွဲ့အမည်ရှိသော၊ ဦးပဇင်းကိုလည်း၊ ဦးဇင်းဝါကြီး. . ဟု၊ ကျွန်တော်တို့ ခေါ်ဝေါ်မိခဲ့ကြ၏။

" ငါ တရားထိုင်တာ မင်းလို၊ မငြိမ်ဘူး။ အဲဒီလို၊ ငြိမ်အောင်၊ မင်း ဘယ်လို၊ နှလုံးသွင်းတာလဲ။ ငါ့ကို ပြောပြစမ်းပါ"

"နှလုံးသွင်းဖို့ မလိုပါဘူးကွာ။ အခုက ကာ၊ အာရုံငြိမ်ဖို့ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အေး၊ ဟုတ်တယ်နော်။ အဲလို အာရုံငြိမ်ဖို့ ဘယ်လို လုပ်တာလဲ။ ငါ့ကို ပြောပြစမ်းပါ"

"မနက်ဖြန် ညနေကျမှ ပြောပြမယ်ကွာ။ မင်း . . ငါ့အနားမှာ၊ လာထိုင်။

ဒါ . . အနီးကပ်၊ ပြောပြမှ၊ အဆင်ပြေမယ့်ကိစ္စကွ"

"အေး အေး၊ ပြီးရော။ ငါက . . တစ်သက်လုံး၊ ဝတ်မှာကွ။ အဲဒါကြောင့်၊ သေသေချာချာ၊ လုပ်တတ်ချင်တာ"

"ဝိလာသ။ မင်း အပိုမပြောနဲ့။တစ်သက်လုံး၊ ဘုန်းကြီးဖြစ်ဖို့ဆိုတာ လွယ်တာမဟုတ်ဘူးကွ။

ငါတောင်၊ ထွက်ချင်လှပြီ။ အပြင်မှာနေရင်၊ ရန်ဖြစ်ဖြစ်နေလို့၊ဘုန်းကြီးတွာ့၊ငါ့ကို သင်္ကန်း စည်းပေးထားတာ"

"ရဲဖမ်းမှာစိုးလို့၊ လာပုန်းနေတာပေါ့။ ဟုတ်လား"

"ရဲက၊ ငါ ကောင်းကောင်းမွန်မွန် နေရင်



မဖမ်းဘူးဆိုလို့၊ နေနေတာကွ။

မင်းလို . . ၊ မယားတရှူးပြီ၊ လာဝတ်တာ မဟုတ်ဘူး"

"ရှုံးကြီး။ ငါ ချစ်သူနဲ့ကွေကွင်းခဲ့ရတာပါကွာ။ မယားတ ရှူတာ မဟုတ်ပါဘူး။ မင်းက, လည်း"

"ဘယ်လို ကွေကွင်းခဲ့တာလဲ။ ပြောပြ"

" ဆယ်တန်းဖြေပြီးပြီးချင်း၊ ခိုးပြေးမလို့။

မခိုးဖြစ်တော့ဘူးလို့၊ သူ့အစ်မကို၊ သွားပြောရင်း . . ၊ စာမေးပွဲချိန်လည်း၊ မမီ၊ သူလည်း မခိုးဖြစ်။

နောက်ပြီး . . ၊ စာမေးပွဲပြီးပြီးချင်း၊ သူ့ကို၊ နယ်ပို့လိုက်ပြီ . . တဲ့။ဘယ်ပို့လိုက်မှန်းလည်း၊ မသိဘူး။

"အဲဒါကြောင့်၊ ငါ . . မူးရူးနေရင်၊ ဘဝပျက်သွားမှာစိုးလို့၊ ကိုရင်လာဝတ်တာ"

"မင်းတို့လို ကောင်တွေကြောင့်၊ သာသနာ့နယ်မြေက၊ ဒုက္ခသည် ကယ်တင်ရေးစခန်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တော့မယ်"

ရှင်ဥတ္တမ(ခ) အောင်ဖူး၏ ပဏ္ဍာ စကား။

♥♥♥



(ဃ)

"ဤသည့် စားဖွယ် အမယ်မယ်ကို မြူးရယ်မာန်ကြွ သုပရေဆင်း၊ ပြည့်ဖြိုးခြင်းငှာ၊ မသုံးပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



လေးဖြာခေတ်ဆောင် ဤကိုယ်ကောင်သည် ၊ ရှည်အောင်

တည်လျက်၊ အသက်မျှတမ်း၊ မမောပန်းငြား၊ ဘုရားသာသနာ

ကျင့်နှစ်ဖြာကို၊ ကျင့်ပါနိုင်စေ၊ ဝေဒနာဖောက်ပြန်ဘောင်းသစ်၊ မဖြစ်စေရာ

ယာပိုက်မျှ လှစ်၊ ခပ်သိမ်းပြစ်ကို၊ မဖြစ်လေအောင်၊

ချမ်းမြေ့အောင်ဟု၊ သုံးဆောင်မှီဝဲပါသတည်း" . . ဟု ၊

ရွတ်ဆိုပြီးမှ၊ ကျွန်တော်တို့ ဆွမ်းစားကြရသည်။

ယင်းသို့ ရွတ်ဆို၊ စားသုံးကြရပါသော်လည်း၊ ကျွန်တော်

အဖို့၊ ပြည့်ဝ၊ စွာ မဆင်ခြင်တတ်သေး။

ဆွမ်းကို၊ မဆင်ခြင်တတ်သေးသည့်အပြင်၊ ဆွမ်းဘုန်းပေး

ပြီးသည့်နောက်၊ အချိုပွဲစားသည့်အချိန်မှာလည်း၊ ပို၍ပင်၊ အဆင်

ခြင်မဲ့ခဲ့ရသည်။

အဘယ်ကြောင့်ဆိုသော်၊ ကျွန်တော့်ဆွမ်းဝိုင်းရှိ၊ ကိုရင်

များသည်၊ အချိုပွဲတည်လျှင် တည်ချင်း၊ ကောင်းပေ့ ညွှန်းရေ

ဆိုသည့်၊ အစားအစာ မုန့်များကို၊ ဆိုးခနဲ ဆတ်ခနဲ ဖြိုးခနဲ ဖျတ်

ခနဲ၊ လက်မြန်ခြေမြန်ဖြင့်၊ အလုအယက်၊ ယူစားကြ၏။ ငါးရာ

လောက်တော့၊ ကျွန်တော် ငြိမ်ကြည့်နေလိုက်သည်။



နွေ ကျောင်းပိတ်ရက်ဖြစ်သဖြင့်၊ ကိုရင်တွေ များပြား လျက်ရှိသည်။ ကိုရင် ဆွမ်းဝိုင်းချည်းပင်၊ စားပွဲလေးဝိုင်း။ ထို ကိုရင် ဆွမ်းဝိုင်းများ၏ ခေါင်းရင်းဘက်တွင်၊ ဦးပဇင်းဝိုင်း။

ဦးပဇင်းဝိုင်း၏ ခေါင်းရင်းဘက် ဘုရားကျောင်းဆောင် ရှေ့တွင်၊ ကျောင်းထိုင် ဆရာတော်ကြီး ဦးအာစယျ၏ ဆွမ်းဝိုင်း။ ဆရာတော်၏ နံဘေး တွင်၊ စာချဆရာတော် . . ဦးဝဏ္ဏသီရိနှင့် အခြားဆရာတော် တစ်ပါး၏ ဆွမ်းဝိုင်း။

ယနေ့အဖို့တော့၊ ကျောင်းထိုင်ဆရာတော်နှင့် ကွယ်ကာမိသော၊ နေရာတွင်၊ ကျွန်တော်ထိုင်ပြီး၊ ဆွမ်းဘုန်းပေး၏။ ဆွမ်းစားရင်းမှ၊ အချိုပွဲချချိန်အတွက်၊ ကျွန်တော် ပြင်ဆင်ထားမိသည်။

အချိုပွဲ ချလျှင် ချချင်း၊ အကောင်းစား မုန့်အားလုံးကို၊ ကျွန်တော့် သက်န်းပေါ်သို့၊ ကျွန်တော်ဝေါခနဲ သွန်ချပစ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်

ဘာလုပ်တာလဲ"

တရုတ်. . ဟု ၊ခေါ်သော ၊ ကိုရှင်က၊

လှမ်းမေး၏။

တခြား ကိုရင်များက ၊

ဝိုင်းကြည့်နေကြသည်။

"မင်းတို့ဘယ်က ကောင်တွေ ဖြစ်ဖြစ် ၊ ငါ

ဂရုမစိုက်ဘူး။ ငါ ကြည့်မြင်တိုင်က ကောင်ပဲ။

အချိုပွဲထဲက၊ အကောင်းဆုံးမုန့် သမျှ

မင်းတို့ လက်မြန်ခြေမြန်နဲ့ အလုအယက်၊ ယူကြ

တယ်၊ စားပွဲပေါ်မှာ၊ ထန်းလျက်ခဲပဲ၊ ကျန်တယ်။

ငါကြည့်နေတာ၊ ငါးရက်ရှိပြီ။ ဒီနေ့တော့

မရတော့ဘူး။

ငါ့ သက်န်းထဲမှာ ရှိတဲ့ဟာ၊ အားလုံး၊ ငါ

ညီညီမျှမျှ ဝေပေးမယ်။



မကျေနပ်တဲ့ ကောင်၊ ဘုန်းကြီးကို၊ လှမ်းတိုင်လိုက်

လို့ရတယ်။ တိုင်လို့၊ ငါ. . ကျိုင်တက်ပြီ ဆိုတာနဲ့၊

တိုင်တဲ့ ကောင်ကို၊ ငါ သမမှာ။

ဘယ်ကောင်မှ၊ ဂရုမစိုက်ဘူး။ မကျေနပ်တဲ့

ကောင်ရှိလား"

"မင်း . . မျှမျှတတ,ဝေရင်၊ ကျေနပ်တယ်"

အောင်ဆန်းဟုခေါ်သော၊ ကိုရင်က ပြော၏။ တစ်ခြား

ရွှဲကြီးနှင့်ဥက္ကဌ(အောင်ဖူး)တို့၊ လှမ်းကြည့်နေကြ၏။

"ကျန်တဲ့ ကောင်တွေရော. ."

"ကျေနပ်တယ်"

"ပြီးရော။ငါ့နာမည် ဝိလာသ။ ကြည့်မြင်တိုင်

က, လာဝတ်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ပြောရင်း၊ မုန့်တွေကို၊ ကိုင်ဆဲ,စဉ်၊

"တပည့်တော် နာမည်လည်း၊ ဝိလာသ,ပဲ"

မျက်နှာချင်းဆိုင်က၊ ကိုရင် သေးသေးလေး၏ အသံ။

"ဟုတ်လား။ မင်းကဲ့ . . ဘယ်က ဝိလာ

သလဲ။ ငါက . . ကြည့်မြင်တိုင်က, ဝိလာသ"

" တပည့်တော်က၊ ဒီက,လေ"

"ဒီက ဆိုတာ၊ ဒီမြို့,နယ်က,လို့၊ ပြော

လား"

" မဟုတ်ဘူး။ ဒီ ကျောင်းက"



"သြော်၊ မင်းက. . ဒီကျောင်းက အမြဲတမ်း

ကိုရင်ပေါ့"

"ဟုတ်တယ်"

"အေး။ ပြီးရော။

ရော့ . . မင်းက . . အငယ်ဆုံး။

ပိုယူ။

မင်းကို ၊ ဘယ်သူမှ, အနိုင်မကျင့်စေနဲ့။

အနိုင်ကျင့်တဲ့ ကောင်ရှိရင်၊ ငါ့ကိုပြော"

"အနိုင်ကျင့်တာ၊ ကိုရင်ကြီး တေဇနပဲ

ရှိတယ်"

"ဟုတ်လား။ တေဇနကိုတော့၊ ငါ မနိုင်ဘူး

ကွ။

www.burmeseclassic.com

www.burmeseclassic.com



ငါ့သူငယ်ချင်း ရဲ့ ဦးဇင်း စန္ဒိမာနဲ့

တိုင်ပေး မယ်"

ခေါင်းညိတ်လေ၏။

စားပွဲဝိုင်းရှိ၊ ကိုရင်အားလုံးကို ၊ မျှတ,စွာ၊ ဝေ

ပေးလိုက်၏။

ဆရာတော်၏ စားပွဲဝိုင်းရှိရာသို့ မသိမသာ လှမ်းကြည့်

လိုက်မိသေးသည်။



ညနေစောင်း၊ဘုံရားဝတ်တက်ချိန်။

ဆရာတော်ကြီးက၊ ကမ္မဋ္ဌာန်းပေးပြီးနောက်၊ အားလုံးသော ဦးပဉ္ဇင်းများ၊ ကိုရင်များ၊ ကမ္မဋ္ဌာန်း ထိုင်လျှက်၊ ကျန်ရစ်ခဲ့ကြသည်။

"ဝိလာသ"

နံဘေးမှ ၊ ခေါ်သံ တိုးတိုး ။ ကိုရင်ရွှေကြီး၏ အသံ။

www.burmeseclassic.com

www.burmeseclassic.com



မှေး ထားသော မျက်လုံးကို၊ ဖြည်းညင်းစွာ ဖွင့်ကာ ကျွန်တော်ငုံကြည့် လိုက်သည်။

"ရော့"

မီးညှိပြီးကာစ ငွေစပါယ် ဆေးပေါ့လိပ်တို၊ တစ်တိုကို သူက. . တစ်ရှိုက်ဖွာပြီး၊ ကျွန်တော့်ကို လှမ်းပေးသည်။

ရှဲကြီး ဖွာ ရှိုက်လိုက်သည့်၊ ဆေးလိပ်ငွေ့သည်၊ မည်သည့် အရပ်ဘက်ကိုမျှ၊ မပြန့်နှံ့။ အငွေ့ပျောက်အောင်၊ သူ ရှိုက်လိုက်သည်။

"အဲဒါ . . . ဘာလဲ"

"မုန့်"

(ဆေးခြောက်ထည့်ထားသည့်၊ ဆေးလိပ်တို၊ အမည်ပေးထားသော၊ ဘမ်းစကား)။



"ဟာ။ အဲဒါကြီးရှူပြီး၊ မင်းငြိမ်နေတာပေါ့"

"တီးတိုး ပြောစမ်းပါ။ ရော့။ နှစ်ခါလောက် ပဲ ရှိုက်လိုက်။ ငြိမ်ရုံတွင် မဟုတ်ဘူး။ ငြိမ့်သွားမယ်"

အူပဲစပ်ရှဲကြီးမြင့်၊ ရယ်လျက်ပြော၏။

"မလုပ်ဘူး၊ ဟော့ကောင်။ ငါ. . ၊ အဲဒီ လောက်တော့၊ အကူသိလ် မယူဘူး"

"မင်း. . . မလုပ်ရင်၊ ဟိုကောင်. . ၊ ဥစ္စာမှ ကိုပေးလိုက်"

"မပေးဘူး။ တော်ပြီ။ ငါ့ဘာသာ၊ စိတ်ငြိမ် ငြိမ်၊ မငြိမ်ငြိမ်၊ ဒီအတိုင်းပဲ မျက်စိမှိတ်ထား တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေး ပြီးရော . . ။ မင်း . . ဘုန်းကြီး

ကိုတော့၊ မချွန်နဲ့နော်"

"အေး"

ရွှဲကြီးက၊ ဆေးလိပ်တိုကို၊ ထပ်မံ မှာရှိုက်လိုက်ပြန်၏။

♥

"ဖုန်း" . .

"ဖုန်း" . .

"ဖုန်း" . .

ကိုရင်ရွှဲကြီးကို၊ ကျောင်းထိုင်ဆရာတော်ကြီး၊ ဦးအာစေ

ရိုက်နှိုက်နေသော၊ အသံ၊ ဖုန်းလက်(အလယ်ရိုး)အခြောက်

ရိုက်နှက်နေခြင်းဖြစ်၏။

ရိုက်နှိုက်သံကြားသော်လည်း၊ မည်သူမှ ခေါင်းမဖော်



"မင်း . . . သီလရှင် ကျောင်းဘက်ကို

လည်း၊ သွားသွားဖော်တယ်။ တရားထိုင်ချိန်မှာ

လည်း၊ ဆေးလိပ်ခိုးသောက်တယ်။

နောက်တစ်ခါဆိုရင်၊ မင်းကို၊ ငါ ကိုယ်တိုင်

အချုပ်ထဲပို့မယ်"

ကိုရင်ရွှဲကြီးသည်၊ လက်ပိုက်မဖြုတ်ဘဲ၊ ကျွန်တော်တို့

ထဲရှေ့မှ၊ ဖြတ်လျှောက်ရင်း၊ ကျွန်တော့်ကို၊ ငဲ့ကြည့်သွားသည်။

♥

"ဟော့ ဝိလာသ"

ခေါင်းရင်းခန်းမှ၊ ဆရာတော် ဦးဝဏ္ဏသီရိ၏ ခေါ်သံ။

"ဘုရား"

"ရွှဲကြီးတော့၊ အဆော်ခံရပြီ။ မင်းတို့လည်း

သတိထားနေနော်"

"တင်ပါ ဘုရား"

"မင်းတို့၊ အပြစ်လုပ်လို့က,တော့၊ ဘုန်းကြီးက ၊

www.burmeseclassic.com

www.burmeseclassic.com



အစိအခြောက် ရွေးခိုင်းတာကွ"

"အစိ အခြောက်ဆိုတာ ဘာလဲဘုရာ့"

"အုန်းလက် အစို အခြောက်။ ကြိုက်ရာ ရွေးခိုင်းတာကွ။

အခြောက်ရွေးတဲ့သူကို၊ သူကိုယ်တိုင်ခုတ်ထားတဲ့၊ အုန်းလက် အလည့်ရိုးကို၊ အခြောက်ခံထားတဲ့ဟာနဲ့ရိုက်တာ။

အစို ရွေးတယ်ဆိုရင်တော့၊ ကျောင်းဝင်းထဲမှာ၊ ကိုယ်တိုင်အုန်းလက်သွားခုတ်ရတာ"

"ဟုတ်လား။ တပည့်တော်သာဆိုရင်၊ အစိုရွေးမယ်လို့-လျှောက်ပြီး၊ အုန်းလက် သေးသေးပဲခုတ်လာခဲ့မှာ"

"မင်းတို့ထက်၊ ဘုန်းကြီးက၊ လည်သပေါ့ကွာ။ ဒါ့ဒီလို၊ ခပ်သေးသေးခုတ်လာရင်၊ အရွယ်အစား၊ သူမကြိုက်မချင်း၊ ထပ်ခုတ်ခိုင်းတာကွ"

"ဩော်"

"ဘောဇနတို့ ချွဲကြီးတို့ကျတော့၊ အပင်ပန်းခံကြတော့ဘူး။



မခံကြတော့ဘူး။

အဆင်သင့်ရှိတဲ့၊ အုန်းလက်အခြောက်ပဲ ရွေးကြတာ"

ကိုယ့်ကိုယ်ကို၊ ဘယ်နေ့ အုန်းလက်စာမိမလဲ. . တွေးမိဆသည်။

"ကဲ ကဲ. . ။ မင်းကို၊ ဒီနေ့၊ ဒွေးချိုးစပ်နည်း သင်မယ်။ စာအုပ်အဆင်သင့်ပြင်"

"တင်ပါ့ ဘုရား"

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



(င)

သံပေါက်ကဗျာ စပ်နည်းမှအစ . . ပြုကာ ဒွေးချိုး၊ သားချိုး၊ ကြိုးချီး ၊ လွမ်းချင်း၊ ဘောလယ် . . ၊လင်္ကာစပ်နည်း ၊ ရတု၊ တေးထပ် ၊ . . စသည်ဖြင့် ဦးဝဏ္ဏသိရိက၊ ခေါင်းရင်းခန်းမှ အရှ၌၊ နှုတ်တိုက်သင်အံ့ပေးသည်။

ထို့အပြင်-

"မင်းက၊ စာရေးဆရာလုပ်မှာဆို"

"မှန်ပါဘုရား"

" ရဟန်းလည်း ဝတ်ချင်တာဆို"

"တစ်သက်လုံး ဝတ်ချင်တာပါ ဘုရား"

"ရဟန်းဝတ်နဲ့ ဆိုရင်တော့၊ မင်းတို့လူတွေ

www.burmeseclassic.com



. . ရေးနေကြတဲ့၊ အချစ်ဝတ္ထုတော့ မရေး
ရဘူးနော် ဝိလာသ"

"ရေးလို့ မရဘူးလား ဘုရား"

"ကိလေသာနှယ်တဲ့ စာပေကို၊ ရဟန်းဝတ်
နဲ့ မရေးကောင်းဘူးကွ"

"တပည့်တော်က၊ အချစ်ကဗျာတွေ
အချစ်ဝတ္ထုတွေလည်း၊ ရေးချင်သေးတာဘုရား"

"အချစ်ဝတ္ထု ရေးချင်ရင်တော့ လူထွက်
ပေါ့ကွ"

ကျွန်တော် ဘာလုပ်ရမှန်းမသိ၊ ခေါင်းကုတ်ရခက်၏။

"ကဲ ကဲ . . ။ မင်းကို စာရေးဆရာလုပ်
ဆိုတော့၊ မေးရပါဦးမယ်။

အချစ်ဆိုတာ ဘာလဲကွ။ ဖြေပါဦး"

" အချစ်ဆိုတာ . . . ။ ထောင့်ငါးရာ
ကိလေသာ၊ အချစ်နဲ့ ငါးရာနှစ်ဆယ်ရှစ်။ အဲ
သောက်ပဲ။ ကြားဖူးပါတယ်ဘုရား"

မင်းက . . . ဆိုးသုပ်ပဲကိုးကွ ။



သေသေချာချာ မှတ်။

ငါးရာ့နှစ်ဆယ့်ရှစ်ဆိုတာ၊ မေတ္တာပို့ရာ၊
မေတ္တာထားရာ၊ အရပ်ဒေသနဲ့ ပုဂ္ဂိုလ်တွေရဲ့
အရေအတွက်ကွ။

ကဲ . . ။ သေသေချာချာ၊ နားစိုက်ထောင်ပြီး
လိုက်မှတ်"

"မှန်ပါ ဘုရား"

"အနောဓိသ လို့ခေါ်တဲ့၊ မရည်ညွှန်းတဲ့
ပုဂ္ဂိုလ် ငါးပါးရှိတယ်။

သဗ္ဗေ သတ္တာ-(ရှိရှိသမျှ - သက်ရှိသတ္တဝါ
အပေါင်း)။

သဗ္ဗေပါဏာ-(ဝင်သက် ထွက်သက်ရှိကြ
ကုန်သော သတ္တဝါအပေါင်း)။

သဗ္ဗေဘူတာ-(အလုံးစုံသော သတ္တဝါ
အပေါင်း)။

သဗ္ဗေပုဂ္ဂလာ(ရှိရှိသမျှ ပုဂ္ဂိုလ် အပေါင်း)။

www.burmeseclassic.com

www.burmeseclassic.com



သဗ္ဗေ အတ္တ ဘာဝ ပရိယပန္နာ-(ရုပ်နာမ် ရှိကြကုန်သော၊ သတ္တဝါအပေါင်း)။

အဲဒီငါးပါး၊ ပြီးတော့. . ဩဓိသပုဂ္ဂိုလ် . . လို့ခေါ်တဲ့၊ ရည်ညွှန်းတဲ့ ပုဂ္ဂိုလ် ခုနစ်ပါး။

သဗ္ဗေ ဣတ္ထိယော-(အမျိုးသမီးအပေါင်း)။

သဗ္ဗေ ပုရိသော-(အမျိုးသားအပေါင်း)။

သဗ္ဗေ အနရိယာ-(အရိယာမဖြစ်သေး သော ပုဂ္ဂိုလ် အပေါင်း)။

သဗ္ဗေဒေဝါ- (နတ် ဗြဟ္မာအပေါင်း)။

သဗ္ဗေမနုဿာ-(လူသားအပေါင်း)။

သဗ္ဗေ ဝိနပါတိကာ-(အပါယ်ဘုံသား အပေါင်း)။

အဲဒီခုနစ်ပါးနဲ့၊ ခုနက ငါးပါးပေါင်း။ ဆယ့်နှစ်ပါး။

အဲဒီဆယ့်နှစ်ပါးကို၊

အဝေရာဟောန္တု- (ရန်ကင်းကြပါစေ)

အဗျာပဇ္ဇာဟောန္တု- (စိုးရိမ်ကြောင့်ကြ



ကင်းကြပါစေ)

အနီဃာ ဟောန္တု- (ဆင်းရဲကင်းကြပါစေ)

သုခီအတ္တာနံ ပရိဟရန္တု-(မိမိကိုယ်ကို၊ ချမ်းသာအောင်စောင့်ရှောက်နိုင်ကြပါစေ). .

. . ဆိုတဲ့၊ လေးခုနဲ့ မြှောက်။ ဘယ်နှစ်ပါးရသလဲ"

"လေးဆယ့်ရှစ်ပါးပါဘုရား"

"အေး။အဲဒီ လေးဆယ့်ရှစ်ပါးကို၊ အရပ် ဆယ် မျက်နှာနဲ့ မြှောက်"

"လေးရာ့ရှစ်ဆယ်ပါဘုရား"

"အဲဒီ လေးရာ့ ရှစ်ဆယ်ကို၊ ခုနက- လေးဆယ့်ရှစ်နဲ့ပေါင်းရင် ဘယ်လောက်ရသတုန်း"

"ငါးရာ့နှစ်ဆယ့်ရှစ်ပါးဘုရား"

"အေး။ အဲဒါ မင်းတို့၊ မတွက်မချက်ဘဲ ပြောပြောနေကြတဲ့။ ငါးရာနှစ်ဆယ့်ရှစ်သွယ်သော မေတ္တာပဲ"

"မှန်ပါဘုရား။ ထောင့်ငါးရာ ဆိုတာက၊ ရော ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"အကြမ်းဖျဉ်း မှတ်ထားကွာ"

"မှန်ပါ ဘုရား"

"စိတ်(တစ်)ပါး။ စေတသိက် (ငါးဆယ့်နှစ်)ပါး။ နိဗ္ဗာန်ရုပ်(ဆယ့်ရှစ်)ပါး။ လက္ခဏာရုပ်(လေး)ပါး။ ပေါင်းရင် (ခုနစ်ဆယ့်ငါး)ပါး။

အဲဒါကို သန္တာန်(နှစ်)ပါးနဲ့ မြှောက်။ တစ်ရာ့ငါးဆယ်။

အဲဒီ့ တစ်ရာ့ငါးဆယ်ကို၊ ကိလေသာ(ဆယ်)ပါးနဲ့ မြှောက်။ တစ်ထောင့်ငါးရာ။

ကိလေသာ တစ်ထောင့်ငါးရာ ဖြစ်ကရော ပေါ့"

"ဩော်. .။ တစ်ထောင့်ငါးရာကိလေသာဆိုတာ၊ ဒါကိုး။

တစ်ထောင့်ငါးရာဆိုတော့၊ ငါးရာနှစ်ဆယ့်ရှစ်ထက်၊ ပိုပူတာပေါ့နော်"

"ကိလေသာမှန်သမျှ၊ အပူချည်းပဲကွ။ အေး ငါးရာ နှစ်ဆယ့်ရှစ်ဆိုတဲ့ မေတ္တာမှာလည်း၊ ပုထုဇဉ်



စိတ်နဲ့ ပို့နေရင်၊ ပူတာပဲကွ။ အဲဒါကို၊ သတိထားတတ်ရမယ်။ မင်းက၊ ရည်စားပူမိလာတာဆို"

"မှန်ပါဘုရား"

"အဲဒါ. . ကိလေသာမီးပဲကွ။ မင်းတို့က၊ အချစ်မီး အချစ်မီးနဲ့ ခေါ်ကြတာ။ တကယ်က. .၊ အဲဒါကိလေသာမီး။ ရာဂမီးကွ။ မပူစေနဲ့"

"တွေးမိရင်၊ ပူတုန်းပါဘုရား"

"မတွေးနဲ့ပေါ့ကွ။ တွေးလို့ ပူရမှန်းသိရင် မတွေးနဲ့ပေါ့။ မတွေးမိအောင် သတိနဲ့နေ။ မနေတတ်ရင်၊ ဘုရားဂုဏ်တော်ပွားနေ၊ ခုနက အရပ်ဆယ်မျက်နှာကို၊ မေတ္တာပို့နေပေါ့။

"အေး။ မေတ္တာတော့ ပို့ပါရဲ့။ စိတ်က အပူမကင်းဘူးဆိုရင်၊ ရေနဲ့ဖျန်းရာ မရောက်ဘဲ၊ ရေနွေးပူနဲ့ အရပ်ဆယ်မျက်နှာ ဖျန်းနေသလို၊ ဖြစ်မယ်။ ကြားလား. . ဝိလာသ"

"မှန်ပါ ဘုရား"

♥

www.burmeseclassic.com



မျှောက်တစ်ကောင်သည် ဟိုသစ်ကိုင်းကူး သည်သစ်ကိုင်းကူး ဟိုအပေါ်တက် သည်အပေါ်ခုန်နေသကဲ့သို့၊ ပုထုဇ္ဇန်ကျွန်တော့်၏ စိတ်အာရုံသည် မည်သို့မျှ၊ အစိုးမရ။

ကိလေသာ စင်ကြယ်သူ၊ လောဘငြိမ်းကြောင်း၊ ဒေါသငြိမ်းကြောင်း၊ မောဟငြိမ်းကြောင်း အကျင့်ကောင်းတို့ကို ကျင့်ဆောင်နေသူတို့၏ အဝတ်၊ သင်္ကန်း ၊ ဝတ်ရုံထားပါလျက်၊ စိတ်သည်၊ ထို ဝတ်ရုံဖြင့်၊ မလိုက်ဘက်။

တွေးမိရာ အာရုံများစွာတို့က၊ စိတ်တွင်လာရောက်အုံကြွနေလေ၏။ ပူမှန်းသိပါလျက်၊ ပူပင်စေသူအကြောင်းကိုသာ တမ်းတ, တွေးတောမိခဲ့သည်မှာ၊ အကြိမ်ကြိမ်။

စိတ်သည် အာရုံများစွာတို့၏ စုစည်းရာ၊ နေရာဌာနပမာ လှုပ်ခပ် ကြွကြွ၊ တုန်ရင်နေဆဲရှိလေ၏။

♥

ကိလေသာစင်ကြယ်သူတို့၏ အဝတ်သင်္ကန်းမျိုးကို ဝတ်ရုံထားပါလျက်၊ မစင်ကြယ်လွန်းသည့် အာရုံများ စုစည်းရာ စိတ်ပိုင်ရှင်သည်၊ အဆင်းလှသော ကျီးအာသီးပမာ၊ အကာထူ



အာရုံပြုလျက်၊ ဟန်ဖွဲ့ နှုန်းနဲ့သူနှင့် တူလွန်းလှချေ၏။

မည်သူတို့၊ လက်အုပ်ချီစေ၊ ကိုယ့်ကိုယ်ကို လက်အုပ်ချီ၍ ခက်နေသည့်ပမာ၊ လိပ်ပြာမလုံ၊ စိတ်အစုံက၊ လွမ်းပုံ မီးကျွမ်းခြင်နေရပြန်သည်။

♥

**မျှော်ဆုံးခြင်း**

ဘယ်ဆီ မျှော်တမ်း
လွမ်းရမည် မသိ
ပကတိ မေတ္တာ
အချစ်နာကို
"သစ္စာ"မျက်ကွယ်
ပြုရက်တယ် ။ ။

♥

www.burmeseclassic.com

www.burmeseclassic.com



## အသံတိတ် မျက်ရည်

တစ်ချိန်ချိန်မှာ
ပြန်ဆုံလေမလား။
နေ့များ . . . နာ
ညမှာ . . တွေး
ဆွေးစိတ် မြင့်မား။
တစ်ရေးမျှ မပျော်
ဝေးကြသော် ကံကိုရှုံးလျက်
မျှော်ကိုးမိမှား။
ကိုယ့်သာပူ သူ မသိလေရော
ယူမိရာ ဤနှောင်ကြိုးနဲ့
အငြိုးမပြေ မိုးမြေဝင်မှ
လွတ်ရသေသား . . . ။ ။

♥



မီး

ကြမ္မာ ဝဋ်ကြွေး
အပြစ်ပေးသတဲ့။
ချစ်ရေးမညီ
မျက်ရည်သီတမ်း
လွမ်းသူ့လမ်းမှာ
ငရဲပန်းများ ပွင့်နေ၏။ ။

♥

www.burmeseclassic.com

www.burmeseclassic.com



ဘဝကူးလက်မှတ်

နောက်ဘဝလည်း
ဤနှံ့ထဲမှ
မရှုန်းထ,နိုင်၊
မုန်းစ ပြုံင်ခွဲ
ကံအမွဲတွေ
တွဲလဲရှည်တမ်း
မကုန်ခန်းလျှင်၊
လွမ်းပင်အသစ်
ချစ်ပင်တစ်မျိုး
ထပ်တိုးရက်ရှည်
မျက်ရည်မိုးသည်း
မကြုံရဲလို့
ဤမျှနဲ့ပဲ ကျေပါစေ ။ ။

♥♥♥



(၈)

"ငါမတိုင်ဘူးရွှေကြီး။ဘုန်းကြီးကိုတိုင်ဖို့ နေနေသာသာ ၊ ဘုန်းကြီး နဲ့ ငါ ၊ စကားတောင်သေသေချာချာ မပြောဖူးသေးဘူး"

"ငါ. . မုန့်ရှုတာ၊ မင်းပဲ သိတာလေ။ တော်သေးတာပေါ့။ ဆေးလိပ်သောက်တယ်ပဲ၊ အထင်ခံရလို့၊ မင်း,မတိုင်ရင် တစ်ယောက်ယောက်တော့၊ သတင်းပို့တာဖြစ်မယ်"

"ဘုန်းကြီးက၊ အကြားအမြင်ရနေတာလားမှ မသိတာ" ဟု၊ ရှင်ဥက္ကဌ(ခ)အောင်ဖူး ဝင်ပြော၏။

"ဘာပဲဖြစ်ဖြစ်ကွာ။ ရွှေကြီး၊ မင်း . . . ၊

www.burmeseclassic.com

www.burmeseclassic.com



ကိုရင်ဝတ်ကြီးနဲ့တော့၊ အဲဒါကြီး. . မလုပ်ပါနဲ့"

"လုပ်ချင်လို့လည်း မရတော့ဘူးကွ။ ဘုန်းကြီးက၊ ငါ့ကို၊ နှင်ထုတ်တော့မှာ"

"အတတ်နိုင်ဆုံး၊ ရှင်သာမဏေဗိုဗိုသသ, နေကြရအောင်လားကွာ"

"တိတ္တိအချင်းချင်း၊ တရားလာဟောမနေနဲ့ ဝိလာသ။ ငါက, မင်းတို့စိတ်ထင်လို့။ မင်းတို့ ဆီစိမ်းခေါက်ဆွဲခိုးစားတာ၊ ဘုန်းကြီးကို လျှောက်တော့မလို့"

"တစ်ရက် နှစ်ရက် စားမိတာပါကွာ။ အခု နေတတ်သွားပါပြီ။

ငါ့"မတိုင်ဘူးဆိုပေမယ့်၊ တိုင်တဲ့သူတော့ ရှိနေမှာအမှန်ပဲ။

ငါတို့အထဲမှာ၊ ဘုန်းကြီးရဲ့, သူလျှိုရှိနေ လောက်တယ်"



"ကိုရင်ကြီး၊ ဝိလာသ။ မင်း ကိုရင်လေး ဝိလာသ,နဲ့၊ ဟိုဘက်ရပ်ကွက်ထဲ လိုက်သွား။ အဲဒီက၊ အိမ်မှာ၊မောင်ရင်လောင်း တွေကို၊ သင်္ကန်းဘောင်း သွားသင်ပေးလိုက်။ ပြီးတော့ . . . ပစ္စည်းလေးပါး ပစ္စဝေက္ခဏာပါ၊ သင်ပေးခဲ့". . ဟု၊ ဆရာတော်ကြီးက၊ ကျွန်တော့်ကို၊ ခေါ်မိန့်သည်။

ဘုန်းကြီးကျောင်းနှင့် အလှမ်းဝေးရာ ရပ်ကွက်သို့၊ ကိုရင်လေး ဝိလာသနှင့်၊ ကျွန်တော် လိုက်သွားရ၏။

♥

ရပ်ကွက်ထဲက၊ မောင်ရင်လောင်းတွေရှိရာ မိသားစု င်တို့သည်၊ ကျွန်တော့်ကို၊ ကျောင်းမှ အမြဲတမ်းရှိနေသော၊ ကိုရင် ကြီးဟု၊ထင်နေကြ၏။

ထို ထင်မြင်မှုကို၊ ကျွန်တော် မခံယူရဲ။ ကိုရင်ဝတ်သည်မှာ ဘစ်ပတ်ဆယ်ရက်လောက်သာ ရှိပါသေးကြောင်း၊ ကျွန်တော် ပြောပြ၏။ "သင်တတ်တဲ့၊ ကိုရင်တစ်ပါးပါး လွှတ်လိုက်မယ်. . လို့၊ ဆရာတော်ကြီးက မိန့်သွားတာဆိုတော့၊ စာသင်သားကိုရင်၊

www.burmeseclassic.com

www.burmeseclassic.com



လာသင့်တယ် ထင်တာ။ ကိုရင်ကြီး သင်ကြားပေးနေတာက,လည်း
တကယ့်ဝါရင့် စာချကိုယ်တော်လေး ကျနေတာပဲ" . . ဟု
မောင်ရင်လောင်းတို့၏ မိခင်ဖြစ်သူက ၊ ချီးမွမ်း၏။

လူ့လောက,မှာနေရတာ၊ မျှော်လင့်ရ တမ်းတ,
လွမ်းဆွတ်ကြေကွဲရ ဒေါသ,ဖြစ်ရ . . . စသည်ဖြင့်၊ လောင်မြိုက်
တွေ များလွန်လွန်းသဖြင့်၊ အားလုံးကို ကျော်ခိုင်းကာ၊ ရဟန်း
ဖြင့်၊ တစ်သက်တာ နေထိုင်ကျင့်သုံးတော့မည်ဟု၊ ဆန္ဒဝင်နေသော
ကျွန်တော့်အဖို့ "တကယ့်ဝါရင့် စာချကိုယ်တော်လေးကျနေတာပဲ"
. . ဟူသော၊ ချီးကျူးသံမျိုးသည်၊ သက်န်းဆက်ဝတ်ဖို့ ပိုမိုတွန်းအား
ပေးနေသကဲ့သို့ ဖြစ်ရ၏။

အမှန်က,တော့၊ သင်္ကန်းတောင်း သင်္ကန်းအပ်၊ ပစ္စည်း
လေးပါး ပစ္စဝေက္ခဏာ(ဆွမ်း-သင်္ကန်း-ကျောင်း-ဆေးတို့
ဆင်ခြင်ခြင်း)တို့,သည်၊ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတိုင်း
(သာမဏေပြုဖူးသူတိုင်း) အလွတ်ရနေသော၊ လက်ာများပင်
၏။ကိုရင်တစ်ခါဝတ်ဖူးသော၊ ကျွန်တော့်အဖို့ အာဂုံဆောင်ထား
သည်မှာ၊ မခဲယဉ်းလှချေ။

"အာဂုံဆောင်မှ၊ အာဂ,လူ" . . ဟူသည့်၊ ရှေးစကား



တိုလည်း၊ မှတ်သား ထားဖူးသူဖြစ်၏။

ထို့ကြောင့်၊ ရှင်ပြုကြမည့်၊ မောင်ရင်လောင်းတွေကို၊
အနက်ရှောင်သင်ပုန်းပေါ်မှာ၊ မြေဖြူခဲဖြင့်၊ ရေးချ သင်အံပေး
သည်မှာ၊ ခက်ခဲသည့် ကိစ္စမဟုတ်။

♥

ပစ္စည်းလေးပါး ပစ္စဝေက္ခဏာ ဆင်ခြင်ရန်။

ချမ်းပူကိုဖျက်၊ ခြင်မှက်လေနေ၊ ကင်းမြွေလွဲသုန်၊
ဟိရိဂုဏ်ကို၊ ကုန်စေတတ်စွာ၊ ကိုယ်အင်္ဂါကို၊ လုံ
ပါစေလို၊ကိုယ်ကိုစံပယ်၊ဆင်ပြင်မယ်ဟုစိတ်ဝယ်
မသန်း၊ ဤသင်္ကန်းကို၊ ဖုံးလွှမ်းသုံးဆောင်ပါ-
သတည်း။

ဤသည့်စားဖွယ်၊ အမယ်မယ်ကို၊ မြူးရယ်မာန်ကြွ၊
လှပ,ရေဆင်း၊ ပြည့်ဖြိုးခြင်းငှာ၊ မသုံးပါဘူး။
လေးဖြာဓာတ်ဆောင်၊ ဤကိုယ်ကောင်သည်၊ ရှည်
အောင်တည်လျက်၊ အသက်မျှတမ်း၊ မမောနိုင်ငြား၊

www.burmeseclassic.com

www.burmeseclassic.com



ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို၊ ကျင့်ပါနိုင်စေ၊ ဝေဒနာပေါင်းသစ်၊မဖြစ်စေရာ၊ ယာပိုက်မျှလှစ် ခပ်သိမ်းပြစ်ကို၊ မဖြစ်လေအောင်၊ ချမ်းမြေ့အောင် ဟု၊ သုံးဆောင်မှီဝဲပါသတည်း။

ကျောင်း။ ။ ချမ်းပူကိုဖျက်၊ ခြင်မှက်လေနေ၊ ကင်းမြွေဝေးမှု ဥတုဘေးအျမ်း၊ မသန့်ကင်းစင်၊ စိတ်ကြည်လင် ကြောင်း၊ နေရာကျောင်းကို၊ ကိန်းအောင်းမှီခို သတည်း။

ဆေး ။ ။ ကျင်နာခံခက်၊ နှိပ်စက်ဖိစီး၊ ဖြစ်ပြီးဖြစ်လာ၊ ဝေဒနာ ကို၊ဖွင့်ခွာပယ်လျင်း၊ ဆင်းရဲကင်း၍၊ လူမင် မြတ်စွာ၊ သာသနာကို၊ ကြည်သာရွှင်လန်း ကျင့်ဖြည့်စွမ်းဖို့၊ ရည်မှန်းသုံးဆောင်ပါသတည်း

ဆင်ခြင်တယ်ဆိုတာ၊ ငါ့အပြုအမူ၊ အပြော အဆို၊ အနေအထိုင်၊ နှလုံးသွင်းမှုတွေမှာ၊ လော



ဒေါသ, မောဟတွေများ ၊ ပါနေမလား . . . လို့၊ ကိုယ့်ကိုကိုယ်၊ ချင့်ချိန် စဉ်းစား သုံးသပ်ပြီး၊ သတိ နဲ့ နေတာကို၊ ခေါ်တယ်။

သူတစ်ပါး ကဲ့ရဲ့မှာစိုးလို့၊ ချုပ်တည်းထား တာကို၊ ဆင်ခြင်တယ်လို့၊ မဆိုလိုနိုင်ဘူး။

အထူးသဖြင့်၊ ရှင်သာမဏေဆိုတာ၊ လောဘ ဒေါသ မောဟ ငြိမ်းနေအောင် နေကြ ရတဲ့ သူတွေဆိုတော့၊ ကိုယ်သုံးဆောင်မယ့် ပစ္စည်း လေးပါးအပေါ်မှာ၊အကြောင်းပြုပြီး၊ အဲဒီလောဘ, ဒေါသ, မောဟ စိတ်၊ မဖြစ်အောင်၊ အချိန်တိုင်း သတိနဲ့ ဆင်ခြင်နေရတာ။

ကာယ-ဝစီ-မနော-သုံးခုစလုံးမှာ၊ ဘာ လောဘ- ဒေါသ-မောဟမှ မဖြစ်အောင် နေကြ ရတာ။ သူတစ်ပါး အကဲ့ရဲ့ခံရမှာစိုးလို့၊ ထိန်းချုပ် နေကြတာမဟုတ်ဘူး။

အဲဒါကြောင့်၊ ဆွမ်းစားရင်၊ သင်္ကန်းရုံရင်၊ ကျောင်းထဲဝင်ရင်၊ ဆေးဝါး သုံးဆောင်ရင်၊ ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



လေးပါအပေါ်၊ မမက်မော်မိအောင် ဆင်ခြင်ရ
မယ်။

တစ်ခုချင်းအပေါ်မဆင်ခြင်နိုင်ရင်၊ ပဉ္စည်း
လေးပါးစလုံးအပေါ်၊ ဆင်ခြင်ရမယ့် လင်္ကာကို
ရွတ်ဖတ်ပြီး၊ ဆင်ခြင်ရမယ်။ ကဲ. . လိုက်ကူး"

သင်ပုန်းနက်ပေါ်သို့၊ နောက်ထပ် လင်္ကာ တစ်ပုဒ်ကို
ရေးပြလိုက်လေသည်။

အလုံးစုံ၊ ဆင်ခြင်ရန်။ ။ ဖိနပ်ဆီမီး၊ ထီးတောင်ဝှေးစ၊ ဟူသမျှ
အေးမြချမ်းပူ၊ မြေပုံသစ်ငုတ်၊ ခလုတ်ဆူး
ကြောင့်၊ မနှောင့်ဘေးဘျမ်း၊ မသန်း
ကင်းစင်၊ စိတ်ကြည်လင်၍ အားအင်ပြည့်
မှာ၊ သာသနာကို၊ ကောင်းစွာကျင့်ဆော
ဖြည့်နိုင်အောင်ဟု၊ သုံးဆောင် မှီဝဲ
သတဲ့ညီး . . . ။

ကိုယ့်ထက် ငယ်ရွယ်သူ့ မောင်ရင်လောင်းများကို၊ သင်
ရေးပြနေရင်းမှ၊ နေ့လွဲညစာ (ဆီစိမ်းခေါက်ဆွဲ)ခိုးစားခဲ့မိသည်
တွေးမိရင်း၊ ကိုယ့်ကိုကိုယ် ရှက်မိ၏။



အနီးရှိ ကိုရင်လေး ဝိလာသ,ကို၊ မလုံမလဲ ငဲ့ကြည့်မိသည်။
ရင်လေး ဝိလာသ,က၊ပြုံးပြပါ၏။(မလုံခြုံသူ့ စိတ်နှလုံး၌၊
ဆင်ပြုံးဟု၊ ခံစားရသည်)။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



(ဆ)

"မင်းမှာ၊ သင်နိုင်ကြားနိုင်စွမ်းရှိလို့ ဘုန်းကြီးကမင်းကို၊ ထွတ်တာနေမှာပေါ့ ဝိလာသ,ရဲ့၊ တေဇနတို့က၊ ရွှတ်တတ် ဖတ်တတ် ကြပေမယ့်၊ မသင်တတ်ကြဘူး။ ဝိလာသ, လေးကျတော့၊ စာတတ် သမယ်၊ ငယ်သေးလို့ နေမှာပေါ့" . . ဟု၊ စာချဘုန်းကြီး ဦးဝဏ္ဏသီရိ က မိန့်၏။

"မင်းဥပမိက,လည်း ဘုန်းကြီးရှပ်ကွ" . . ဟု၊ သူငယ်ချင်း ဆော်ဦးသန်း (ရှင်စန္ဒိမာ)က၊ ဝင်ပြော၏။ ရှင်ဥက္ကဋ္ဌ(ခ)အောင်ဖူးက၊ ကျော်နှာမဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်၊ အောင်ဖူး။ ငါ့ရှပ်က, မင်းလို အသေကောင် ပေါင်ဒါလူးထားတဲ့ရှပ်မဟုတ်ဘူး။ မဲ့မပြုန့်"

"မင်းဥပမိရှပ်က,ရော၊ ဘယ်လောက် ကောင်းနေလို့လဲ"

"ငါ့ ဥပမိရှပ်က၊ သန့်ပြန့်လို့၊ ဘုန်းကြီးက တောင်၊ စာချတာဝန်ပေးတာပေါ့ကွ။ ပြီးတော့ ငါ စာသွားချတဲ့ အိမ်က၊ ဒကာမကြီး တွေဆိုရင် ငါ့ကို လိုလေသေးမရှိ၊ ဆက်ကပ်လှူဒါန်းပူဇော် ကြတာ၊ နည်းတာမဟုတ်ဘူး"

"ဦးဖျော်ရေ တစ်ခွက် အကပ်ခံရတာကို စကားထဲထည့်ပြောနေတယ်"

"ကရင်ဆိုဒါလည်းပါတယ်ကွ". . ဟု၊ ကျွန်တော် ပြန်ကြွား၏။

"အခုမှ၊ ဝတ်တဲ့ ကိုရင်ပါ. . . လို့၊ ငါ ရှင်းပြ တာတောင်၊ အဲဒီ ဒကာမကြီးတွေက၊ မယုံချင် ကြဘူး။



ဥပမိရှပ်က၊ သိပ်ကြည်ညိုဖို့ကောင်းတော့၊ စာချ ဦးပဉ္စင်းလေးလို့တောင်၊ ထင်တာ. . . တဲ့"

"သက်န်းတောင်း၊ သင်ပေးရတာကိုမျှား၊ မင်းကိုယ်မင်း၊ သာသနာပိုင်ဖြစ်သွားပြီလို့၊ ထင်နေတာလား၊ ဝိလာသ". . ဟု၊ ထိုရင်ဥက္ကဋ္ဌက (ခ)အောင်ဖူးက မကျေမနပ်မေး၏။

"ငါ့ ဥပမိရှပ်က၊ သန့်ပြန့်တာကို၊ ပြောပြ တာပါကွ။

လမ်းမှာ တွေ့တဲ့ ကောင်မ,လေးတွေ၊ တောင်။အဲ. . ဒကာမလေးတွေတောင်၊ ငါ့ကို တွေ့ရင်၊ လက်အုပ်လေးတွေချီပြီး၊အရိုအသေ ပေး ကြတာ"

"သက်န်းကို အရိုအသေပေးတာပါကွာ။ မင်းက,လည်း"

"သက်န်း အရိုအသေ ပေးတာဆိုရင်၊ မင်း . . အခု၊ ဆယ်ရက်အတွင်း၊ ဆွမ်းခံကြွခဲ့တာ။ ဘယ်နှစ်ခါ ရှိခိုးခံရပြီလဲ။ ပြော. . .။

မင်းသပိတ်ထဲ၊ အားနာလို့သာ ဆွမ်းလောင်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ။ ဘယ်သူမှ မရှိခိုးဘူး မဟုတ်လား"

အောင်ဖူး၏ မျက်နှာကြီး နီရဲသွား၏။

"အေး။ အဲဒါ ဉပမိရုပ်ကွ။ မင်းက . . ငါ့ထက်၊ အသားလည်းဖြူတယ်။ အရပ်လည်း မြင့်တယ်။

ငါက, မင်းနဲ့စာရင်၊ အသားလည်း မဖြူပေါင်။ အရပ်က,လည်း၊ မင်းထက်ပုပါတယ်။

ဒါပေမဲ့ . . ငါက,ဘုန်းကြီးရုပ်ကွ။ မင်းက . . မျောက်ရုပ်"

အောင်ဖူး ကျွန်တော့်ကို၊ ဆေးလိပ်တိုနှင့် လှမ်းပေါက်၏၊ ပြီးမှ-

"အေး။ မနက်ဖြန် ဆွမ်းခံကြွတဲ့အချိန်၊ ကျောင်းပြန်လာတဲ့အထိ၊ ဘယ်သူရှိခိုးခံရတဲ့အကြိမ် အများဆုံးလဲဆိုတာ၊ ပြိုင်မလား။

ဦးဇင်းလည်း၊ ဆွမ်းခံအတူကြွမှာဆိုတော့ ဦးဇင်းက၊ ဒိုင်လုပ်ပေး"

ဦးဇင်း- ရှင်စန္ဒိမာကို ဆွဲထည့်၏။ ဦးဇင်းက-



"အေး အေး။ မင်းတို့- ရှုံးရှုံး နိုင်နိုင် ရန်တော့မဖြစ်ကြနဲ့"

"မဖြစ်ပါဘူး။ ဒါနဲ့ . . . အောင်ဖူး။ အဲ. . ၊ ဉက္ကဋ္ဌ။ လောင်းကြေးက, ဘာလဲ။ ပိုက်ဆံကြေးတော့၊ မလောင်းဘူး"

"ဆွမ်းဟင်းတစ်ခွက်ကြေး"

"ကိုယ် ကြိုက်တဲ့ ဟင်း ယူကြေး"

"အေး . . ပြီးရော"

"ဟဲ့၊ ကိုရင်တွေ။ မလုပ်ကောင်းဘူးဟ" . . ဦးဝဏ္ဏသီရိက၊ ကျောင်းခန်းမှ၊ လှမ်းဟန့်သည်။

"မှန်ပါ့ ဘုရား"

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



(၈)

ဆွမ်းခံအိမ်များတွင်၊ တချို့အိမ်မှာ၊ ထိုင်စရာ နှစ်ခုံသာရှိတတ်၏။ ထိုအခါ၊ ထိုင်သောကိုယ်တော် အကန်တော့ ခံရမည်ထင်ပြီး၊ ရှင်ဥက္ကဋ္ဌက ဦးဇင်းစန္ဒိမာ နံဘေးတွင်၊ အလုအယက် ဝင်ဝင်ထိုင်၏။

ကျွန်တော်က၊ ထိုင်စရာနေရာ ဝင်မလု။

ဦးဇင်းကို၊ ကန်တော့ကြသူတို့၏ အနီးတွင်သာ၊ မတ်တတ် ရပ်လျက်, ဣန္ဒြေကြီးစွာနေ၏ ။ မည်သူ့ကိုမျှ၊ မျက်လွှာမျှပင် ၊ ပင့်မကြည့်။

ထိုအခါ၊ ဦးဇင်းစန္ဒိမာ နံဘေးတွင်ထိုင်သော၊ ရှင်ဥက္ကဋ္ဌသို့၊ အာရုံမရောက်ကြဘဲ၊ ဦးဇင်းကို ရှိခိုးလက်စ,ဖြင့်၊ ကျွန်တော့်ကို ပါ ၊တစ်ပါတည်း ကန်တော့ကြတော့၏။၎ဟိုဘက်မှာ ငုတ်တုတ် ထိုင်နေရှာသူ၊ ရှင်ဥက္ကဋ္ဌလေးခမြာ၊ မျက်နှာအငေးသားဖြင့်၊ ကန်တော့နေကြသူတွေကို၊ ကြည့်နေလေ၏။

www.burmeseclassic.com



မျက်လွှာချထားရသော ကျွန်တော့် ဝိလာသက၊ ကန်တော့သူတွေ၊ ပြားပြား၀ပ်နေချိန်ကျမှ၊ ရှင်ဥက္ကံ၌ကို၊ မျက်စိ မှိတ်ပြလိုက်လေ၏။

ဆွမ်းခံပြန်ချိန်၌၊ အရှုံးအနိုင်သည်၊ သိသိသာသာ ကွာဟ, လျက်ရှိ၏။ ကျွန်တော် အပြတ်အသတ် နိုင်လေသည်။

"မင်းက၊ ကုလားထိုင်မက်တာကိုးကွ။
မှတ်ထား။ အကြည်ညိုခံချင်ရင်၊ နေရာမမက်
ရဘူး။ အနေတတ်ဖို့ပဲ၊ လိုတယ်"

ဆရာတော်ကြီးအတွက်၊ ဆွမ်းဟင်းတစ်ခွက်ကို၊ ရှင်ဥက္ကံ၌အား၊ အရင်ဖယ်စေသည်။ ပြီးမှ-ကျွန်တော် မနှစ်သက်သော်လည်း၊ ရှင်ဥက္ကံ၌ တော်တော်လေးနှစ်သက်သည့်၊ အမဲသားကျော်ဆွမ်းဟင်းခွက်ကို၊ တမင် ယူပစ်လိုက်သည်။

သူတစ်ပါး နှစ်သက်သော အရာအား၊ ကိုယ်တိုင် မနှစ်သက်ပါဘဲ၊ စိတ်အနှောက်အယှက်ဖြစ်အောင်၊ ကျီစယ်လိုသောသဘောဖြင့်၊ တမင်. . ယူဆောင်ပိုင်ဆိုင် ပစ်လိုက်မိခြင်းဖြစ်သည်။ ထိုစဉ်က၊ ကံ . . ကံ၏ အကျိုးကို၊ ထင်ထင်သာသာ၊ မသိမှတ်တတ်သေး။ မြင်မြင်သာသာ မသိမြင်တတ်သေး။



ဤသို့၊ သူတစ်ပါး နှစ်သက်ရာကို၊ တမင်,ယူငင်မိသော
အားသည့်ကံ ကပင်လျှင်၊ နောင်တစ်ချိန်၌ နှစ်သက်လိုလားသော
င်းဆောင်ကောင်းတို့နှင့် မတွေ့ကြုံရဘဲ၊ မနှစ်သက်စရာ ဦးစီး
တို့နှင့်သာ၊ တွေ့ကြုံခဲ့ရလေသလားမသိ။ လိုလားကောင်းမြတ်သူ
နှင့် ဝေးခဲ့လွဲခဲ့ရလေသည်။

♥

ကျောင်းထိုင်ဆရာတော်ကြီး၊ ခရီးသွား၏။ ကျောင်းတွင်
ရစ်ခဲ့ကြသော၊ ကိုရင်အပေါင်း၊ လွန်စွာပျော်ရွှင်ကြ၏။

စာချဆရာတော်- ဦးဝဏ္ဏသီရိ ကျိန်းစက်သည့် အချိန်တွင်၊
ာင်းရှိ၊ ကိုရင် အကုန်လုံးနီးပါး၊ ကိုယ့်အဆောင်တွင်၊ ကိုယ်
မကျိန်းစက်ကြဘဲ၊ စုရပ်ရှိသည့် နေရာသို့ အလျှို လျှိုထွက်လာ
လေသည်။

ဆရာတော်ကြီး သီတင်းသုံးရာ ကျောင်းဆောင်သည်၊
ထပ်ကျောင်းဆောင်။ အောက်ထပ်သည်၊ အလှူအတန်းရှိလျှင်၊
မွေးညှော်ခံရာ၊ နေရာ။ အပေါ်ထပ်၏ မြခြရင်းပိုင်းသည်၊
သာမဏေတို့၏ ဆွမ်းစားရာနေရာ။ ခေါင်းရင်းပိုင်းတွင်၊
ွင်းဘက်အခန်းသည် ဆရာတော်ကြီး ကျိန်းစက်ရာအခန်း။

www.burmeseclassic.com



အပြင်ဘက်သည် ဘုရားကျောင်းနံ့ဆောင်နှင့် ဆရာတော်ကြ ဆွမ်းဘုန်းပေးရာနေရာ။ ညသည့်ဒကာ ဒကာမ, များကို လ စကားပြောရာနေရာ။

ထိုကျောင်းဆောင်မှ လှေခါးအဆင်း၊ ရှည်လျားသေ လမ်းအဆုံးသည်၊ ကျောင်း၏ ဝင်ပေါက်၊ မုခ်ဦး။

ထိုလမ်း၏လက်ျာဘက်၊ဆရာတော်ကြီး၏ ကျောင်းဆေ ခေါင်းရင်းဘက်တွင်၊ အဆောက်အဦးတစ်ခု။ အပေါ်ထပ်သ သိမ်။ အောက်ထပ်သည် ရဟန်းသာမဏေတို့၊ ဘုရားရှိ ဝတ်ပြုရာ၊ ကမ္မဋ္ဌာန်းထိုင်ရာ၊ ဘုရားခန်း။

ထိုသိမ်တော်ကြီး၏ မျက်နှာစာတွင်၊ ကျယ်ပြောလှေ ရေကန်ကြီး။ ထိုရေကန်ကြီးထဲ၌၊ ကြီးမားသော ရှင်ဥပ မထေရ်မြတ်ဖောင်တော်။ (ထိုဖောင်တော်ပေါ်တွင်၊ တစ်ခါ ကျွန်တော်တို့ပုတီးသွားစိပ်ကြသည်)။ ကျယ်ပြောလှေ ရေကန်ကြီး၏ ပတ်ပတ်လည်တွင် သန့်ပြန့်စွာ ဆောက်လု ထားသည့်၊ တဲငယ်များ ။ ထိုတဲငယ်များတွင်၊ ဦးပဥ္စင်းတွေ၊ တွေ၊ သီတင်းသုံးကြ၏ ။

♥



မနက်(၄)နာရီ တုံးမောင်း ခေါက်လျှင် -

အိပ်ရာထ။ မျက်နှာသစ်။

ာရုံဆွမ်းစားဆောင်သို့ ၊ သက်န်းကို၊ သေသပ်စွာ ရုံလျက် ၊ ြေကြီးစွာဖြင့်၊ ကြွလှမ်းလာရ၏။

အာရုံဆွမ်းစားပြီးသည်နှင့်၊ မနက်(၅)နာရီ၊ ဘုရားဝတ် တ်ရသည်။ တရားထိုင်ရသည်။ ပြီးမှ၊ ကိုယ့်နေရာ ကိုယ်ပြန်ပြီး နား။ မနက်ရှစ်နာရီတွင်၊ ဆွမ်းခံကြွရ၏။ ဆွမ်းခံကြွရာတွင်၊ သွားအပြန် မည်သည့် ယာဉ်မျှမစီးရ။ သက်န်းကို၊ လက်ကတော့ ၌ ကြွကြရ၏။ သက်န်း ဖိုးရိုဖားယား ဝတ်ရုံထားသူကို၊ ်နှက်အပြစ်ပေး၊ ဆုံးမ,သည်။ မည်သည့် ကာလ,တွင်၊ ဖြစ်စေ န်းကို၊ သေသပ်စွာ ဝတ်ရုံထားရသည်။

ထို့ကြောင့်၊ ကျွန်တော်တို့မှာ အခက်တွေ့ကြရ၏။ န်းစက်ဖို့ အိပ်ရာဝင်လျှင်၊ သက်န်းကို၊ သေသေချာချာ ဝတ်ရုံပြီး၊ သေကောင်လို၊ ပက်လက်ဆန့်ဆန့် ကျိန်းစက်သည်။

တုံးမောင်းခေါက်လျှင် ဖြည်းညင်းစွာထ။ တဲရှေ့ အုတ်ရေ န်မှရေဖြင့်၊ မျက်နှာသစ်၊ သွားတိုက်၊ ကိုယ်လက်သန့်စင်ပြီးမှ၊

www.burmeseclassic.com

www.burmeseclassic.com



ညင်သာသော ခြေလှမ်းဖြင့်၊ ဆွမ်းစားဆောင်သို့ ကြွကြရ၏။

စည်းကမ်းကို၊ အပြည့်အဝ မလိုက်နာနိုင်သူ၊ ကျွန်တော်
လို ကိုရင်များအဖို့၊ တုံးခေါက်ခေါက်ချင်း၊ မထ,ဖြစ်သေး။ အိပ်
ထက်တွင်၊ မှေးနေလိုက်သေးသည်။ အတန်ကြာမှ အုတ်ရေကန်
ထဲသို့၊ လက်ခုပ်ဖြင့် ရေယူပြီး၊ မျက်နှာကို ဖျတ်ခနဲသစ်လိုက်
ထို့နောက် ဆွမ်းစားဆောင်သို့ သွားရာလမ်း၏ နံဘေးရှိ၊ ငှက်ပျော
ပင်ကြားတွင်၊ ညကတည်းက၊ ကြိုတင်ညှပ်ထားသော၊ မျက်နှာသုတ်
ပုဝါကို ယူပြီး၊မျက်နှာသုတ်၏။

လမ်းလျှောက်ရင်း မျက်နှာသုတ်သည်။ ပြီးမှ မျက်နှာသုတ်
ပုဝါကို၊ မျက်ကွယ်ရာ တစ်ခုခုတွင်၊ တင်ထားခဲ့၏။ ဆွမ်းစားဆော
သို့ အပြေးသွားသည်။ ဆွမ်းစားဆောင်၏ လှေခါးရင်းကို၊ မြင်သ
သောနေရာ၊ ဆရာတော်ကြီး မြင်နိုင်သောနေရာရောက်
(စည်းကမ်း မလိုက်နာနိုင်သေးသော)မည်သူမဆို၊ သိက္ခာရ ဝါတော်
ရ၊ ရဟန်းသာမဏေတို့၏ ခြေလှမ်းမျိုးဖြင့်၊ ဖြည်းညင်းစွာ
ကြွလှမ်းကြရတော့၏။

ဒါတောင်၊ သက်နှးတွန့်ကြေနေခြင်းမျိုးရှိလျှင်၊ ကြွ
လှမ်းရင်း၊ ဖြန့်ရ ဖိရသေး၏။ အပြေးအလွှားမျက်နှာသစ်ခဲ့ရသဖြင့်



ရေစိုနေရာ သက်န်းစ,ကို၊ လုံးပြီး၊ လက်ဖြင့်၊ ကိုင်ရ တွယ်ရ ပါသေး၏။

တုံးခေါက်ခေါက်ချင်း မနိုးထ,သဖြင့်၊ ကုဋီ(အိမ်သာ)လည်း၊ အချိန်ယူ၍၊ မတက်ဖြစ်သည့်အခါ၊ ပြေးရလွှားရသည့်အခါ၊ ကျွန်ဖြင့်၊ ကြွလှမ်းနေရသည့်အခါ၊ ဝမ်းနာချိန်နှင့် ကြုံရပြန်လျှင်၊ ကျွန်တော့်မှာ ၊ ခြေလှမ်း လှမ်းကြွရသည်မှာ၊ တွန့်လိန်နွေးကွေးနေရပြန်ပါ၏။ အရုဏ်ဆွမ်းစားလျှင်လည်း တွန့်တွန့်လိန်လိန်၊ ဘုရားတော်တက်ချိန်တွင်လည်း၊ ချွေးသီးချွေးပေါက်တွေဖြင့်၊ မလှုပ်မယှက်။ ခံသာသည့် အဆုံးကျမှ ၊ ဆရာတော်ကြီးကို ၊ ဝမ်းနာကြောင်း ၊ လျှောက်ရ၏ ။ "စောစောစီးစီး မလုပ်ထားဘူး" . . ဟု ၊ တစ်ခွန်းတစ်ပါဒ အဆူခံထိသည်။

(စည်းနှင့်ကမ်းနှင့် အနေကြာလာသောအခါ ၊ အလုံးစုံ ဆောင်ရွက်နိုင်သော်လည်း၊ တဖြည်းဖြည်းနှင့် နေသာ ထိုင်သာ ရှိလာ၏။ စည်းကမ်းဟုပင်၊ မထင်မှတ်တော့ဘဲ၊ သမရိုးကျ၊ အလေ့အထဟု၊ မှတ်ယူတတ်လာသည်)။

♥

www.burmeseclassic.com

www.burmeseclassic.com



**ဗုဒ္ဓရဲ့တေး**

ရှုပ်လှတဲ့ . . . လူ့ဘုံ
မှုပုံစွာ ပေါတွေလှတယ်
မောရတက်ကြုံ။

အဖြစ်ငယ်စုံ
ကျင်လည်ပုံ မှန်စွာတွေး၊
ရန်သူကို မေတ္တာပေးကွယ်
ဗုဒ္ဓရဲ့ တေး။ ။

1986. May
11:04 (p.m)

"ဟဲ့ ဝိလာသ"

"ဘုရား"

"မင်းခေါင်းစဉ်ကြီး မကောင်းဘူးကွ။ တေး . . တို့၊ သီချင်းတို့နဲ့ ဗုဒ္ဓနဲ့ မအပ်စပ်ဘူး။ အချုပ်ဒ်က၊ နောက်ဆုံးပါဒမှာလည်း၊ ဗုဒ္ဓရဲ့တေးကို၊ အေးစေဖို့လေး . . လို့ ပြောင်း။ ကြားလား"



[အထက်ပါ ကဗျာကို၊ {အလွမ်းပြေငြိမ်းရေးစာချုပ်(နှင့်) ...င်တွင်းဖွဲ့ကဗျာများ}-ကဗျာစာအုပ်တွင်၊(ဆရာတော်-...သီရိ၏၊ ဩဝါဒအတိုင်း)ပြန်လည်ပြင်ဆင်ရေးဖွဲ့ပြီး၊"ဗုဒ္ဓ...တော်"ဟူသော၊ခေါင်းစဉ်ဖြင့်၊ထည့်သွင်းဖော်ပြထားပါသည်]

"မင်းက ၊ ရည်စားပူမိလာတာဆိုကွ ။ ဟုတ်လား၊ ဝိလာသ"

"မှန်ပါ့ဘုရား"

"အခု သာမဏေဝတ်နဲ့ကော၊ ဒကာမ,လေးကို၊ သတိရမိသေးသလား"

" မတွေးရင် သတိမရပါဘူး ဘုရား"

"အေး။ လူတွေကို၊ လောင်မြိုက်စေတာ အဲဒီ အတွေးပဲကွ။ ပျော်စရာတွေးလည်း၊ လောဘ,ဖြစ်ပြီး၊ လောင်တယ်။ဝမ်းနည်းစရာတွေးလည်း၊ ဒေါသဖြစ်ပြီးလောင်တယ်"

"တပည့်တော်၊ ဒေါသ,မဖြစ်ပါဘူး ဘုရား"

"ဟဲ့ . . ဝိလာသ။ တုတ်ဆွဲ၊ဓားဆွဲဝှန်းဒိုင်းကျဲတာကိုပဲ၊ ဒေါသ,လို့ မသင်္ခမှတ်ရဘူး။

www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ကျတာလည်း၊ ဒေါသပဲ။ အ
မပြေတာ ကံနည်းတာတွေကို၊ တွေး။ တွေ
သောက ပရိဒေဝတွေဖြစ်။

နောက်တော့ မျက်ရည်တွေ ကျလာ
သောက . . ပရိဒေဝ . . ဒေါမနဿ . . ဆက်
ကို၊ လောင်တော့တာပဲ။ ဖြစ်ချင်တာ မဖြစ်
လောဘ အတွေးလေးကို အခြေခံလိုက်တာ
တည်း၊ ပူလိုက် ပင်လည်း ငိုကြွေးလိုက်ကြ
မျက်ရည်တွေ. . ရွှဲရွှဲဆိုကြတော့တာပဲ။

ဒါဟာ. . ရုပ်နာမ် သင်္ခါရ မသိလို့၊ ငါ
. . ငါ မဟုတ်ပါလား. . ဆိုတဲ့၊ အမှန်ကို
အဝိဇ္ဇာ-မောဟ,ကြောင့်၊ လောဘ. .
ဖြစ်ကြရတာ။

အမှန်ကိုသိရင်၊ မောဟ ဆိုတဲ့ အ
မဖြစ်။ မောဟ မဖြစ်တော့၊ ခန္ဓာကို၊ ကွဲကွဲ
သိ။ လောဘ, မလာ။ လောဘ. . မလာ
အလိုကျခြင်း မကျခြင်း၊ မဖြစ်။ အဲဒီတော့



ဒေါသ, မလောင်ကျွမ်း။ ဘယ်လောက်အေးလဲ။
အေးအောင်နေနော် . . ဝိလာသ”

“နေပါ့မယ်ဘုရား”

“အေးချင်ရင်၊ မတွေးနဲ့။ ကြားလား”

ကျွန်တော်၊ ဝမ်းနည်းစိတ်ကလေးဖြင့်၊ ခေါင်းညိတ်၏။

“ဘုရားရှိခိုးတာ၊ သီလခံယူတာ၊ ခင်ပွန်းကြီး
ဆယ်ပါး ကန်တော့တာ၊ မေတ္တာပို့တာ၊ ကမ္မဋ္ဌာန်း
တရားပွားများတာ။ အမျှဝေတာတွေဟာ၊ ပုထုဇဉ်
စိတ်တွေ မဝင်အောင်၊ အတွေးမများအောင်၊ ခန္ဓာ
ကို သတိဆောင်နေတာပဲ။ ဘုရားက . . ပရိနိဗ္ဗာန်
စံဝင်ခါနီးအထိ၊ ဘာပြောသွားသလဲ”

“ဘာပြောသွားတာလဲ. . ဘုရား”

“အံမယ်။ ငါ့ ပြန်မေးနေတယ်။ မင်းကို
ငါ မေးနေတာ”

“တပည့်တော်မသိလို့ ၊ အရှင်ဘုရားကို
ပြန်မေးမိတာပါဘုရား”

“ အပ္ပမာဒေန သမ္ပါဒေထ . . ။

www.burmeseclassic.com

www.burmeseclassic.com



မမေ့မလျော့သော သတိနဲ့ နေကြ. . တဲ့။

ပရိနိဗ္ဗာန် စံဝင်ခါနီးတဲ့အထိ၊ အကြိမ်ကြိမ် မှာတဲ့၊ ဘုရားစကားပဲ”

“မှန်ပါ့ဘုရား”

“ကိုယ့်ကိုယ်ကို၊ လောဘ. . ဒေါသ. . မောဟ. . စိတ်တွေ၊ ဝင်မလာအောင်၊ သတိနဲ့ နေလို့၊ ပြောတာကွဲ့”

“ရှင်းပါပြီ ဘုရား”

“မင်းတို့ ကြားဖူးနေကျ၊ တစ်ထောင့်ငါးရာ ကိလေသာ. . ဆိုတာတွေက၊ ပုထုဇဉ် မှန်သမျှကို လောင်မြိုက်တာပဲကွဲ့”

“တပည့်တော်တို့၊ ကိုရင်တွေ၊ ဦးပဉ္စင်းတွေ က,ရော၊ ပုထုဇဉ်ပဲလားဘုရား”

“လူဖြစ်ဖြစ်၊ ရဟန်းသာမဏေဖြစ်ဖြစ်၊ အလောင်မြိုက်ခံရဆဲဆိုရင်၊ ပုထုဇဉ်ပေါ့ကွ။

တခြားစာပေတွေထဲတောင်၊ သာမဏေ လေးတစ်ပါး . ၊ ဒကာမ,လေးတစ်ယောက်ကို ၊



စုံမက်မိလို့။

ဒကာမလေးရော၊သာမဏေလေးရော၊ နှစ် ဦးစလုံး၊ စောင့်ထိန်းရင်း၊ သေပွဲဝင်သွားကြတဲ့ အဖြစ်တွေ၊ ရေးကြသားကြတယ်ကွ”

“ဟို . . . ။ ကောင်မလေး သင်္ဂြိုလ်တဲ့ မီးခိုး ငွေ့နဲ့၊ ကိုယ်တော်လေး ၊ သင်္ဂြိုလ်တဲ့ မီးခိုးငွေ့နဲ့၊ မိုးပေါ်မှာ၊ပေါင်းစုံသွားကြတယ်ဆိုတဲ့ ဇာတ်လမ်း လား ဘုရား”

“အံမယ် . . ။ ဒါကျတော့၊မင်းသိတယ်။ ဟုတ်လား”

ကျွန်တော်ရယ်နေလိုက်မိ၏။ ဆရာတော်ဦးဝဏ္ဏသီရိက-

“မိဘ မသိဘဲ၊ မင်း ဒီမှာ၊ ကိုရင်လာဝတ် တာ။ တကယ်တော့၊ မလုပ်သင့်ဘူးကွ။

အဲဒီတော့၊ ဘုန်းကြီးဒရီးက ပြန်လာရင်၊ ဘုန်းကြီးကို လျှောက်ပြီး၊ မိဘ,ဆီကို သွား။ အသိပေး။

သား သမီးဆိုတာ၊ မိဘ,ကို၊ စိတ်ပူအောင်

www.burmeseclassic.com

www.burmeseclassic.com



မလုပ်ရဘူး။

မိဘ,ကို၊ ပူပန်အောင် လုပ်မိတဲ့၊ သားသမီး

တိုင်း၊ ဘာပညာတွေ တတ်တတ် မအေးချမ်းဘူးကွ

ကြားလား"

"မှန်ပါဘုရား။ တပည့်တော်၊ အိမ်ကို

အသိပေးဖို့ စဉ်းစားထားပါတယ် ဘုရား"

♥♥♥



(၅)

ကျောင်းထိုင်ဆရာတော်နှင့် စာသင်စာချဆရာတော်တို့ ...ပေးသွားကြသည်။ (ကြွကြသည်)။

ကျောင်းဝင်းကြီး၏ လုံခြုံရေးကို၊ ကျွန်တော်တို့၊ ဆောင် ...ကြရ၏။ အမှန်က၊ လုံခြုံရေးအကြောင်းပြပြီး၊ ကျွန်တော်တို့ ...လုံး၊ ည,လုံးပေါက်၊ စကားထိုင်ပြောကြ၊ ရယ်ကြမောကြ၊ ...ယ်ကြခြင်းဖြစ်၏။ (လုံခြုံရေးအဖွဲ့ခေါင်းဆောင်က၊ တေဇနှ)။

♥

ကိုရင်-ဥက္ကဋ္ဌ(ခ) အောင်ဖူးကို၊ ဤည. . ပစ်မှတ်ထား ...သည်။သရဲကြောက်တတ်သော အောင်ဖူးကို၊ မျက်ဖြူ ...လောက်သည်အထိ ခြောက်လှန့်ကျီစယ်ကြဖို့၊ အားလုံး ...ထားကြ၏။(ကိုရင်ငယ်လေး, ဝိလာသ,ပင်၊ အစီအစဉ် ...၌ ပါဝင်သည်)။

တေဇနှ သီတင်းသုံးရာ၊ ထဲပေါ်၌၊ ကိုရင်ငယ်တွေ၊ ...ကြီးတွေ၊ ဦးပဉ္စင်းငယ်တွေနှင့် သိုက်ဝန်းလျှက်ရှိ၏။ ညက၊ ... လ,ကွယ်ည။ လ,မိုက်ည။

♥

www.burmeseclassic.com

www.burmeseclassic.com



ပထမအစီအစဉ်အဖြစ်၊ ကျွန်တော်က၊ ရွာတစ်ရွာ… ရှိခဲ့ဖြစ်ခဲ့ဖူးသော၊ သရဲအကြောင်းကို၊ အသံနေအသံထ… ကိုယ်လက်လှုပ်ရှား သရုပ်ဖော်မှု အပြည့်အဝဖြင့်၊ ပြောပြ… ဝိုင်းအုံနေကြတာ ဦးပဉ္စင်းတွေ၊ ကိုရင်တွေကို၊ ပြောပြနေခြင်း… သော်လည်း၊ ပစ်မှတ်ကတော့၊ ကိုရင်ဥက္ကာ (ခေါ်)အောင်ဖူး…

"မြေးအဘွားနှစ်ယောက်တည်းနေတဲ့… အဘွားကြီးကသေ။ မြေးမ,လေး တစ်ယောက်ထ… ကျန်ခဲ့တာ"

"သြော်"

"ဟုတ်လား"

"အဲဒီ မြေးမ,လေးက၊ သူ့အဘွားသေသွားတော့၊ ဘာ… စားသလဲ". . ဟု၊ ကိုရင်လေး ဝိလာသ,က၊ ဝင်မေး၏။ ကျွန်… က-

"အလုပ်လုပ်စရာမလိုဘူး။ အဘွားကြီ… ချမ်းသာတယ်။ အတွင်းပစ္စည်းတွေ၊ ထိုင်စာ… ပေါ့"



အောင်ဖူးက-

"အတွင်းပစ္စည်းတွေ ထိုင်စားတယ်ဆိုတော့၊ ကောင်မ,လေးက၊ သရဲပေါ့"

"သရဲအကြောင်း မလာသေးဘူးလေကွာ။ မင်း ဘာတွေ လျှောက်ပြောနေတာလဲ"

"အတွင်းပစ္စည်းတွေ ထိုင်စားတယ်ဆို။ အတွင်းပစ္စည်း ဆိုတာ၊ ကလီစာတွေကို၊ ပြောတာ မဟုတ်ဘူးလား။ ကလီစာတွေ စားရင်၊ သရဲပေါ့ ကွ"

"ဥက္ကာ။ မနောက်နဲ့နော်။ ဒါ. . တကယ့် အဖြစ် အပျက်ကို ပြောပြနေတာ။

အတွင်းပစ္စည်းဆိုတာ၊ သိမ်းထားတဲ့၊ ရွှေထည် ပစ္စည်း၊ လက်ဝတ်လက်စား၊ ရတနာတွေ ကို၊ ပြောတာကွ"

"သြော်. . ။ ဂလိုလား"

"မင်း . . သိရဲ့သားနဲ့၊ ဝင်နောက်တယ်နော်။ အခုကတည်းက၊ ပြောထားမယ်။ မင်း ကြောက်တတ်

www.burmeseclassic.com

www.burmeseclassic.com



ရင်၊ တခြား သွားနေထဲ့။ ဆက်နားမထောင်နဲ့တော့"

"သိပ် မကြောက်ပါဘူး။ မင်းပြောတာ၊ နားထောင်လို့တောင် ကောင်းသေး။ ကြောက်စရာလည်း၊ မပါသေးပါဘူး"

ကျွန်တော် ဇာတ်လမ်းဆက်၏။

"မြေးမလေးက၊ ငယ်ငယ်ရွယ်ရွယ်ဆိုတော့၊ မသုံးတတ်မစွဲတတ်၊ ဟိုလူက . . . ညာ၊ ဒီလူက . . လိမ်နဲ့။ ရတနာပစ္စည်းတွေ၊ ကုန်ရော။

ပစ္စည်းတွေကုန်တော့၊ အိမ်ကြီးကို၊ ရောင်းပြီး၊ လယ်ကွင်းထဲ၊ တဲထိုးနေတော့တာပဲ။

တဲနဲ့နေ။ အိမ်ရောင်းလို့ ရတဲ့ငွေတွေလည်း။ ကုန်ရော။စားစရာကို၊ မရှိတော့ဘူး။

သူမှာ၊ ဘာမှ မရှိတော့တဲ့ အခါဆိုတော့ ချေးမယ့် ငှားမယ့် သူလည်း မရှိ။

ဟို အိမ်၊ အလုပ်ကူလုပ်၊ ဒီအိမ် အလုပ်ကူလုပ်နဲ့၊ ထမင်းတစ်နပ်ဖြစ်သလို စားနေရတာပေါ့။



တစ်ညလည်း ကျရော။ သူ့အဘွားကို၊ သူ . . . သတိရသွားတယ်"

"သူ့အဘွားက၊ လာရောလား"

"အောင်ဖူး။ ဖြတ်မမေးနဲ့ကွာ"

ကိုရင်ရွှဲကြီးက၊

"ဥက္ကဋ္ဌ။ ဖိလင်အောက်တယ်ကွာ။ မင်း ပါးစပ်ပိတ်ထား"

အောင်ဖူး၏ ပါးစပ်ကို၊ ရွှဲကြီးက၊ လက်ဝါးဖြင့်၊ လှမ်းပိတ်၏။ ကျွန်တော် စကားဆက်သည်။

"သူ့ အဘွားကို သတိရသွားတယ်ဆိုတာက၊ သူ့အဘွားကို၊ မြေမြှုပ်သင်္ဂြိုလ်တုန်းက၊ သူ့အဘွားရဲ့ ဘယ်ဘက် လက်သူကြွယ်မှာ၊ စိန်လက်စွပ်တစ်ကွင်း၊ စွပ်ပေးပြီးမှ၊ သင်္ဂြိုလ်တာလေ။ အဲဒါကို။ သတိရတာ။

အဲဒါကို၊ သတိရပြီး၊ ညကြီးမင်းကြီး၊ သင်္ချိုင်းကို သွားတော့တာပဲ"

အားလုံးစိတ်ဝင်စားနေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘွားအေကြီးရဲ့။ မြေပုံကို . . ရှာ
ပေါက်တူးနဲ့တူး။

သုံးနှစ်လောက်ကြာပြီဆိုတော့၊ အခေါင်း
ရိုက်ဖွင့်စရာတောင် မလိုဘူး။ ဖိလိုက်တာနဲ့ ပွ
တယ်။

ပွင့်ပွင့်ချင်းချင်း၊ အဘွားကြီးရဲ့ လက်
ကြွယ်က၊ စိန်လက်စွပ်ကို ချွတ်တာ။ ချွတ်လို့မရဘူး
လက်ဆစ်နဲ့ တစ်နေတယ်။

အဲဒါ . . ဆွဲချွတ်လို့ မရတော့၊ တစ်ခါတည်း
လက်သူကြွယ်ကို၊ လှန်ချိုးပစ်လိုက်တာ။

အဲဒီတော့မှ လက်စွပ်ကို ယူလို့ရတယ်"
ကိုရင်တစ်ပါးက-

"မကြောက်ဘူးလား"

"ငတ်လာရင်၊ မကြောက်တော့ဘူးကွ"
အောင်ဖူး၊ ကျွန်တော့်ကို မကြည့်တော့ဘဲ နားထော
နေရှာ၏။

"မနက်ကျတော့၊ အဲဒီလက်စွပ်ကို၊ မြို့ပေါ်



တက်ရောင်း။

ရတဲ့ ငွေတွေကို၊ ကျစ်နေအောင် ကိုင်။
ကြက် သုံးကောင် ဝယ်ပြီး၊ တစ်ယောက်တည်း၊
ချက်စားပစ်တာ။

တစ်နေကုန် စားလိုက် အိပ်လိုက်နဲ့။ ည
မိုးချုပ်တော့၊ ကြက်သားဟင်းက၊ မကုန်သေးဘူး။

အဲဒါ . . ထမင်းတစ်နပ်၊ ထပ်စားပြန်ရော။

အဲဒီအချိန်မှာ၊ အဘွားကြီး တစ်ယောက်
အိမ်ပေါ်ကို ရောက်လာတယ်။ ရုပ်က,တော့၊ သူ့
အဘွားနဲ့ ခပ်ဆင်ဆင်ပေါ့။

မြေးလေး၊ အဘွားကို၊ ထမင်းတစ်နပ်
လောက်ကျွေးပါ . . ဆိုတော့၊ ကောင်မ,လေးက၊
ထည့်ကျွေးတယ်။

ထမင်းတစ်ပန်းကန်ကို၊ နှစ်လုတ်လောက်နဲ့
ကုန်သွားရော။ ကောင်မ,လေးက၊ မကြောက်ချင်
ယောင်ဆောင်ပြီး၊ ထမင်းဟင်း ထပ်ထည့်ပေး
တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးက၊ ဘယ်လက်ကြီးနဲ့ ထမင်းဆေ

ကို၊ နယ်လိုက်၊ စားလိုက်၊ လှုပ်နေတုန်း။

အဘွားကြီးရဲ့၊ လက်မှာ၊ လက်သူကြွ

တစ်ချောင်းပါမလာဘူး။

ကောင်မ,လေး ဖော့်ကော်လန့်သွားတယ်

ဒါပေမဲ့ သူ့အဘွား၊ မဟုတ်လောက်ပါဘူး

တွေးပြီး, ဟုတ်မဟုတ် သိချင်တာနဲ့၊

အဘွား. .၊ အအွားရဲ့ လက်သူကြွယ်

ဘာဖြစ်တာလဲဟင်. . လို့ မေးလိုက်တယ်။

အဲဒီလို မေးလည်း မေးလိုက်ရော။ အဘွ

ကြီးရဲ့၊ မျက်လုံးတွေက၊ နီရဲလာပြီး၊ အဲဒီမျက်

နီကြီးတွေနဲ့ ကောင်မ,လေးကို၊ စိုက်ကြည့်တယ်

ကြည့်ပြီး. . သူ့လက်ကို၊ သူ. . မြှောက်

ရင်း၊ ငါ့လက်သူကြွယ်က၊ ငါ့. . လက်သူကြွယ်

. . ."

စကားကို တမင်အချိန်ဆွဲ ပြောရင်း. .၊ ရှင်ဥက္ကဌ

အောင်ဖူး မျက်နှာတည့်တည့်ကို၊ ကျွန်တော် လက်ညှိုးပြ



ဆောင့်ထိုးသကဲ့သို့ ပြုရင်း. .

"နင်ဖြတ်တာ". . ဟု၊ အသံနက်ကြီးဖြင့်၊ ကျွန်တော် အော်

ပြောလိုက်၏။ အောင်ဖူးခမြာလည်း . . "အင်း" . . . ဟူသော၊

အသံပြာကြီးဖြင့် အော်လျက်၊ မျက်လုံးပြူးကာ. . သတိလစ်သွားလေ

တော့၏။

♥

မနိတဲ ကျောင်းဆောင်လေး၏ အပြင်သို့၊ အောင်ဖူးကို၊

ချီမ,လာကြ၏။ ခုံတန်းလျား ရှည်ပေါ်တွင်၊တင်သည်။ ခြေမ,

လှန်ချီးသူ၊ လက်မနှင့် လက်ညှိုးကြားသို့၊ နှိပ်နယ်ပေးသူတို့၏

အကုအသ,ကြောင့်၊ ခဏအတွင်း၊ သတိပြန်လည်လာ၏။

"ဥက္ကဌ၊ ဥက္ကဌ၊ ငါ,မင်းကိုလှန့်တာ မဟုတ်

ဘူးနော်။ မင်းဘာသာ လန့်သွားတာနော်"

ကျွန်တော် ကိုယ့်ကိုကိုယ် ကာကွယ်စကားဆို၏။ အောင်ဖူး

(ခ) ရှင်ဥက္ကဌ၊ စကားမပြန်နိုင်သေး။

"ဟိုမှာ . . ဟိုမှာ . ."

တစ်ခေါ်လောက် အဝေးရှိ သရက်ပင်အောက်၊ အမှောင်

ထဲတွင် အဖြူရိပ်ကြီးတစ်ခု။ ထိုအရာကို လက်ညှိုးထိုးရင်း. .

www.burmeseclassic.com

www.burmeseclassic.com



အောင်ဖုး ကြက်သေ . . သေနေလေတော့၏။

ထိုအဖြူရိပ်ကြီးမှာ၊ တခြားမဟုတ်။ ကိုရင်ငယ်လေး ဝိလာသ,က၊ ခြင်ထောင်ကို၊ သရက်ပင်အကွယ်မှာ၊ ဖြန့်ပြနေခြင်း ဖြစ်၏။

"တစ္ဆေ။ တစ္ဆေ"

အောင်ဖုး(ခ) ရှင်ဥက္ကဋ္ဌ၏ နှုတ်မှ၊ ထွက်ပေါ်နေသော စကားသံ။

"ဘယ်မှာလဲ၊ တစ္ဆေဘယ်မှာလဲ"

သူလက်ညှိုးထိုးအပြ။ အဖြူရိပ်ကြီး မရှိတော့။ ထိုစဉ် ကျွန်တော်တို့ အစီအစဉ်ထဲမှာ၊ မပါဝင်သော၊ အဖြစ်အပျက် တစ်ခုကို၊ အားလုံးတွေ့မြင်လိုက်ကြရ၏။

"ဟိုမှာ . . ဟိုမှာ. ."

အောင်ဖုး (ခ)ရှင်ဥက္ကဋ္ဌ အထိတ်အလန့် အော်ဟစ် ညွှန်ပြသ်။ ကျွန်တော်တို့ရှိနေရာနှင့် လွန်စွာဝေးသော၊ အုတ် ရေချိုးကန်အနီး၊ အမှောင်ထဲ၌၊ မီးတောက်တစ်ခုကို၊ ဆေးလိပ်မီးကဲ့သို့ ရဲခနဲ၊ ရဲခနဲ၊ မြင်လိုက်ရ၏။

"တေဇနေ။ အဲဒါ, အစီအစဉ်ထဲမှာပါလား"



ဦးဇင်းစန္ဒိမာက၊ တေဇနကို မေး၏။ တေဇန ခေါင်းခါသည်။

"ဝိလာသ,ရော . .။ ဝိလာသ . . ဝိလာသ"

တေဇန၏ အော်ခေါ်သံကြောင့်၊ ကိုရင်လေး ဝိလာသ, အှောင်ထဲမှ၊ ပြေးထွက်လာ၏။

"ဘုရား"

"ဟိုဟာ . . ဘယ်သူလဲ"

"မသိဘူး။ တပည့်တော်လည်း ကြောက်လို့။ ဒီကိုပြေးလာတာ"

"ငယ်တဲ့သူတွေ၊ ဒီ . . တန်းလျားမှာ၊ ဥက္ကဋ္ဌနဲ့ နေခဲ့ကြ။ ကျန်တဲ့သူတွေ ငါနဲ့ . . လိုက်ခဲ့။ ငါအချက်ပေးတာနဲ့၊ အဲဒီ မီးရဲတဲ့ နေရာကို၊ လေးခွနဲ့ပစ်။ ဝိလာသ,က၊ တုတ်နဲ့ဝင်ရိုက်။. ."

ဦးပဍ္ဍင်း စန္ဒိမာက၊ ဦးဆောင်စီစဉ်၏။ မြင်နေရသော ဆေးလိပ်မီးမှာ၊ အမှောင်ထဲ၌၊ ဟိုရွှေ့ဒီရွှေ့ ဖြစ်နေ၏။

"ဝိလာသ၊ မြန်မြန်လာကြနော်"

အောင်ဖုးက ၊ ကိုရင်ငယ်လေးတွေကို ၊ ပခုံးဖက်ရင်း ၊

www.burmeseclassic.com

www.burmeseclassic.com



မှာကြား၏ ။ "အေးပါ".. ဟုသာ၊ ကျွန်တော်၊ ပြောခဲ့သည်။

♥

ဦးပဥ္စင်းစန္ဒိမာက ...(ဆေးလိပ်မီး၊ ရဲခနဲဖြစ်သွား သောနေရာကို၊ ဝိုင်းအပြီး)၊တစ် ... နှစ် .. သုံး .. လက်ဖြင့် အချက်ပြကာ၊ ထိုနေရာကို၊ ဓာတ်မီးဖြင့် အထိုး ကျွန်တော်က၊ ဝါးရင်းတုတ်ဖြင့်၊ ဝင်အရိုက်။ တေဇနေ လေးခွနှင့်အပစ်။

"ဟာ..။.."

တော်ပါသေး၏။ လက်လွန်ခြေလွန် မဖြစ်ကြ။

ဆေးလိပ်မီး ပိုင်ရှင်မှာ၊ "ဝါကြီး" ... ဟု၊ ခေါ်သော ဦးပဥ္စင်း။ (လက်ကြားထဲတွင်၊ ဆေးပေါ့လိပ်လေးညှပ်ပြီး၊ ခေါက်ဆွဲ သုတ်စားနေလေ၏)။

ဦးစန္ဒိမာက-

"ဟာ.. ဝါကြီး ။ တပည့်တော်က သူခိုးမှတ်လို့"

တေဇနက-

"တပည့်တော်က၊ သရဲထင်တာ"



"နေစမ်းပါဦး။ ဘာဖြစ်လို့၊ ဒီအထဲဝင်ပုန်း နေရတာလဲ"

"မင်းတို့၊ တောင်းစားမှာစိုးလို့၊ ငါ့ဘာသာ၊ အသုတ်ကလေးစားလိုက်၊ ဆေးလိပ်လေးဖွာလိုက်၊ လုပ်နေတာ။

မင်းတို့လာသံကြားလို့၊ နေရာရွှေ့တာ"

"အင်း။ ဒါကြောင့်၊ မီးက.. အမှောင်ထဲ မှာ၊ ရွေ့နေတာကိုး"

ဆေးလိပ်ကို၊ မီးရဲအောင် ဖွာရင်း၊ ရှင်ဥက္ကဋ္ဌဆီသို့၊ သွားကြ လေ၏။(ရှင်ဥက္ကဋ္ဌခမျာ၊ အလန့်တကြား)။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



(ည)

ကျောင်းထိုင်ဆရာတော် ပြန်ကြွမလာမီ ည,မှ စကာ၊ ကျွန်တော်တို့ ဒုလ္လဘ ကိုရင်တွေ ဦးပဉ္ဇင်းတွေရော . . ၊ ကျောင်းရှိ ကိုရင်တွေ ဦးပဉ္ဇင်းငယ်တွေရော၊ သိုင်းသင်တန်းတက်ကြရသည်။

ကျွန်တော့် သူငယ်ချင်း ဇော်ဦးသန်း (ခ)ဦးစန္ဒိမာက၊ သင်တန်းဆရာ (နည်းပြချုပ်) ။

ကျွန်တော်က ၊ လက်ထောက်နည်းပြ။

♥

တရုတ်ကြီး . . ဟုခေါ်သော ကိုရင်က၊ ရှောင်လင် ကျောင်းအကြောင်းပြောစဉ်၊ ကျွန်တော်က၊ ငါတို့ မြန်မာမှာလည်း ကျောင်းရှိတယ်ကွ. . ဟု၊ အားကျမခံပြန်ပြော ပြိုင်ငြင်းကြရမှ၊ သက်ဝေ့စိန်ခေါ်ပွဲများ ဖြစ်သွားကြ၏။

အထိုးအကြိတ် အသတ်အပုတ် ကျွမ်းကျင်သော၊ ကိုရင် ကြီး တေဇနက၊ သူအပါအဝင် အားလုံး ၊ တစ်ပါးနှင့်တစ်ပါး ၊

www.burmeseclassic.com

www.burmeseclassic.com



စိန်ခေါ်သတ်ပုတ်ကြမည်။ ထိုအထဲမှ အနိုင်ရသူကို၊ ရှုံးနိမ့်သူတို့ ဆရာတင်ကြရမည်။

ဤသို့ဖြင့်၊ တေဇနှင့် ဇော်ဦးသန်း(ခ)ဦးစန္ဒိမာ ယှဉ်ပြိုင်၏။ မိနစ်ဝက်မျှဖြင့်၊ တေဇနရှုံးနိမ့်သည်။ တရုတ်ကြီး ကျွန်တော်ယှဉ်ပြိုင်သည်။ (ဘယ်ပြညာကန် အနေအထားလော ဖြင့်၊ ကျွန်တော်အနိုင်ရ၏ . . . )။

♥

ထို့ကြောင့်၊ ကိုယ်ခံပညာ မတတ်မြောက်သေးသူမှ တတ်မြောက်ထားပြီးသော်လည်း၊ ထပ်မံလေ့လာချင်သူများ၊ ရှဲ ကဲ့သို့ အထိုးအကြိတ်ဝါသနာပါသူများ . စသည်ဖြင့်၊ သင်တန်းသ များ ၊ များပြားသွားကြ၏။

"ဦးပဥ္စင်းတို့က၊ အရင်ကတည်းက၊ တတ် သားဆိုလည်း၊ ကြို့အသိပေးလေ။ ဆရာရွှေ မလုပ်ဘဲနဲ့။ တစ်ခါတည်းတပည့်ခံမှာပေါ့" . . ဦးစန္ဒိမာ(ခ)ဇော်ဦးသန်းကို၊ တေဇနပြော၏။

♥



သင်တန်းချိန်သည် ညကိုးနာရီခွဲတိတိ။ (ဘုရားဝတ်တက် ချိန်)။နေရာသည် ငှက်ပျောတောအနီး၊ မြေကွက်လပ်။ ကျောင်းထိုင်ဆရာတော်ကြီး၏ ကျောင်းတိုက်နှင့် လွန်စွာ ဝေးကွာ သောနေရာ)။ ကျယ်ပြောသည့် ရေကန်ကြီးနှင့်တကွ။ အပင်တွေ ဆောက်အဦးတွေ၊ များစွာခြားနားထားလေ၏။

♥

ကျောင်းထိုင်ဆရာတော်ကြီး၊ ခရီးမှ ပြန်ကြွလာသည့် ည။ ခံအတိုင်း ဘုရားဝတ်တက်အပြီး၊ ကိုယ့်ကျောင်းဆောင်ကိုယ် . . ၊ တန်ပြုကြ၏ ။ ညကိုးနာရီခွဲတွင် ၊ သင်တန်းတည်ရှိရာ မြေကွက်လပ်မှာ၊ အားလုံး တစ်စုတစ်ဝေး။ အသံတိတ်။

လက်သီးအနေအထား ၊ ခြေထောက်အနေအထား ၊ အနေအထားတွေကို၊ ကျွန်တော်က၊ စစ်ဆေးပေးရ၏။ လက်သီး စ်ခါထိုးတိုင်း၊ ခြေလှမ်းတစ်ခါရွှေ့တိုင်း"အိ" "အု" . . စသည်ဖြင့်၊ ်ရမည့်၊ အော်သံများကိုပင်၊ ပါးစပ်ပိတ်၍၊ တိုးတိုးအော်စေ၏။

♥

www.burmeseclassic.com

www.burmeseclassic.com



ဆယ်မိနစ်ခန့် အကြာတွင်၊ အားလုံးသော ကိုရင်ငေ ဦးပဥ္စင်းငယ်တွေ၊ အမှောင်ထဲတွင် ပျောက်ကွယ်သွားကြသည်

ကျွန်တော် သတိထားမိချိန်တွင်၊ ခပ်လှမ်းလှမ်း ငှက်ပေ ပင်၏ အနောက်၌၊ တရုတ်ကြီးဟုခေါ်သော၊ ကိုရင်က၊ သူ့ကိုယ် ငှက်ပျောရွက်ဖြင့် အကာပြုလျက်၊ ပုန်းနေသည်ကို ဝိုးတဝါး ရ၏။ ဘာဖြစ်မှန်းမသိသော်လည်း၊ အနီးရှိ ငှက်ပျော်ပင် ပင်ေ နောက်သို့၊ ကျွန်တော်ပါ ၊ ဝင်ပုန်းလိုက်ရသည်။

အမှောင်ထဲမှ၊ အရိပ်တစ်ခု၊ တဖြည်းဖြည်း၊ နီးကပ်လာ သိုင်းသင်တန်း မြေကွက်လပ် အလယ်တွင် ရပ်သွား၏။ ထိုအ ကျမှ၊ ကျောင်းထိုင်ဆရာတော်ကြီး၊ ဦးအာစယျမှန်း သိရ သည

"ဟို ကိုရင်။ တေဇနဲ ဘယ်မှာလဲ"

ဆရာတော်ကြီး၏ အနီးဆုံး ငှက်ပျောပင်၏ နောက်တွ မှ ကိုရင်တရုတ်ကြီးကို၊ ကျွန်တော်အသံတိတ်လှမ်းပြောသည မင်းကို တွေ့သွားပြီ . . ဟု၊ အဓိပ္ပါယ်သက်ရောက်စေသော အ အမူဖြင့်၊ သူ့ကို၊ လက်ညှိုး ထိုးပြလိုက်၏။

ကိုရင် တရုတ်ကြီးက၊ လက်ခါပြပြီး၊ သူ့ကိုယ်သူ ငှက်ပေ ရွက်ဖြင့်၊ ကာရံထားကြောင်း၊ အသံတိတ်၊ ပြန်ပြောသည်။



"ဟဲ့၊ ကိုရင်၊ မေးနေတာ မကြားဘူးလား"

မည်သူမျှ မဖြေ။

" ငှက်ပျောပင်နားက ကိုရင်။ မင်းကို၊ မေးနေတာ။ ဒီကိုလာစမ်း"

တရုတ်ကြီးကို၊ ပုန်းနေရာမှ ထွက်လိုက်ဖို့၊ ကျွန်တော် သက်ဟန်ဖြင့်၊ လှမ်းပြော၏။ သူ့ကို၊ တွေ့ခြင်း မဟုတ်ကြောင်း၊ ကျွန်တော့်ကိုသာ၊ တွေ့ခြင်းဖြစ်ကြောင်း၊ တရုတ်ကြီးက၊ ကျွန်တော့် ကို၊ လက်ညှိုးထိုး၊ သူ့ကိုယ်သူ လက်ခါ ပြလျက်၊ ပြော၏။

ကျွန်တော်က၊ မဟုတ်နိုင်ကြောင်း၊ ဆရာတော်နှင့် သူ့ငှက်ပျောပင်သာ၊ အနီးဆုံးမို့၊ ဝို၍ဝေးသော ကျွန်တော့်ကို၊ ဆရာတော်မမြင်နိုင်ကြောင်း၊ လက်ဟန်ဖြင့်၊ ပြန်ပြော၏။ တရုတ် ကြီးက၊ လက်ခါသည်။

"ဟဲ့ . . ကိုရင်။ ဒီကို လာစမ်းလို့၊ ခေါ်တာ၊ မကြားဘူးလား"

မည်သူမျှ၊ မထွက်။

"ဝိလာသ"

ကိုရင်ငယ်လေး၊ ဝိလာသ,တော့၊ ပြဿနာတက်ပြီ . . ဟု၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တွေးလိုက်၏။ တခြားသူ အားလုံး၊ အခုလောက်ဆို၊ ကိုယ့်အဆောင်ကို . . ကိုယ်၊ ပုန်းလျှိုး ကွယ်လျှိုးဖြင့် ရောက်နှင့်နေလောက်ပေပြီ။

ဝိလာသ လေးကျတော့၊ ငယ်လွန်းသူ။ လုံအောင်လည်း မပုန်းနိုင်၊ လွတ်အောင်လည်း၊ ပြေးနိုင်ရှာမည်၊ မဟုတ်။

"ဝိလာသ။ ဟဲ့ . . . ၊ ကိုရင်ကြီး၊ ဝိလာသ"

"ဗုဒ္ဓေါ"။

'အခုထွက်ခဲ့စမ်း"

ဆရာတော်ကြီးက၊ ကျွန်တော့် မှက်ပျောပင်ရှိရာသို့ ခြေလှမ်းပြင်၏။ ကျွန်တော် ပုန်းနေရာမှ၊ ထွက်လိုက်ရပေပြီ။ ကိုရင်တရုတ်ကြီးက,တော့၊ သူ . . သေချာပေါက် လွတ်မြောက်သွားပြီဖြစ်သဖြင့် ၊ သူ့အဆောင်ရှိရာသို့၊ လေးဘက်ထောက်ကာ ၊ အမှောင်ထုအားကိုးဖြင့်၊ တရွေ့ရွေ့ပြေးလေတော့သည်။

"မင်း ဘာလုပ်နေတာလဲ"

"စကြံန် လျှောက်နေတာပါ ဘုရား"

" တေဇနကော"

"သူ တဲမှာ၊ ရှိပါတယ်ဘုရား"



"မင်းက၊ စကြံန်လျှောက်တာ၊ မှက်ပျောပင်နောက်ထဲ၊ ဘာဝင်လုပ်နေတာလဲ"

"အပေါ့အပါး သွားတာပါဘုရား"

"ကုဋီမှာ သွားလို့မရဘူးလား"

"အလွယ်သွားမိတာပါဘုရား"

"ဝိလာသ"

"ဘုရား"

"မင်း . . ။ လူလား။ သာမဏေလား"

"သာမဏေပါ ဘုရား"

"မင်းက၊ သာမဏေ မဟုတ်တော့ဘူးကွ။ မင်း . . လူဖြစ်သွားပြီ။

လူတောင်မှ ၊ လူလိမ် ။

လူလိမ်ဆိုရင်၊ သင်္ကန်း မဝတ်ရဘူးကွ"

"တပည့်တော် . ."

" မင်းက၊ အငယ်ကလာဝတ်ရတဲ့သူဆိုတော့၊ မင်းကို၊ ငါ မရိုက်ဘူး။

တေဇနရော ၊ တခြားကိုယ်တော်တွေရော၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်နေရာ ကိုယ်၊ တစ်ပါးမှ မရှိကြဘူး။

မင်းတို့၊ ဒီမှာ လက်သီးထိုးနေကြတယ်။ ငါ့ မြင်မှ ပြေးကြ၊ ပုန်းကြတာ။

မင်းက . . ၊ အထိုးအကြိတ် လုပ်ရုံအဖြင့် မှသာဝါဒပါ ၊ ကျူးလွန်တယ်။

အဲဒီတော့ . . ၊ မင်းနဲ့ သက်န်းနဲ့၊ ဘာ မဆိုင်တော့ဘူး။ မနက်ဖြန်က,စပြီး၊ မင်း. . လူထွက်တော့။ ကြားလား"

"တပည့်တော်၊ မထွက်ပါရစေနဲ့ ဘုရား တပည့်တော်က၊ ကိုရင်အပြီးဝတ်ဖို့၊ ကြိုးစား နေတာပါ ဘုရား"

"မင်းလိုကောင်မျိုး၊ တေဇနလိုကောင်မျိုး ငါ့ကျောင်းထဲရှိနေရင်၊ ကျန်တဲ့ကိုယ်တော်တွေ အကုန်ပျက်စီးသွားမယ်။ မနက်ဖြန်၊ မင်း. လူထွက် လိုက်တော့။



(၄)

တစ်ညလုံး. . ကျိန်းစက်၍မရ။

"ဝိလာသ။ ကျိန်းလို့မရဘူးလား"

ခေါင်းရင်းခန်းမှ ဆရာတော် ဦးဝဏ္ဏသီရိ၏ အမေး။

www.burmeseclassic.com

www.burmeseclassic.com



"မရဘူး ဘုရား။ တပည့်တော်၊ ဘာလုပ်ရမှန်း မသိဘူး။ ဝမ်းလည်းနည်းတယ်"

"ဘုန်းကြီးက၊ တေဇနကိုလည်း၊ ဒီလိုပဲ ဆူနေပြောနေကျပါကွာ ။ စိတ်အေးအေး ထားစမ်းပါ။

မနက်၊ ကိုယ်လုပ်စရာရှိတာလုပ်။ ဆွမ်းခံကြွစရာရှိတာကြွ။ ဘာမှ မဖြစ်ဘူး။ ကြားလား"

"တင်ပါ့ဘုရား။ ဒါပေမဲ့.. ဆရာတော်က၊ မနက်ဖြန် မင်းလူထွက်တော့လို့၊ မိန့်တာဘုရား"

"စကားအဖြစ် ပြောတာပါကွာ။ ဟိုတွေး ဒီတွေး၊ တွေးမနေစမ်းနဲ့။



အိပ်ပျော်အောင်သာ၊ အိပ်စမ်းပါ"

ဦးဇင်း ဦးစန္ဒိမာရော၊ ကိုရင် ဥက္ကဋ္ဌရော၊ ကျွန်တော့်ကို၊ ...းပေးစကား ပြောကြသည်။

ကိုရင်ဥက္ကဋ္ဌက-

"လောလောဆယ်၊ ငါတို့တွေက၊ ဒုလ္လဘတွေပါကွာ။ လူထွက်ရတော့လည်း၊ ထွက်လိုက်ရုံပေါ့။ ဘာဖြစ်လဲ"

"သာမန်ထွက်တာမဟုတ်ဘူးလေကွာ။ ကျောင်းက နှင်အထုတ်ခံရသလိုကြီး။ အဲဒီလိုကြီးတော့၊ ငါ,မထွက်ချင်ဘူး"

မနက်အရုဏ်ဆွမ်းစားချိန်အထိ၊ ...နှုန်တော် အိပ်မပျော် ။

www.burmeseclassic.com

www.burmeseclassic.com



မနက်အရက်ဆွမ်း စားချိန်တွင်၊ သက်နးကို၊ ကျွန်တော် သပ်သပ် ရပ်ရပ်မရုံတော့။ ဖိုးရိုးဖားရားသာ ရုံပစ်လိုက်တော့၏ ကျောင်းထိုင် ဆရာတော်ကြီး၊ မမြင်အောင်တော့ ပုန်းလျှိုးကွယ်လျှိုး နေရသည်။

♥

ဆွမ်းခံပြန်ချိန်မှာလည်း၊ လက်ကတော့ ထိုးထားသော သင်္ကန်းကို၊ ဖြည်လျက်၊ သာမန်ပုံစံဖြင့် ဖြင့်ရုံလိုက်သည်။

လူထွက်ရတော့မည့် နေ့ကျပါမှ၊ ဆွမ်းခံအိမ်တစ်အိမ်က ဆွမ်းချိုင့် တစ်ချိုင့် လှူလိုက်သေး၏။ ငှက်ပျော်ဖီးတစ်ဖီး လှူလိုက်သေး၏ ။ သပိတ်က, တစ်ဖက်ဖြင့်၊ ကျွန်တော့်မှာ မနိုင်မနင်း ။ ချွေးတရွှဲရွှဲ။

ဆွမ်းခံ အသွားအပြန်၊ မည်သို့သည့် မော်တော်ယာဉ်မျှ မစီးရ ခြေလျင်သာကြွရမည်. . ဟူသော၊ စည်းကမ်းကို၊ ကျွန်တော် တမင် ဖောက်ဖျက်လိုက်၏။ လူထွက်ရတော့မယ့် အတူတူ၊ ဘတ်(စ်)ကား စီးပြီး ပြန်မယ်. . . ဟု၊ ဆုံးဖြတ်ပြီး ၊ ဘတ်(စ)ကား ၊ တက်စီးသည်။



ဘတ်(စ)ကားခ မပေးရ။

ခရီးသည်များက,လည်း ၊ နေရာထိုင်ခင်းပေးကြသည်။ ပစ္စည်းဝန်များကို၊ ကူမ,ပေးကြသည်။

(သြော်. . ၊ လူအကြည်ညိုခံ ၊ ရဟန်း သာမဏေဘဝ ၊ ဒီနေ့နောက်ဆုံးပါလား. . ဟု၊ တွေးမိပြီး ၊ စိတ်ဆင်းရဲရ၏)။

♥

ဆရာတော်ကြီးများ၏ ဆွမ်းဝိုင်းတွင်၊ ဆွမ်းဟင်းကောင်း၊ အစ်ခွက်ကို၊ ကိုယ်တိုင် သွားမချဖြစ်တော့။ ကပ္ပိယကို၊ ချခိုင်းသည်။ ဆွမ်းစားချိန်တွင်၊ ဆရာတော်မမြင်အောင် ကိုယ်ကိုကွယ်၍ ဆွမ်းစားရ၏။

ဆွမ်းစားပြီးသော်၊ ဆရာတော်ကို၊ ဦးတိုက်ပြီးမှ၊ အဆောင် သို့ ပြန်ကြွရသည်မို့၊ ဆရာတော်ကို၊ မျက်နှာမဖူးဘဲ၊ ဦးချလိုက်သည်။

ပြီးနောက် -

www.burmeseclassic.com

www.burmeseclassic.com



မျက်လွှာချကာ၊ ဆွမ်းစားဆောင်မှ ပြန်ဖို့ ခြေလှမ်းပြင်၏။

(ဆရာတော်ကြီး အနီးအပါးတွင်၊ ဧည့်သည့် ဒကာဒကာမများ ရှိနေကြ၏)။

"ဟဲ့ . . ။ ဟို ကိုရင်။
ဝိလာသ။ ဒီကို လာဦး"

သွားပြီ။

ကျွန်တော်အရှက်ဖျန်းဖျန်းကွဲပြီ . . ဟု၊ တွေးလျှက် ငိုချင်စိတ်ဖြစ်၏။

ဆရာတော့်အနားသို့၊ သွားရသည်။

"မင်း၊ ချွေးတွေ ရွှဲလို့ပါလား"

"မှန်ပါ ဘုရား"

" မင်းမှာ့ သက်န်း ဘယ်နှစ်စုံရှိသလဲ"

"နှစ်စုံရှိပါတယ်ဘုရား"



"ရော"

သော့တစ်ချောင်းပေး၏။

"အဲဒီ ဘီရိုထဲမှာ၊ စီ. ဝိုင်. စီသင်္ကန်း တစ်စုံရှိတယ်။ အဲဒါကို နှုံလိုက်။ မင်း ကိုယ်ပေါ်က၊ သင်္ကန်းကို ကြိုးတန်းပေါ် လွှာထားလိုက်ဦး။ ချွေး ဒီလောက်ရွှဲနေတာ အအေးပတ်မယ်"

ကျွန်တော်၊ အင်မတန် ပျော်သွားရသည်။ ရည်စားမှမိသော၊ အပျိုမီးပါ မကျန်၊ အားလုံးသော၊ ရတက်မီးတို့၊ ငြိမ်းအေးသွားရသည်အထိ၊ ပျော်ပိုက်သွားရလေသည်။

♥

ထိုနေ့ရက်မှစ၍၊ ကျွန်တော်သည် ၊ သီလ. . အစရှိသော အမကောတို့၏ ကျင့်ဝတ်နှင့်အညီ၊ တန်ဖိုးကြီးစွာ၊ နေထိုင်ကျင့်သုံးဖြစ်ခဲ့၏။

♥

"ရပ်ထဲ ရွာထဲမှာ၊ ဆွမ်း ဒကာ ဒကာမ့တွေ၊ ဆွမ်းတစ်ပြဖြစ်ဖို့၊ ချက်ကြ ပြုတ်ကြတဲ့အခါ၊ အ,ကုသိုလ်အမှုတွေ၊ ပြုမိမှား ဆွမ်းထဲ ဟင်းထဲ ပါလာတတ်တယ်ကွ။ ဥပမာ- ဆွမ်းချက်ဖို့

www.burmeseclassic.com

www.burmeseclassic.com



ဆန်ဆေးကြတယ်။ ဆန်ထဲက၊ ဆန်စိုးလေးတွေ၊ ဆွမ်းချက်တဲ့အ
ပါခဲ့ကြမှာပဲ။ အမှုမဲ့ အမှတ်မဲ့ ပြုကြရတဲ့ ကုသိုလ်ထဲ၊ ဆွမ်
အ,ကုသိုလ်တွေ၊ ပါလာတတ်တယ်။ သူရို့ခမြာ၊ အဲဒီလို အ
အမှတ်မဲ့၊ အ,ကုသိုလ်လေးတွေ၊ ပြုမိမှားပြီးမှ၊ ငါတို့ မင်းတို့အတွ
ဆွမ်းချက်ကြရတာ။ သဒ္ဓါဦးစီးပြီး ချက်ကြ ပြုတ်ကြတာ ဆိုပေ
ပိုးကောင်မွှားကောင်လေးတွေကို၊ သတ်မိ ဖြတ်မိသလို၊ ဖြစ်ခဲ့ကြ
တယ်။

အဲဒီလို၊ အကုသိုလ်လေးတွေ၊ ကျူးလွန်ပြီး ချက်ပြ
ကပ်လှူကြတဲ့၊ ဆွမ်းတွေ ဟင်းတွေကို၊ မင်းတို့၊ သတိလက်လွ
မမှိုဝဲကြနဲ့။ ဆွမ်းဆင်ခြင်ပြီးတဲ့အပြင်၊ အလှူရှင်တွေကို၊ မေ
သေသေချာချာ ပို့ပြီးမှ၊ မှိုဝဲကြ" . . . ဟု၊ ဆုံးမ,ဖူးသည့်၊ ဆရာ
ဩဝါဒက . . အစ၊ မမေ့မလျော့၊ လိုက်နာဖြစ်ခဲ့သည်။

♥



ဦးပဉ္ဇင်း စန္ဒိမာ (ဖော်ဦးသန်း) ၊ ကိုရင်ကြီး ရှင်ဥတ္တ
ောင်ဖူး)နှင့် ကျွန်တော်တို့သည်၊ ဆရာတော်၏ ခွင့်ပြုချက်ဖြင့်၊
တော့်မိဘ,အိမ်သို့၊ ဆွမ်းခံကြွကြသည်။

ထိုအခါကျမှ၊ ကျွန်တော် ကိုရင်ဝတ်နေကြောင်း ၊အမေနှင့်
သိကြရ၏။

"ကိုရင်က၊ အပြီးဝတ်ချင်တယ်" . . ဟု၊ မိခင်ကို၊ ပြော
ည်း

"အသက်ကြီးမှ၊ဝတ်ပါ". ဟု၊ အမေ ပြော၏။

♥

www.burmeseclassic.com

www.burmeseclassic.com



ရည်းစားဖြစ်သူ၏အိမ်ရှေ့မှ၊ ဖြတ်ပြန်ရသည်။စိတ်ထဲ...

မည်သို့မျှ၊ မခံစားရ။ ဒီဘဝ. . ဒီမျှသာဟုသာ၊ တွေးမှတ်နိုင်ခဲ့သည်

♥

ကျောင်းသို့ ပြန်အရောက်တွင်၊ ကိုရင်လေး ဝိလာသ...

ငိုနေ၏။

"ဝိလာသ ဘာဖြစ်တာလဲ"

"ကိုရင်ကြီး၊ တေဇနေ ရိုက်လို့"

"ဘုန်းကြီးရော"

"အပြင်ကြွသွားတယ်"

တေဇနကို တွေ့သည်။

" တေဇနေ၊ ကလေးကို ဘာဖြစ်လို့၊ ရိုက်...

လဲ"



"အာ။ ဒီကောင်၊ သူလျှို။ ငါတို့၊ သရဲခြောက်

ကြတာတွေရော၊ သိုင်းသင်ကြတာတွေရော

ဘုန်းကြီးကို၊ သတင်းပို့တယ်လေ။ ငါ့,

အဆော်ခံရတယ်ကွ"

"ဘုန်းကြီး မေးလို့ ပြောပြတာ". . ဟု၊ မျက်ရည်

...တ်ရင်း၊ ဝိလာသ,ပြော၏။

"တပည့်တော်၊ တောင်းပန်ပါတယ်။

ဝိလာသ,ကို၊ နောက် . . မရိုက်ပါနဲ့။ ဒီကျောင်းမှာ၊

သူ အငယ်ဆုံး။ သနားပါတယ်"

တေဇနက၊ရယ်လျက်၊ဝိလာသ၏ ဦးခေါင်းကို ပွတ်ပြီး -

"ဒီကောင်၊ ဘုန်းကြီးမွေးစားသားကွ။ရှိသမျှ၊

သတင်းကို၊ ဘုန်းကြီးဆီမှာ၊ အကုန်ပြန်လျှောက်

တာ"

"တပည့်တော်၊ လျှောက်တာမဟုတ်ပါဘူး။

ဘုန်းကြီး မေးတာပါဆို"

♥

www.burmeseclassic.com

www.burmeseclassic.com



"မင်းက၊ ဘယ်က, လာဝတ်တာလဲ"

"ဘာလဲ"

"ဩော် . . ။ ငါက . . ကြည်မြင်တိုင်က လာဝတ်တာ။ မင်းက. . ဘယ်က လာဝတ်တာလဲ . . လို့ မေးတာ"

ကျွန်တော့်အမေးကို၊ ဝိလာသလေးက၊ သေသေချာချာ စဉ်းစားပြီးမှ၊ ဖြေ၏။

"တပည့်တော်က၊ ဒီမှာပဲ ဝတ်တာလေ"

"ဘယ်သူ ဝတ်ပေးတာလဲ"

"ဘုန်းဘုန်း ဝတ်ပေးတာ"

"ကျောင်းထိုင်ဘုန်းဘုန်းလား"

"မှန်ပါ"

"မင်း . . . မိဘကို မေးနေတာ။ မင်းရဲ့ . . အဖေ အမေ။ ဘယ်သူလဲ . . . လို့, မေးတာ"

သူ . . တော်တော် စဉ်းစားရ၊ ခက်သွားဟန်တူ၏။ နှုတ်စကား အဖြေမထွက်။ ခေါင်းသာရမ်းပြသည်။



"သူ့. . လ,သားလေးနဲ့ ၊ ကပ္ပိယကြီး ၊ ဦးသာမောင်ဆီ ၊ ရောက်လာတာ။

ဒီ. . မူလ,တန်း အရွယ်ရောက်တော့မှ၊ ဘုန်းကြီးက၊ သင်္ကန်းစည်းပေးလိုက်တာ။ ဒီကောင့်ကို၊ စာသင်တိုက်၊ ပို့မှာ"

တေဇနထံမှ၊ သိရသည်၊ ကိုရင်လေး "ဝိလာသ"၏ အကြောင်း။ (အမိအဘ ဘယ်သူ ဘယ်ဝါမှန်း မသိရရှာသော၊ ကိုရင်ငယ်လေးဟု၊ သိလိုက်ရစဉ်၊ ဝိလာသလေးကို၊ ကျွန်တော် အရှက်ကာသက်မိသည်)။

♥

နောက်ထပ်၊လ,ဝက်ခန့်ကြာသော်၊ ကျွန်တော့်ဖခင်က၊ ကျောင်းသို့ လာပြီး၊ အိမ်မှုကိစ္စ ကူလုပ်ရန်အတွက်၊ လူထွက်ဖို့ ဘာလျှောက်၏။ အကြောင်းအကန် မငြင်းဆန်ဘဲ၊ ကျွန်တော် (တော်ပိုင်းအတွင်း)၊ လူဝတ်လဲလိုက်ရသည်။

♥

"မင်းရဲ့အဖေ အမေ။ ဘယ်သူလဲ. . လို့၊ မေးတာ". .

www.burmeseclassic.com

www.burmeseclassic.com



ဟူသော၊ ကျွန်တော့်၏ နှုတ်ထွက်စကားလေး တစ်ခွန်းက၊ ကိုရင် ငယ်လေး ဝိလာသ,၏ ဘဝကို၊ လှုပ်နှိုးလိုက်မိသည်ဟု၊ ထိုစဉ်က ကျွန်တော် မသိ။

ထိုအမေးစကားလေး ၊ တစ်ခွန်းက,ပင်လျှင် ၊

ဤ. . "မျက်ဝန်းရည်ဆူ အမှတ်-၁၅၀၀" အမည်ရှိ၊ ဝတ္ထုဇာတ် ကြောင်း၏၊ အစ. . ဟုပင်၊ သတ်မှတ်မိပေသည်။

♥

၃၁-ဘုံသား လူ့ဘဝများ၏ သောက ပရိဒေဝ ဒေါမနဿ ပိုင်ရှင်တို့၏၊ ကိလေသာအပူနှုန်းထားကို၊ "တစ်ထောင့်ငါးရာ". . ဟူသော၊ ကိန်းဂဏန်းဖြင့်၊ ယှဉ်ထိုးသတ်မှတ်ကာ၊ ကျွန်တော် ဤဝတ္ထုကို၊ ရေးသားဖြစ်ပါသည်။

ပြီးခဲ့သော၊ စာမျက်နှာများတွင်၊ ကိုရင်ငယ်လေး ဝိလာသ သည်၊ မထင်ရှားသော၊ ဇာတ်ကောင်လေး။

ဆက်လက်ဖော်ပြမည့် စာမျက်နှာများတွင်၊ ကိုရင်ငယ် လေး၊ ဝိလာသသည်၊ ဤဝတ္ထုဇာတ်လမ်း၏။ အဓိက. . ဇာတ်ကောင်၊ ကိုရင်တစ်ပါး၊ ဦးပဥ္စင်းတစ်ပါး။



အသက် ငယ်ရွယ် လွန်းသော ၊ တရားဟော ဓမ္မကထိက . . တစ်ပါး။

♥

ကျွန်တော့်မိတ်ဆွေ၊ ကွယ်လွန်သူ ဦးမောင်မောင်မြင့်၏ သူငယ်ချင်း၊ ဦးဇော်နီကို၊ ကျွန်တော်(ငယ်စဉ်က) တစ်ခါမျှသာ၊ မြင်ဖူးကြုံဆုံဖူးခဲ့သည်။

ထို ဦးဇော်နီ ဆိုသူသည် ၊ ကျွန်တော်ရေးမည့်. . . ဝတ္ထုဇာတ်လမ်းထဲက ၊ ကိုရင်ငယ်လေး ၊ ဦးပဥ္စင်းငယ်လေး ၊ အသက် ငယ်ရွယ်လွန်းသော၊ ဓမ္မကထိက ၊ ဆရာတော်လေး ဦးဝိလာသ၏ ဖခင်. . ဟု ၊ သိကြားရသည့်အခါ ၊လောက, ဇာတ်ခုံ၊ ဤလူ့ဘုံသည်၊ အစုံစုံသော. . ပြဇာတ်တွေ. . အဖြစ်အပျက်တွေ ဖြင့်၊ ပြည့်နှက်နေလေသော၊ ကွန်ယက်ကြီးတစ်ခုပါလား. . ဟု၊ တွေးမှတ်ခံစားရလေသည်။ထိုခံစားမှုကို ၊ အခြေပြုကာ ၊

ဤဝတ္ထုကိုကျွန်တော်ရေးပါသည်။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



## ၁၅၀၀

အကြောင်းကို မဆင်ခြင်

အကျိုးကို

ဆိုးသလိုလို ထင်မြင်ကြ ။

မြုခဲ့ရာ

အကုသိုလ် ကံအဟောင်းကိုလည်း

ဉာဏ်ကောင်းစွာ  မဖော်ဆောင်နိုင်ကြရှာတဲ့

ပုထုဇဉ် ဘဝ ။ ။

www.burmeseclassic.com

www.burmeseclassic.com



(၁)

"တပည့်တော်ရဲ့ အဖေနဲ့ အမေက၊ ဘယ်သူ ပါလဲဘုရား"

"ဟဲ့၊ ကိုရင်။ နင့် စာသင်ကျောင်းပို့မယ့်နေ့ ကျမှ၊ ထူးထူးဆန်းဆန်း။ ဘာလို့ ဒီစကားမေးရတာလဲ"

"အခုမှ တွေးမိလို့ပါ ဘုရား"

"ဘာကြောင့်၊ တွေးမိတာတုန်း"

"နွေရာသီတုန်းက၊ ဒီမှာ လာဝတ်သွားတဲ့၊ ကိုရင်ကြီး ဝိလာသက၊ တပည့်တော် အဖေနာမည်၊ အမေ နာမည်ကို၊ မေးတယ်ဘုရာ့။ တပည့်တော် မဖြေနိုင်ဘူး ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်..။ ရှဲအေးအေး ။ ငါလည်း မင်း
မိဘများကို၊ မသိဘူး ကိုရင်ရဲ့။ ကပ္ပိယဆ
မင်းနေရင်၊ စာမတတ်ပေမတတ်ဖြစ်မယ်ဆေ
ကွယ်။

မင့်ကို။ စာသင်တိုက်ပို့ဖို့ ငါက မင်း မိဘ
သဖွယ်၊ တာဝန်ယူတာလေ။ လောလောဆယ်
ငါက..မင့် မိဘပေါ့ကွဲ့"

"တကယ့် မိဘကို၊ သိချင်တာပါ ဘုရား
ပြီးတော့ ... ဘာကြောင့်၊ ဒီလို .. မိဘမဲ့ ဖြစ်
တာလဲဆိုတာပါ သိချင်တာပါဘုရား"

"အေး အေး။ ဘဝ အမှန်သိချင်ရင်၊ အဖြ
အမှန်ကို၊ သိရတယ်။ အဖြစ် အမှန်ကို၊ သိချင်ရ
ပညာဉာဏ်ရှိရတယ်။ ပညာဉာဏ်ရှိချင်ရင်
ပညာသင်ရတယ်ကွဲ့"

"မှန်ပါ ဘုရား"

"အေး။ အဲဒီတော့ ... ရှည်ရှည်ဝေးဝေး
တွေးမနေစမ်းနဲ့။



ဆရာတွေရဲ့ ပြောစကား နားထောင် ၊
စာကြိုးစား။

စာတတ်လာရင်၊ ပညာပါ တတ်လာမယ်။
ပညာတတ်လာရင်၊ ပညာဉာဏ်ဝင်လာမယ်။ပညာ
ဉာဏ်ဝင်လာမှ၊ အဖြစ်မှန် .. ဘဝမှန်ဆို
တာတွေကို၊ မင်း..သိလာလိမ့်မယ် ကြားလား
ကိုရင်"

"မှန်ပါ ဘုရား"

" အေးအေး။

စကားနားထောင်။ စာကြိုးစား"

ကိုရင်လေး ဝိလာသက ဆရာတော် ဦးအာစရိယ၏
ဩဝါဒကို၊ တသွေမတိမ်း မှတ်သားလိုက်နာခဲ့ရှာ၏။

♥

"စကားနားထောင်၊ စာကြိုးစား" .. ဟူသည့်၊ ဆရာတော်
ဦး[illegible]၏ ဩဝါဒတော်ကို၊ ဘဝတည်ဆောက်မှု ဆောင်ပုဒ်အဖြစ်၊
[illegible]ဆောင်ကြဉ်းထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



စာကြိုးစားသည်၊ ဆရာသမားတိုင်း၏ စကားကို။ မြေ
မကျ၊ နာယူ ကျင့်သုံး၏။

တစ်ခါတစ်ရံ၊ စာကျက်ရင်းမှ၊ အတွေးလွင့်ဖြစ်သည်
ရှိခဲ့သည်။

ငါ့ အမေ ငါ့ အဖေ ဆိုတာ၊ ဘယ်လို လူမျိုးတွေ
ဒီလောက,မှာ၊ ရှိသေးရဲ့လား။ အဖေ အမေရှိရင်၊ ဆွေမျိုးသား
ဆိုတာလည်း ရှိနိုင်သေးတာပါလား။

ကပ္ပိယကြီး ဦးသာမောင်ဆီကို၊ ငါ့,ဘယ်လိုလုပ် ရော
လာတာလဲ။ ကပ္ပိယကြီးကို၊ ကိုယ်တိုင်မေးကြည့်ပြန်တော့လည်း
မသိပါဘူး ကိုရင်ရယ်. . ဟုသာ၊ ဖြေကြားတတ်လေ၏။

စာသင်ဖေါ် ၊ သူငယ်ချင်း တစ်ပါးကို၊ ရင်ဖွင့်ပြော
ဖြစ်ပြန်သည် ။ ထို ကိုယ်တော်လေးက . . "အရှင်ဘုရားရဲ့
ဆရာတော်၊ ဩဝါဒပေးထားသလို စကားနားထောင်၊ စာကြိုး
တဲ့ အလုပ်ပဲ၊ လုပ်နေသင့်ပါတယ်. . ဘုရား။ တပည့်တော်
ရဟန်းသာမဏေတွေ၊ စာသင်တယ်ဆိုတာ၊ သာသနာသုံးရပ်
ဆောင်ကြဉ်းနေတာပါဘုရား။

ပရိယတ္တိစာပေ လေ့လာ သင်အံရင်း၊ ကံ. . ကံ၏ အ



ဘာမျိုး၊ ဆင်ခြင်ဖြစ်တဲ့အခါ၊ မိမိရဲ့. . ဘဝ. . မိမိရဲ့. . .
ဆရာ၊ မိမိရဲ့ အဖြစ်ကို၊ သိလာနိုင်တယ်လို့၊ ဆရာတော်ကြီးက
မြွက်တယ်လို့၊ တပည့်တော်၊ ယူဆ,ပါတယ်ဘုရား။ ဒါကြောင့်၊
ကားနားထောင်၊ စာကြိုးစားရင်းသာ၊ အချိန်ကို အသုံးချ
မ်ဘယ်လို့၊ ထင်ပါရဲ့ . . ဘုရား" . . ဟု၊ အကြံပြုဖူး၏။

♥

ထိုသို့ဖြင့်၊ ကိုရင်လေး ရှင်ဝိလာသသည်၊ အရွယ်နှင့်အမျှ
သငယ်၊ ပထမငယ်၊ ပထမကြီး. . ၊ ကျမ်းဖောက် . . စသည်ဖြင့်၊
ဆင့်ဆင့် ကြိုးပမ်းလာခဲ့ရင်းမှ၊ အသက်နှစ်ဆယ့် သုံးနှစ်လောက်
ရွယ်တွင်၊ ဓမ္မာစရိယဘွဲ့တော်ကို၊ ဆွတ်ယူနိုင်ခဲ့သည်။ (ထို့နောက်၊
ရာတော်ကြီးများ၏ ၊ ဆုံးမပဲ့ပြင်မှုဖြင့်) ၊ သက်တော်
ဆယ့်ခြောက်နှစ်အရွယ်တွင်၊ တရားဟော ဓမ္မကထိက ၊
ဖစ်လာခဲ့၏။

♥

"တရားဟောဓမ္မကထိက၊ ဆရာတော်လေး ဦးဝိလာသ

www.burmeseclassic.com

www.burmeseclassic.com



ဟောပြောလေ့ရှိသော၊ ကံ-ကံ၏အကျိုး၊ တရားတော်၏ အမည်
"တရားခံဘယ်သူလဲ". .၊ ဟူသည့် တရားဖြစ်၏။

ထိုတရားကို နာယူသူအပေါင်း၊ နှစ်သက်နားလည်
သည်။ဘဝသံသရာကျင်လည်လာခဲ့ကြသမျှ၊ လောကဓံ အပေါင်း
သည်၊ မိမိ၏ ပြုမူမိခဲ့သည့် အတိတ်ကံကြောင့်သာဖြစ်ကြော
. .၊ ထို့ကြောင့်. . .

မည်သည့်လောကဓံနှင့်တွေ့တွေ့၊ အဓိက တရားခံ
မိမိကိုယ်တိုင်သာ၊ ဖြစ်ကြောင်း၊ ဆရာတော်လေး ဦးဝိလာသ
မိမိဘဝနှင့် ယှဉ်ကာ ၊ ဟောဖော်ညွှန်ပြလေ့ရှိ၏။

♥

"ဒကာ ဒကာမတို့ကို ဦးပဥ္စင်းက၊ ဥပ
လေး မေးကြည့်မယ်ဗျာ"

" မှန်ပါဘုရား"

"အတိတ်ဘဝ . . သံသရာ တစ်မှုခုတုန်း
ဦးပဥ္စင်းက. မုဆိုးအလုပ်နဲ့ အသက်မွေးသူ ဆို
တော့။



အဲဒီ မုဆိုးဘဝမှာ၊ ယုန်မိသားစုထဲက၊
ယုန်တစ်ကောင်ကိုပဲ ဖြစ်ဖြစ်၊ သမင်မိသားစုထဲက၊
သမင်တစ်ကောင်ကိုပဲ ဖြစ်ဖြစ်၊ ဖမ်းဆီး သတ်ဖြတ်
ခဲ့တယ်ဆိုပါတော့။

အဲဒီ . . ယုန်လေး. . သမင်လေးတွေခမျာ၊
သူတို့ အမိအဖနဲ့ မကွေကွင်းရပေဘူးလား"

"ကွေကွင်းရပါတယ် ဘုရား"

"အဖမ်းအဆီး ခံရတော့ . . ရှင်ကွဲ၊
အသတ်အဖြတ်ခံရတော့ သေကွဲ။ နော်"

"မှန်ပါ ဘုရား"

"အဲဒီလို၊ သူတစ်ပါး အသိုက်အမြုံကို၊ သေ
ကွဲရှင်ကွဲ၊ ကွဲအောင် ဆောင်ရွက်ခဲ့တဲ့ ကံက၊ အခု
. . ပစ္စုပ္ပန်ဘဝမှာ၊ လာပြီး အကျိုးပေးရင်၊
ဦးပဥ္စင်းမှာ. . မိစုံ ဖစုံ ရှိနိုင်ပါ့မလား"

"မရှိနိုင်ပါဘူး ဘုရား"

" အေး . .၊ ကံ ကံ၏ အကျိုးဆိုတာ၊
အဲဒါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပြုသည့်ကံ ပဲ့တင်သံ ။ ကိုယ့်ထံ
ပြန်လာမည်တဲ့၊ ကြားဖူးတယ်မဟုတ်လား"

"ကြားဖူးပါတယ်ဘုရား"

" ဦးပဉ္စင်းက၊ ဒါတွေ.. ငယ်ငယ်
ဘယ်နားလည်မှာတုန်း။

အဖေ အမေ မရှိတဲ့၊ ကိုရင်လေးသ
အုပ်ထိန်းပေးထားတဲ့၊ ဆရာသမားကို၊
ကလေးစိတ်နဲ့၊ သွားသျှောက်တာပေါ့။

တပည့်တော် အဖေ အမေ ဘယ်သူ
သိပါရစေပေါ့။ ဆရာတော်က၊ စာကြိုးစား စာ
နားထောင်..တဲ့။ စာကြိုးစားရင်၊ သိလာလိမ့်
..တဲ့။ နော်"

"မှန်ပါဘုရား"

"ဓမ္မစာပေ သင်အံ ကြိုးကုတ်ရင်း ၊ သိ
လာရတာက၊ ကံ.. ကံ၏ အကျိုး။

ကံ .. ကံ၏အကျိုး သိလာပြီဆိုတော
ဘယ်သူ့ကိုမှ၊ အပြစ်မတင်ဖြစ်တော့ဘူး။



ဪ..၊ ဖြစ်ဖြစ်သမျှ၊ ငါ့ ကံပါပဲလား
..လို့၊ ဆင်ခြင်နိုင်တော့တာ ပေါ့။

အဖေ ဘယ်သူ အမေ ဘယ်သူ၊ သိကို၊
မသိနိုင်တဲ့ ..ကံအမှုကို၊ အတိတ်ဘဝ သံသရာ
တစ်ခုခုတုန်းက၊ ငါ.. ပြုမူမိခဲ့တာကြောင့်၊ အခု
ဘဝမှာ.. အမိမဲ့.. အဖမဲ့၊ နေထိုင်ရတာ
ပါလားလို့၊ သိရတဲ့ အခါကျတော့၊ တရားခံကို၊
မတွေ့နိုင်ဘူးလားဗျာ"

"တွေ့နိုင်ပါတယ်ဘုရား"

"အေး။ ကိစ္စတိုင်း ကိစ္စတိုင်း၊ တရားခံ ရှိ
တယ်နော်။ အဲဒီတရားခံက,လည်း၊ မိမိကိုယ်တိုင်
ပဲနော်"

"မှန်ပါ့ ဘုရား"

"မြင်သာရဲ့လား"

"မြင်ပါတယ်ဘုရား"

" ဒီ တရားက၊ ဘဝနဲ့ရင်းပြီး၊ ဟောရတဲ့
တရားနော်။

www.burmeseclassic.com

www.burmeseclassic.com



ဒီ . . တရားသဘင်ထဲမှာ၊ ဦးပဥ္စင်းရဲ့ အ

အဘရှိနေရင်တောင်။

ဦးပဥ္စင်းက၊ အမိမှန်း အဘမှန်း၊ မသ

နော်။ ကြည့်စမ်း။ ဘယ်လောက် ကံဆိုးလိုက်သ

အဲဒီ ကံအဆိုးကြီးကို၊ မျက်ရည် လည်

ဒီအတိုင်း ထိုင်ခံနေတာက၊ ပုထုဇဉ်။

ဒါနအမှု၊ သီလအမှု၊ ဘာဝနာ အမှု

နေ့စဉ်ဆောင်ရွက်ရင်း၊ ရင်ဆိုင်နေတာမှ၊ အရိယ

သူတော်ကောင်း။

အတိတ်က၊ မကောင်းခဲ့မှန်းသိလျက် အ

ထိုင်ငိုနေမှာလား။ ကောင်းမှု အလီလီ ဆောင်ရွ

ရမှာလား"

"ကောင်းမှုတွေ ဆောင်ရွက်ရမှာပါ ဘုရား"

"အေး။ တရားခံသိလျက်နဲ့၊ လက်လွှ

စပယ် မနေရဘူးနော်"

"မှန်ပါဘုရား"

"တရားခံ ဇာစ်စစ်ကို တွေ့မှ၊ အဖြစ်မှန်



သိမယ်။ အဖြစ်မှန်ကို သိမှ၊ ဘဝ အမှန်ကို၊ သိမယ်။ ဘဝ အမှန်ကို သိမှ၊ ဘဝရဲ့ တန်ဖိုးကို သိမယ်။

ဘဝ . . တန်ဖိုး၊ သိရင်၊ ဘဝကို၊ အကောင်းဆုံး အသုံးချရတော့မှာပေါ့"

"မှန်ပါ့ဘုရား"

"အတိတ်က၊ အကုသိုလ်က၊ တစ်ထောင်ဖိုး။ အခု . . ကိုယ်လုပ်တဲ့၊ ဒါန သီလ ဘာဝနာက၊ ပြားနှစ်ဆယ်ဖိုး . . ဆိုရင်၊ အတိတ်က၊ အကုသိုလ်၊ ကုန်ပါ့မလား"

"မကုန်နိုင်ပါဘူး ဘုရား"

"ဒါဆို၊ ကောင်းမှုကို၊ နည်းနည်းလုပ်ရမှာလား။ များများလုပ်ရမှာလား"

"များများ လုပ်ရမှာပါ ဘုရား"

"အခု . . လက်ရှိဘဝ . . အပြစ်ဒုစရိုက် ကျူးလွန်သူတွေ၊ ထောင်မကျဘူးလားဗျာ"

"ကျပါတယ် ဘုရား"

"ထောင်ထဲမှာ၊ ထောင်စည်းကမ်းနဲ့ အညီ၊

www.burmeseclassic.com

www.burmeseclassic.com



သေသေဝပ်ဝပ် နေရင်၊ အဲဒီ ဆောင်ကျ တရား
က၊ လျှော့ရက်တွေ ဘာတွေ၊ တိုး မရနိုင်ဘူးလား

"ရနိုင်ပါတယ် ဘုရား"

"အဲဒီလိုပဲပေါ့။ ဦးပဥ္စင်းတို့တွေ၊ အဖြ
ကျူးလွန်ခဲ့ဖူးသူတွေ၊ အကုသိုလ် ကံအဟောင်း
ဖြစ်ဖြစ်၊ ဘဝ သံသရာ ဝဲဩဃ ထဲကပဲဖြစ်ဖြစ်
အမြန်လွတ်ချင်ရင်၊ ဒါန . . သီလ . . ဘာဝ
ဆိုတဲ့၊ ဒီ . . ကုသိုလ်တွေကို၊ ဖိဖိစီးစီး၊ များများ
စားစား ဉာဏ်ကြီးကြီးနဲ့၊ လုပ်ကြရမှာပေါ့
နော်"

"မှန်ပါ့ ဘုရား"

"ဦးပဥ္စင်း ငယ်စဉ်တုန်းက၊ ငါ့အဖေ
ငါ့အမေ . . နဲ့၊ ဒီဘဝ၊ ပြန်မှ ဆုံရပါ့မလား . .
သူတို့၊ ရှိမှ ရှိသေးရဲ့လား . . ။တွေးတွေးပြီး
ဝမ်းနည်းဖူးတယ်ဗျာ"

"မှန်ပါ ဘုရား"

"ကိုယ့်အကြောင်း . . ကိုယ်မသိတော့



ကိုယ့်ကိုကိုယ်သနားပြီး၊ ဝမ်းနည်းရတာပေါ့။

ဟော . . ။ ကိုယ့်အကြောင်းကိုယ်သိ၊ ကိုယ့်
အကုသိုလ်၊ကိုယ် . . မြင်တော့၊ ဝမ်းနည်းချိန်မရ
တော့ဘူးဗျ။

အခု . . ၊ ဦးပဥ္စင်းအသက် နှစ်ဆယ့်ခြောက်
နှစ်၊ ပြည့်တော့မယ်။ အခုထိ၊ ဦးပဥ္စင်းရဲ့၊ မိဘ
. . ဖြူသလား . . မည်းသလား၊ မသိ။ အခုထိလည်း
ပြန်မဆုံကြရသေး။

ဒါဟာ . . ဦးပဥ္စင်းရဲ့၊ ကုသိုလ်လား၊
အကုသိုလ်လား"

" . . . . . . "

"ပြောပါ ၊ အားမနာနဲ့"

" အကုသိုလ်ပါ ဘုရား"

" အကုသိုလ် ကုန်ချင်ရင်၊ ကုသိုလ်များ
များလုပ်ရုံပေါ့ဗျ။ မဟုတ်ဘူးလား"

"မှန်ပါ့ ဘုရား . . "

"ဒီ . . တစ်ဘဝလုံး၊ ကုသိုလ်တွေ အထပ်

www.burmeseclassic.com

www.burmeseclassic.com



ထပ်၊ ဆောင်ရွက်ပါလျက်နဲ့၊ ဒီဘဝမှာ၊ ဒီ..
အ,ကုသိုလ်၊ မကုန်ဘူးဆိုရင်၊ ဦးပဋ္ဌင်းပြုခဲ့
အ,ကုသိုလ်အမှုက၊ တစ်ဘဝစာ မကလို့
နော်"

"ဟုတ်ပါတယ်ဘုရား"

" ငါ. . ကုသိုလ်တွေ၊ များများ စား
လုပ်ပါလျက်နဲ့ ငါ့ အ,ကုသိုလ်က ၊ မကုန်နိုင်မ
နိုင်ပါကလား. . . လို့ တွေးတွေးပြီး, ဝမ်းနည်း
လား။

ကုသိုလ်အမှုကို၊ ပိုပိုပြီး၊ လုပ်ရမှာလား"

"ကုသိုလ်အမှုကို၊ ပိုလုပ်ရမှာပါဘုရား"

"ဘယ်သူ မပြု"

" မိမိမှုပါ၊ ဘုရား"

"ဟုရားခံ၊ ဘယ်သူတုန်းဗျ"

"မိမိကိုယ်တိုင်ပါ ဘုရား"

♥♥♥



(၂)

(ခရစ်နှစ်- ၁၉၇၉- ဧပြီလ- (၁၃)ရက်-
မြန်မာသက္ကရာဇ် ၁၃၄၀-ခုနှစ်၊ တန်ခူးလဆုတ် (၂)ရက်၊
ယာသကြံန်အကြိုနေ့)-

ဟိုင်းလက်ကားပေါ်မှ ခုန်ဆင်းသွားသော၊ ဇော်နီကို
မောင်မောင်မြင့် တားချိန်မရလိုက်။ ဇော်နီက၊ ရှေ့ကားမှ၊
ကောင်မ,လေး တစ်ယောက်ကို၊ လှမ်းစ,၏။ ကောင်မ,လေးက၊
ပြန်၍ ပြောင်ပြသည်။

ရေပက်ခံ မဏ္ဍာပ်များသို့ အဝင်၊ ကားတွေ တန်းစီကြ
ရသည့် အခါ၊ ရှေ့က ဂျစ်ကားတွင်၊ ခြေတွဲဖောင်းချထားသော
ထိုကောင်မ,လေးထံသို့ ဇော်နီ ဆင်းပြေးသွားခြင်းဖြစ်၏။

ထိုဂျစ်ကားပေါ်တွင်၊ ယောက်ျားလေး သုံးဦးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်တာက၊ မိန်းကလေးများ။ ဟိုင်းလက်ကားပေါ်မှ၊ ဆင်းသွား
ဇော်နီကို၊ တားချိန်မရလိုက်သော်လည်း၊ မောင်မောင်မြင့်
နောက်မှ အမြန်လိုက်သွားဖြစ်၏။ နောက်ပြောင်ကျီစားရင်း
ရန်ဖြစ်မှာကို၊ သတိထားရသည်။

သို့သော်. . ဇော်နီတို့ ကံကောင်းပုံများ၊ ရန်ဖြစ်
နေနေသာသာ၊ လက်ပြခြေပြဖြင့်၊ သူ နောက်ပြောင်နေသော
ကောင်မ,လေးနှင့်၊ စကားလက်ဆုံပင် ကျနေပေပြီ။

"ပိတောက်တွေ၊ မပွင့်ဘူး"

"စောသေးလို့ နေမှာပေါ့"

"ပိတောက်ပန်းထက် လှတဲ့ ကောင်မလေး
တစ်ယောက်၊ သင်္ကြန်ပွဲထဲကို ရောက်နေလို့"

"ဒိုင်က၊ မိလှချည်လား"

" စကားပြော အဆင်မပြေလို့၊ ကုလသ
အထွေထွေအတွင်းရေးမှူး ရာထူးကို၊ လက်
ဖြစ်ဘူး"

ကောင်မ,လေးရယ်၏။ ဇော်နီ စကားဆက်သည်။

"အခု. . ။ နှလုံးသားက၊ အလိုလို သင်



လိုက်တော့၊ ဒိုင်ရာ လော့ခ်တွေက၊ အလိုလို ထွက်
လာတာ။

ဘယ့်နှယ့်လဲ။ နားဝင်ချိုရဲ့လား။ စကားတွေ၊
သိပ်ကြွမ်းနေရင်၊ ခွင့်လွှတ်"

မဲ့ပြုံးလေး၊ ပြုံး၏။

"ဆံပင်ရှည်နဲ့ဆိုတော့၊ အဝေးက၊ ကြည့်ရ
တာ၊ မိန်းကလေးပဲ ထင်လို့။ အဲဒါကြောင့်၊ စမိတာ
တစ်မျိုး မထင်နဲ့"

ဇော်နီက၊ ဆံပင်ရှည်တွေကို၊ ဆတ်ကနဲ ခါလိုက်ပြီး. .

"ဒါ. . ဆံပင်မဟုတ်ဘူး။ ဘဝရဲ့။ အောင်လံ
တော်တွေ။

My hair is my flag.

ဒါ. . အောင်လံတော်တွေပဲ။ အသက်ကြီးသွားရင်
တော့၊ အလံဖြူတွေ ဖြစ်သွားမှာပေါ့"

"မိန်းကလေးလို့၊ ထင်ပြီး၊ လှမ်းစ,မိတာကို
ပြောပြီးပြီလေ။ ကိုယ့်ကားပေါ်၊ ကိုယ်ပြန်တက်
တော့"

www.burmeseclassic.com

www.burmeseclassic.com



"မှားပြီး၊ ကျီစယ်မိတာပေါ့။ ဟုတ်လား

မြုံးလျက်-

"အင်း"

"မှားပြီး ကျီစယ်လိုက်တာ၊ အကျီစယ်ခံ

တဲ့သူအတွက်၊ အလှည့်စား ခံလိုက်ရသလို၊ နစ်န

သွားတယ် ဆိုရင်ကော။

ဒီအတိုင်း၊ လှည့်ပြန်သွားရုံနဲ့၊ မေ့လို့ ရ

မဟုတ်ဘူး။

တို့ကကျတော့၊ စ,ချင်လို့ကို၊ လှမ်းစ,တာ

လူမှားတာ မဟုတ်ဘူး။

ရင်ထဲမှာ .. နည်းနည်းနစ်နာသွားတယ်"

"အဲဒီတော့"

"နစ်နာကြေးပေးပေါ့"

"ဘယ်လောက်ပေးရမလဲ"

"တို့က၊ လူချမ်းသာတော့ မဟုတ်ဘူ

ဒါပေမဲ့ .. ငွေမမက်ဘူး.."

"ဒါဆို၊ ဘယ်လိုလျော်ပေးရမှာလဲ"



"နာမည်ပြောပြ။ ပြီးတော့..၊ မနက်ဖြန် တွေ့ပါရစေ။ ဖြစ်နိုင်ရင် ဖုန်းနံပါတ် ပြောပြ"

"အိမ်မှာ၊ ဖုန်းကို၊ လွတ်လွတ် လပ်လပ်ပြော ဆိုခွင့်မရှိဘူး။ အဲဒါကြောင့် ဖုန်းနံပါတ် ပေးလို့ မဖြစ်ဘူး"

"ဒါဆို၊ မနက်ဖြန် တွေ့ပါရစေ"

"ဟွန့်။ ဘာဆိုင်လို့လဲ"

"အခု .. ချက်ချင်း အိမ်ပြန်ပြီး၊ အိပ်ရ မယ် ဆိုရင်တောင် ၊ ဘယ်လိုမှ အိပ်လို့ပျော်မှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"ဒီလို ကျောပေးပြီး ၊ မျက်စိမှိတ်လိုက် ရင်တောင်၊ မျက်စိမှိတ်ထားလျက်နဲ့၊ နင့်မျက်နှာ ကို၊ မြင်နေလို့"

"အဲဒါ တကယ်လား"

"ဘဝမှာ၊ ဒီနေ့ ငါးပါးသီလ, အလုံခုံပါ။ ဘာညာ သာတကာလည်း ၊ လုံးဝ. .

www.burmeseclassic.com

www.burmeseclassic.com



သောက် မထားဘူး။

တကယ်ပြောတာ။ တို့ မလိမ်ဘူး။ နာ
ပြောမပြဘူး ဆိုရင်တောင်၊ မနက်ဖြန် တ
တွေ့ပါရစေ။

နင့်ကားပေါ်မှာပါလာတဲ့၊ ယောကျ်ားလေ
ဘော်ဒါတွေကငါ့ကို ဝိုင်းတီးကြမယ်ဆိုရင်တော
အတီးခံပြီး ဒီစကားတွေ၊ နင့်ကို ပြောပြဖို့
သူငယ်ချင်း ကားပေါ်က၊ ခုန်ဆင်းလာတာ"

"နင့် နာမည်က,ရော၊ ဘယ်သူလဲ"

"ဇော်နီ။ ကြည့်မြင်တိုင် ကန္နားရွေး
နေတယ်။

အဖေနာမည်ဦးမင်းအောင်။ အမေနာမည်
ဒေါ်နီနီမြင့်။ မိဘက ဝါးခနိရောင်းတယ်။ ငါ
ဆယ်တန်း-နှစ်ခါ ကျထားတယ်။ ကျဖို့များတယ်

ကဗျာရေးတတ်၊ ဝါသနာပါတယ်။ နင့်ကို
ကဗျာလေးတွေ.. ရွတ်ပြချင်တယ်။ ရေးပြ
တယ်"



"ကဲ..၊တော်ပါတော့။နာမည်ပဲ မေးတာပါ။
ကျန်တာတွေ မမေးပါဘူး"

"တံခါးတစ်ချပ် ဖွင့်လိုက်ရုံနဲ့၊ အားလုံးကို
လင်းခနဲ မြင်စေချင်လို့၊ အမေးတစ်ခုတည်း
အတွက်၊ အဖြေတွေ၊ အကုန်ပေးလိုက်တာပါ"

"နင်..ဒီည၊ အရက်သောက်မှာလား"

" အခုထိတော့ မသောက်ရသေးဘူး။
ဒါပေမဲ့ နင့် ကား နောက်က၊ တကောက်ကောက်
လိုက်ရင်း ၊ နေဝင်သွားလို့၊ နင့်ကို မြင်ခွင့်မရ
တော့ဘူးဆိုရင်၊ ငါ..အရက်မူးနေဖို့ လိုမယ်"

"မြင်မြင်ချင်း၊ ပြောတဲ့စကားတွေက၊
လိုတာထက်၊ ပိုမနေဘူးလား"

"အတိတ်ဘဝရဲ့၊ သံသရာ အဆက်ဆက်က၊
မပြောဖြစ်ခဲ့တဲ့ စကားတွေ၊အခုမှ ထွက်ကျလာ
တာနေမှာပေါ့"

"တော်တော် စကားတတ်တာပဲ"

"စကားတတ်တာမဟုတ်ဘူး ။

www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာကို ၊ မြင်သာစေချင်လွန်းလို့ ၊
အချိန်လုပြီး ပြောနေရ တာ။

လုပ်ပါ။ မနက်ဖြန်နဲ့တကွ။တစ်ဘ

ထပ်တွေ့ဖို့၊ တစ်ခုခု ကူညီပါ"

"ဒီည. . အရက်မသောက်ဘူးလို့ ကတိ

"ပေးတယ်"

"ည - ကိုးနာရီတိတိမှာ၊ ဖုန်းဆက်။ အ
သောက်ထားတယ်လို့၊ သံသယရှိရင်၊ ဖုန်
ပစ်မယ်နော်"

"........
........"

ဇော်နီ့အနားမှ၊ နားထောင်နေသူ၊ မောင်မောင်မြင့် အ
ထိုအခြေအနေအပေါ်၊ အလွန်အံ့သြနေလေ၏။



(၃)

မောင်မောင်မြင့်၏ အိမ်ဖုန်းဖြင့်၊ ဖုန်းဆက်ခွင့်ရသည်။

"ဟလို"

"ဟား. . ။ သတိရလိုက်တာ"

" စကားတွေ၊ ရှေ့ရောက်လွန်းနေတယ်
နော်"

"နှလုံးသားက၊ ဆန္ဒ စောလွန်းနေတော့၊

www.burmeseclassic.com

www.burmeseclassic.com



စကားတွေ၊ ရှေ့ရောက်လွှန်းသွားတယ်။ နားလ

ပေးပါ"

"ခဏပဲ ပြောမှာနော်။ မေမေ အိပ်မ

သေးဘူး။ အသံတိုးတိုးလေး ၊ ပြောနေရတာ"

"အားနာလိုက်တာ"

"အားနာရင်၊ ဖုန်းချလိုက်တော့"

"အားနာနာနဲ့ပဲ၊ မေးရတော့မှာပဲ။ နာ

ပြောပြ"

"နာမည် အရေးကြီးလို့လား"

"အသည်းနှလုံးက၊ နာမည် မလိုပေမ

ဦးနှောက်က,တော့၊ မှတ်သား ထားချင်တာ

မူကြို့ကျောင်းတက်ရင်တောင်၊ နာမ

ပြောရတယ်လေ"

"ဘာလို့၊ နာမည် သိချင်ရတာလဲ"

"တွေ့ခွင့်မရတော့တဲ့အခါ ၊ သတိရရင်

နာမည်ကို၊အော်ခေါ်ပြီး ၊ သတိရစိတ်ကို၊

ဖြေဖျောက်ချင်လို့ပါ ။



သိပ်လိုအပ်ရင် ၊ တစ်အိမ်တက်ဆင်း ၊

နာမည်နဲ့တကွ၊ လိုက်ရှာချင်လို့"

"တို့၊ တကယ်ပျောက်သွားရင်၊ တကယ်

လိုက်ရှာမှာလား"

"တကယ်ရှာမှာ။ တစ်ခုတော့

ပြောပြပါရစေ ။ ငါ့အရွယ်က

အရက်သောက်ရမယ့် အရွယ်တော့ မဟုတ်ပါဘူး။

အခုလည်း မသောက်ထားပါ ဘူး။

ဒါပေမဲ့. . ၊ နင့်ကို၊ ငါ. ထပ်မတွေ့ရတော့

ဘူးဆိုရင်။ ငါ့,နေ့မအိပ်ည,မအိပ်လိုက်ရှာမှာ

အမှန်ပဲ။

အဲဒါအပြင်၊ တစ်ရက်ပျောက်ရင်၊ တစ်ခွက်

သောက်မယ်။ တစ်သက်လုံး ပျောက်သွားရင်၊

တစ်သက်လုံး သောက်မယ်၊ အရက်ကို"

"ဟယ်။ နင် တကယ်ပြောနေတာလား"

ငါ. . ။ ဘယ်ရာထူးအာဏာအတွက်နဲ့မှ

လိမ်ပြောနေတာ မဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ နှလုံးသားနဲ့ ငါ့ဘဝအတွက်၊ အ...
အတိုင်း အစီရင်ခံနေတာ"

"ငါ . . ၊ အံ့ဩနေလို့ပါ"

"ဘာကိုလဲ"

"နင်ကိုရော။ ငါ့ကိုယ်ငါရော။ အံ့ဩနေ...
တာ။ ငါက, နင်နဲ့ စကားပြောချင်သေးလို့...
ဖုန်းနံပါတ်ပေးခဲ့တာလေ ။ ဘာကြောင့်
စကားပြောချင်နေမှန်းတော့၊ မသိဘူး"

"တို့နှစ်ယောက်ရဲ့ ရေစက်လည်း ဖြစ်နို...
တာပေါ့။ ဒါပေမဲ့ . . ခံစားနာကျင်ရမယ် ဆို...
တော့၊ ဝဋ်ကြွေးလည်း၊ ဖြစ်နိုင်တာ ပေါ့"

"ဘာကို၊ ခံစားရမှာလဲ"

"နင်နဲ့ ဝေးသွားရင်၊ ငါ ခံစားရမှာပေါ့"

"ဇော်နီ"

"ပြော"

"နင်နဲ့ငါနဲ့ သိတာ ၊ နှစ်ဆယ့်လေးနှာ...
မပြည့်သေးဘူးနော်"



"အခု . . ဘဝ။ ဒီနေ့ . . ပစ္စုပ္ပန်၊ ဆုံတွေ့မှု
က၊ နှစ်ဆယ့်လေးနာရီ၊ မပြည့်သေးပေမယ့်-

အရင်ဘဝ . . ဘဝတွေက၊ နှစ်ဆယ့်လေး
ဘဝ, ဘဝပေါင်း နှစ်ရာ့လေးဆယ်၊ ဘဝပေါင်း
နှစ်ထောင့်လေးရာ၊ ဘဝပေါင်း နှစ်သောင်း
လေးထောင်မကၤဆုံတွေ့ခဲ့ကြလို့ နေမှာပေါ့။

ရေစက်ပေါင်းက၊ နှစ်ဆယ့်လေးနာရီ
မကခဲ့လို့ပေါ့။မဟုတ်ဘူးလား"

"မြင့်မြင့်ချင်းကြီး"

"ဓာန်ဖိုးထားအပ်တဲ့၊ ရတနာကို၊ နှစ်သက်
တတ်တဲ့လူတိုင်း၊ မြင့်မြင့်ချင်း မြတ်နိုးကြတာပဲ။

ကဲ . . ပြောပါဟာ။ နင့် နာမည်လေး။
ပြီးတော့ . . . ၊ မနက်ဖြန်၊ ထပ်တွေ့ပါရစေ"

"နာမည်နဲ့၊ ထပ်တွေ့ခွင့်၊ ဘယ်ဟာ
ယူမလဲ။ တစ်ခုတည်း ရွေးဆိုရင်ကော"

"နင့်ကိုငါက . . မွေးတဲ့ပန်းလေးတစ်ပွင့်၊
လက်ဆောင်ပေးရင် ၊ ပန်းရဲ့ ရနံ့နဲ့အဆင်း၊ တစ်

www.burmeseclassic.com

www.burmeseclassic.com



ခုခုကို ကြိုက်တာရွေးဆိုရင်၊ နင်..ဘယ်ဟာ ရွေးမလဲ"

"ဟဲ့၊ အဆင်းနဲ့ ရနံ့နဲ့က၊ ခွဲထုတ်လို့မှ မရတာ"

"အေးပေါ့။ ငါလည်း အဲဒီလိုပဲပေါ့။ နင် နာမည်လေးနဲ့နင့်ကို တွေ့ဆုံခွင့်။ အဲဒီနှစ်ခုကို ဘယ်လိုလုပ်၊ သပ်သပ်ခွဲခြားနိုင်ပါ့မလဲ။

ငါ...နှစ်ခုစလုံး၊ လိုချင်တာ"

"လူလည်"

"ပြောပါဟာ၊ နာမည်လေး"

"မြမာလာ"

"မနက်ဖြန်၊ ငါ..ဘယ်မှာလာတွေ့ရမလဲ"

"ငါတို့တွေ...။ နေ့လည်ထစ်နာရီ၊ အင်းလျားက၊ တံတားမြူမှာ၊ ရှိမယ်"

"အနန္တဂိုဏ်းဝင်ကျေးဇူးရှင်တွေရယ်၊ ခင်ပွန်းကြီး ဆယ်ပါးရယ်ပြီးရင်။ အဲဒီ ဂိုဏ်းဝင် တွေရဲ့ နောက်ဆုံး..၊ ဆယ့်တစ်ယောက်မြောက်



ကျေးဇူးရှင်အဖြစ်၊ ငါ..နင့်ကို၊ ကျေးဇူးတင်ပါ တယ် မြမာလာရယ်"

"ဟဲ့ ..ပေါက်ကရ။ မနိုင်းကောင်းဘူး"

" ထုထည်ကို မြင်စေချင်လို့ပါ"

"တစ်ခုထပ်မှာထားမယ်"

"အင်"

"လုံးဝ..။ အရက်မသောက်ရဘူးနော်။ ငါ..၊ အရက်သမားနဲ့ စကားမပြောဘူး"

"စိတ်ချပါ။ ငါကလည်း..မြမာလာကို သတိရတဲ့၊ သတိရခြင်းထဲမှာသာ၊ မူးနေချင်တာပါ။ သူက.. အရက်ထက်ပိုမူးတယ်"

"သူ..ဆိုတာ၊ ဘယ်သူလဲ။ ငါ့ကို ပြောတာ လား"

"မဟုတ်ဘူး ။ သူ..ဆိုတာ ၊ နင်နဲ့ ငါ့ အကြားက၊ တစ်စုံတစ်ရာ"

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



(၄)

သင်္ကြန်အကျ၊ အကြတ်၊ အတက်နေ့တွေအားလုံး၊ ဇော်နီနှင့် မောင်မောင်မြင့်တို့၏ ရေပက်ခံကားသည်၊ မြမာလာတို့၏ ရေပက်ခံကားနှင့် (ကားနှစ်စီး)အတူ၊ လည်ပတ်ဖြစ်ကြ၏။

မြမာလာ၏ သူငယ်ချင်းငါးယောက်၊ ထိုသူငယ်ချင်းများထဲမှ မြင့်မြင့်ခင်၏ အစ်ကို တစ်ယောက်၊ ဝင်းဝင်းစိုး၏ မောင်နှစ်ယောက်က၊ ကားတစ်စီး၊ ဇော်နီ၊ မောင်မောင်မြင့်၊ ညိုစိမ်း၊ မြင့်လွင်၊ ချစ်ကိုကို၊ သိန်းဌေး၊ သိန်းဦးတို့က၊ ကားတစ်စီး။

ရှေ့နောက် စောင့်ဆိုင်းကာ၊ အတူတကွ လည်ပတ်ကြသည်။ (အတက်နေ့မှာတော့၊ ကားနှစ်စီးစလုံးရှိ ကျား-မအားလုံး၏ သဘောတူ လှုံ့ဆော်မှုဖြင့်၊ ဇော်နီသည်၊ မြမာလာတို့ ဂျစ်ကားပေါ်သို့ ရောက်ရှိသွားလေ၏ . . . . . )။

♥

www.burmeseclassic.com

www.burmeseclassic.com



ခရစ်နှစ်-၁၉၇၉-ခုနှစ်၊ ဧပြီလ (၁၇)ရက်၊ မြန်မာ သက္ကရာဇ်- ၁၃၄၀-ခုနှစ်၊ တန်ခူးလဆုတ်(၆)ရက် (တန်ခူးလပြည့် ကျော် (၆)ရက်)၊ အင်္ဂါနေ့ (နှစ်ဆန်းတစ်ရက်နေ့)တွင် မြမာလာ ဇော်နီတို့ ရွှေတိဂုံစေတီတော်သို့ အတူသွားကြ၏။ ဘုရားဖူးကြ (ထိုနေ့က၊ သူတို့ ချစ်သူဖြစ်ကြသည်)။

"ဘယ်တော့မှ အရက်မသောက်ရဘူး

"အင်း"

"သေသည်အထိ"

"နေဦး။ နင် မရှိရင် ငါ နေတတ် မဟုတ်ဘူး"

"အဲဒီတော့. . ."

"နင်နဲ့ ဝေးရတဲ့နေ့၊ ဒါမှမဟုတ်၊ နင် သေကွဲရှင်ကွဲ၊ တစ်ခုခုကြောင့်၊ ကွဲရတဲ့နေ့ ငါအရက်သောက်မယ်"

"နှစ်ယောက်စလုံး အဘိုးကြီး၊ အဘွား ဖြစ်ပြီးမှ၊ ငါက, အရင်သေသွားရင်ရော. . ။



နင်. . အဘိုးကြီးအဖြစ်နဲ့၊ အရက်သမား လုပ်မှာလား"

"အဲဒီအရွယ်မှာဆိုရင်တော့၊ ခံနိုင်ရည်ရှိ ရင်၊ ရှိနေမှာပေါ့။

ငါဆိုလိုချင်တာက၊ ခံနိုင်ရည်၊ မရှိတဲ့ အရွယ်မျိုး"

မြမာလာက၊ပေါ့ပါးစွာ အတွေးလွှင့်ပြီး-

"ငါက၊ အမေတစ်ခု၊ သမီးတစ်ခု။ မနှစ်က၊ ဖေဖေ ဆုံးတယ်။ အဲဒီ . . ဆုံးတဲ့ . . ဒဏ်ကို၊ မခံစားနိုင်လို့၊ ဆယ်တန်း စာမေးပွဲ၊ မဖြေဘူး။

ဒီနှစ်မှ၊ ဖြေထားတာ။ အောင်အောင်ဖြေ ထားတယ်။

ငါပြောချင်တာက၊ ငါ, တစ်ခုခု ဆုံးရှုံးပြီ ဆိုရင်၊ အစားမထိုးတတ်ဘူး။

မေမေ့ကို သနားရင်၊ ဖေဖေ့အတွက် ဝမ်းနည်းစိတ်ကို ဖယ်ပြီးတော့၊ စာမေးပွဲဖြေပေးပါ . . လို့ မေမေပြောတော့မှ၊ ငါ. . စာမေးပွဲဖြေတာ။

www.burmeseclassic.com

www.burmeseclassic.com



ငါလည်း . . နင်နဲ့ တကယ်လို့များ ဆေး
ရရင်၊ခံစားရမယ်ထင်တယ်။ခံစားချက်.နည်းမလား
များမလားတော့၊ မသိဘူး။

ဒါပေမဲ့. . ,
ဘာနဲ့မှ၊ အစားထိုးမှာ၊ မဟုတ်ဘူး”

‘ကျေးဇူးတင်လိုက်တာဟာ။ သိပ် ကျေး
တင်တာပဲ”

“ရက်ပိုင်းအတွင်းတွေ့၊ ရက်ပိုင်းအတွင်
ချစ်ကြိုက်။ လ,ပိုင်းလောက်နဲ့ ကွဲကွာ. . ဆိုရ
အခုခေတ်. . လူငယ်တွေက၊ အခုတွေ့ အခုကြို
အခုကွဲတွေပါ ဟာ. . ဆိုပြီး၊ လူကြီးတွေ၊ ကဲ့
ကြလိမ့်မယ်။

အဲဒါကြောင့်၊ သူများတကာထက်၊ ငါ
နှစ်ယောက်က၊ ပိုပြီး၊ ခိုင်မြဲဖို့လိုတယ်။ မဟုတ်
လား”

“ဟုတ်”

“မေမေက၊ ငါ့ကို အလိုလိုက်ပါတ



ဒါပေမဲ့- နင်နဲ့တော့၊ သဘောတူမှာမဟုတ်ဘူး။
ပြီးတော့၊ တို့တွေက၊ ငယ်သေးတယ်လေ။
လေးငါးနှစ်အတွင်း၊ မေမေ့ကို၊ အသိမပေး
ချင်သေးဘူး။တက္ကသိုလ်တက်ဖို့တွေ. . ဘာတွေ. .
အချိန်တွေ လိုမယ်နော်။ အများကြီး”

“ငါက၊ စာမေးပွဲကျဖို့ များတယ်”

“ကျရင်လည်း၊ ပြန်ဖြေပေါ့။ ကဗျာဆရာ
လုပ်မှာဆို”

“အင်း”

“ရိုးရိုးသာမန်ကဗျာဆရာဇော်နီ ဆိုတာထက်၊
ကဗျာဆရာတက္ကသိုလ်၊ ဇော်နီဆို ဘယ်လောက်
ကောင်းလိုက်မလဲ။ဇော်နီဆိုတဲ့ နာမည်နဲ့ကို၊ ကလေ
ကချေလောက,မှာ၊တော်တော်နာမည်ရသွားမယ်”
ပြောပြီး၊ မြမာလာရယ်လေသည်။ဇော်နီက၊ ချစ်သူ
ယ်အမောကို၊ ပြုံးလျက်၊ ရယ်လျက်၊ငေးကြည့်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းစာမေးပွဲ အောင်စာရင်းထွက်သည်။ မြ
စာမေးပွဲအောင်မြင်ပြီး၊ ဇော်နီ စာမေးပွဲကျသည်။

♥

ဇော်နီ စိတ်ညစ်နေမည်ကို စိုးရိမ်ပြီး၊ မြမာလ
ဇော်နီနှင့်တွေ့ဖို့၊ ကြိုးပမ်း၏။ စာမေးပွဲ အောင်မြင်
သူငယ်ချင်းတစ်ယောက်က၊ ညစာကျွေးမည်ဖြစ်သဖြင့်၊ ထို
စားပွဲသို့၊ တက်ရောက်မည့်အကြောင်း၊ မိခင်ကို၊ ပြောပြီး၊
ညနေစောင်းတွင်၊ ထွက်ခဲ့သည်။

(မြမာလာပြောသော သူငယ်ချင်းထံသို့၊ သူ
ဒေါ်နိုင်နိုင်က၊ ဆက်သွယ်မေးမြန်းကြည့်သောအခါ၊ စာ
အောင်မြင်ပါသော်လည်း၊ ညစာစားပွဲ၊ မလုပ်ဖြစ်သေး
သိရှိရသည်)။

♥



"ဟဲ့ . ။ မာလာ။ ငါ့ ဆီကို၊ နင့် အမေ
ဖုန်းဆက်တယ်။ ငါ. . ဒင်နာပေးတယ်. . လို့၊ နင်
ပြောတယ်ဆို"

"ဟာ။ ဒုက္ခပဲ။ ငါက. . နင့်ဆီကို၊ ကိုယ်တိုင်
လာပြီး၊ အကူအညီတောင်းမှာမို့၊ ဖုန်းမဆက်
တော့တာ။ ပြီးတော့. . မေမေ့ရှေ့မှာ၊ ဖုန်းနဲ့၊
ဘယ်လိုပြောရမှန်းမသိလို့"

"ငါက၊ ဘာကူညီရမှာလဲ"

"ဇော်နီ့အိမ်ကို သွားမလို့။ နင့်ကို အဖော်
ဝင်ခေါ်တာ။

-စာမေးပွဲကျတယ်ဆိုပြီး၊ အရက်တွေ
ဘာတွေ သောက်နေမှာစိုးလို့။

ငါစိတ်ပူပြီး၊ ထွက်လာတာ။ရတယ်။ ငါ
တစ်ယောက်တည်းပဲ။ သွားတော့မယ်"

"နင့်အမေ လာရင်၊ ငါ ဘာပြောရမလဲ"

"သူငယ်ချင်း တစ်ယောက်ဆီ သွားတယ်ပဲ
ပြောလိုက်တော့ဟာ"

www.burmeseclassic.com

www.burmeseclassic.com



အဆူခံရတော့မည်ဟု၊သိသည့်အပြင်၊အလိမ်ပေါ်
မည်ကို တွေးပြီး ၊ ဘာလုပ်ရမည်မသိတော့။

♥

"နှင် စိတ်ညစ်ပြီ။ အရက်သောက်မှာစိုး
ငါလာတာ"

"စာမေးပွဲကျလို့၊ ငါ စိတ်မညစ်ပါဘူး။
နင်နဲ့မတွေ့ရတာတော့၊ စိတ်ညစ်တယ်"

"ကဲ မညစ်နဲ့တော့။ ငါလည်း. . နင်. .
အရက်မသောက်တဲ့အတွက်၊ ကျေးဇူးတင်တယ်

"ငါ အရက်သောက်မှာကို၊ နင့်. . .
ဘာဖြစ်လို့၊ စိုးရိမ်ရတာလဲ"

"ငါ. . အမှန်အတိုင်းပြောမယ်ဟာ
ငါ့အဖေက၊ အရက်သမား။

အရက်ကြောင့်ပဲ သေသွားရတာ။ ပည
တတ်။ လူချမ်းသာ။ ဒါပေမဲ့. . . အရက်တွ



ဖြစ်သွားရတာ။

အဲဒါကြောင့်။ ငါ ချစ်တဲ့နင့်ကိုလည်း
အရက်သမား မဖြစ်စေချင်ဘူး။ အရက်ကို၊
ခြေထောက်နဲ့တောင် မထိစေချင်ဘူးဟာ"

"ငါ့ဘဝမှာ၊ နင်ရှိနေသမျှ၊ နင့်စကားကို၊
ငါ နားထောင်ပါ့မယ်"

"အခု လောလောဆယ်၊ ငါမှာ ပြဿနာ
ရှိနေတယ် ဇော်နီ"

"ဘာ ပြဿနာလဲ"

"မေမေ့ကို၊ ငါလိမ်ပြီး ထွက်လာတာ။
အခု. . အလိမ်ပေါ်သွားပြီ။ ငါ၊ အိမ်ပြန်ဖို့၊
ကြောက်နေတယ်"

"ဘယ်လို၊ အလိမ်ပေါ်သွားတာလဲ"

"ဝင်းဝင်းစိုး အိမ်မှာ၊ ဒင်နာပေးတယ်. .
ပြောပြီး ထွက်လာတာ။

ငါ. . ဝင်းဝင်းစိုး အိမ်မရောက်ခင်၊ မေမေ
တ၊ ဝင်းဝင်းစိုးတို့ဖုန်းဆက်ပြီး လှမ်းမေးတာ။

www.burmeseclassic.com

www.burmeseclassic.com



အခုတောင်၊ ရုံကို လိုက်ရှာနေလောက်ပြီ

"ဒါဆို၊ ဘယ်လိုလုပ်ကြမလဲ"

"မသိဘူး"

ဇော်နီက၊ ချစ်သူ မြမာလာကို တစ်ချက်ငေးကြည့်သည် ပြီးမှ-

"ငါတို့၊ နှစ်ယောက်စလုံး၊ ငယ်သေ ငယ်သေးတယ်ဟ။ ဒါပေမဲ့. . ပြဿနာ တစ်ခုကြောင့်၊ ဝေးသွားမှာတော့၊ စိုးရိမ်တယ်"

"ငါရောပဲ"

"ဆင်းရဲဒုက္ခကို၊ ခံနိုင်မယ်ဆိုရင်၊ ငါ. . နင် ကို၊ ခိုးပြေးပါရစေ"

"ဆင်းရဲဒုက္ခဆိုတာ၊ ထမင်းငတ်တာကို ပြောတာလား"

"ထမင်းတော့၊ မငတ်ဘူးပေါ့ဟာ။ ငါ့နေ အိမ်က, မြစ်ကမ်းနံဘေးမှာ၊ ဆောက်ထား တဲအိမ်ကြီးလေ။ နင့်မိဘ, အိမ်လို၊ မထည်ဝါ အဲဒါကို ပြောတာ"



"ငါ. .၊ နင်နဲ့လည်း . . မဝေးချင်ဘူး။ မေမေနဲ့လည်း မခွဲချင်ဘူး။

ငါ့မှာ ရည်းစားရှိတယ်ဆိုတာ သိသိချင်း၊ မေမေ ခွဲမှာပဲလေ"

"ငယ်ကြသေးတာကိုး" . . ဟု၊ ဇော်နီပြော၏။

" ဘယ်လိုလုပ်ကြမလဲဟင်"

"ငါခိုးပြေးပါရစေ။ မောင်မောင်မြင့် ဆီမှာ ငွေနည်းနည်းတောင်းပြီး ၊ ပဲခူးဘက်မှာ၊ ခဏ သွားနေမယ်။ ပြီးမှ အိမ်ပြန်လာမယ်လေ။ နော်"

"နောက်ကော"

"တစ်ပတ်လောက်ကြာတော့၊ အိမ်ပြန်လာ မှာပေါ့။ ပြီးတော့မှ- နင့်အမေကို၊ အကြောင်းကြား ပြီး လက်ထပ်ကြမှာပေါ့"

"လက်ထပ်ပြီး၊ ကျောင်းဆက်တက်လို့၊ ရတယ် မဟုတ်လား"

"ရပါတယ် ။ ငါက,တော့. . အလုပ်ပဲ လုပ်တော့မယ်လေ ။ နင်က . . တက္ကသိုလ်

www.burmeseclassic.com

www.burmeseclassic.com



ဆက်တက်ပေါ့"

"နင့်ကိုလည်း၊ တက္ကသိုလ် ကျောင်း[illegible]

ဖြစ်စေချင်တယ်"

**"အေး ဒါ့နောက်ကိုစွပါ။ နောက်မှ [illegible]**

စားမယ်။ အခု . . နင့် . . အိမ်ပြန်ရဲရင် . . [illegible]

မပြန်ရဲရင်၊ ငါ . . ခိုးပြေးမယ်"

"မပြန်ရဲဘူး"

"ကဲ . . ။ မပြန်ရဲရင်လည်း၊ စုံမှိတ်[illegible]

ဆုံးဖြတ်လိုက်ကြတာပေါ့ဟာ"

♥♥♥



(၅)

မြမာလာ၏ မိခင်၊ ဇော်နီ၏ အိမ်ကို၊ လာရောက် မေး[မြ]န်းသောအချိန်တွင်၊ ဇော်နီရော၊ မြမာလာပါ ၊ရန်ကုန်မှာ၊ မရှိ[ကြ]တော့ချေ။

♥

မောင်မောင်မြင့်၏ ဦးလေးရှိရာ၊ ပဲခူးမြို့တွင်၊ ဇော်နီနှင့် [မြ]မာလာ သုံးရက်ခန့်သာနေသည်။ ပြီးနောက် ဇော်နီ့ အိမ်သို့ ၊[ပြ]န်လာကြ၏။

♥

www.burmeseclassic.com

www.burmeseclassic.com



"သူဌေးသမီးကို၊ နင်ဆင်းရဲအောင်လုပ်လိုက်တယ်". . ဟု သာ၊ ဇော်နီမိခင် ဒေါ်နီနီမြင့် ပြော၏။ ထို့ထက် ပို၍ အပြစ်မပြော။

"အပြစ်တင်ရမယ့် အချိန်မဟုတ်ဘူး။ စီစဉ်စရာရှိ တာ၊ စီစဉ်ရမယ့်အချိန်". . ဟု၊ ဖခင် ဦးမင်းအောင်ပြော၏။ ဇော်နီ မိခင်၊ ဒေါ်နီနီမြင့်တ. . ,

"သမီး။ စဉ်းစားဦးနော်။ သမီး အသိုင်း အဝိုင်းက၊ ဘယ်သူမှ မသိသေးဘူး။ သမီးအမေက လည်း ဒီအခြေအနေရောက်မှတော့၊ စိတ်ဆိုးမှာ မဟုတ်ပါဘူး။

အခေါ် သွားကို၊ တကယ် မစွဲမက်ဘဲ၊ အဆူခံရမှာတစ်ခုတည်းကြောင့်၊ ခိုးရာ လိုက်မိ တာပါ ဆိုရင်၊ သမီး နောက်ဆုတ်ခွင့်ရှိတယ်နော်"

"နောက်မဆုတ်ပါဘူး မေမေရယ်။ ဇော်နီ ခေါ်လို့၊ သမီးလိုက်လာတာမဟုတ်ပါဘူး။

သမီးကိုယ်တိုင်၊ သူနဲ့ မခွဲနိုင်လို့၊ လိုက်လာ တာပါ။



သမီး ရင်ဆိုင်နိုင်ပါတယ်။ တစ်ပတ် လောက်နေရင်၊ သမီး မေမေ့ဆီကို၊ သမီး၊ ဖုန်းဆက်မှာပါ"

"အေး။ ဒါဆိုရင်လည်း။ အဒေါ်တို့က၊ မိဘ ဝတ္တရားရှိတဲ့အတိုင်း၊ ဆောင်ရွက်ပေးရမှာပေါ့။ အဒေါ်က၊ သမီးကို၊ အားနာလို့ပါ"

ဇော်နီ့ဖခင်၊ဦးမင်းအောင်က-

"ဟဲ့၊ မနီ"

"ဘာတုန်း"

"သမီးက၊ နင့်ကို၊ မေမေလို့ ခေါ်တယ်လေ။ နင်က. . ဘာဖြစ်လို့၊ အဒေါ် အဒေါ် ပြောနေရ တာလဲ။ နင်ရော၊ ငါရော၊ သမီးရဲ့ မိဘ ဖြစ်သွား ကြပြီဟဲ့။ အဒေါ်မဟုတ်ဘူး အမေ အမေ"

"နှုတ်မကျိုးသေးလို့ပါတော်"

ယ်မော ပျော်ရွှင်ဖွယ် ဖြစ်ကြရသည်။

♥

www.burmeseclassic.com

www.burmeseclassic.com



မြမာလာက၊ ဇော်နီ့မိဘများ၏ ဝါးခနီ အရောင်းဆိုင်တွင်၊ ဇော်နီနှင့်အတူ၊ အလုပ်ကူလုပ်သည်။ ဆင်းရဲသည်၊ ပင်ပန်းသည်ဟု မခံစား။ မိခင် ဒေါ်ခိုင်ခိုင်ကိုတော့၊ ညအိပ်ရာဝင်တိုင်း သတိရ၏။

♥

မောင်မောင်မြင့်၏ အိမ်သို့ ဇော်နီနှင့်အတူ လိုက်သွားပြီး မိခင် ဒေါ်ခိုင်ခိုင်ထံသို့ မြမာလာ မဝံ့မရဲ ဖုန်းဆက်သည်။

"ဟလို"

"မေမေ"

"ဟဲ့ . . သမီး။ နင် အခုမှ ဆက်ရသလား"

"မေမေ ဆူမှာစိုးလို့"

"ဒါ ဆူရမယ့်အချိန်လားဟဲ့။ နင့် ကောင်လေးရဲ့ အဖေ အမေကို ပြောလိုက်။

ဒီ တစ်ပတ်အတွင်း၊ အမြန်ပြန်လာအပ်ပါ . . လို့ ပြောလိုက်။ ကြားလား"



"ဟုတ်ကဲ့"

"နေဦး၊ နေဦး။ နင့်မှာ အဝတ်အစား ရှိရဲ့လား"

"နည်းနည်းပဲ"

"ကဲပါ . . ။ မထူးပါဘူး။ ငါပဲ လာပေးပါ့မယ်။ မနက်ဖြန်မနက်လာပေးမယ်။

ဟိုဟာ . . တင်တောင်း၊ ဒီဟာတင်တောင်းတွေ၊ မလိုဘူး . . လို့။ စကားအားဖြင့်၊ လာအပ်ရင်၊ ကျေနပ်ပြီ . . လို့။ နင့် ယောက္ခမ,တွေကို ပြောပြ။ ကြားလား"

"ဟုတ်ကဲ့"

"မိန်းကလေးရှင်က၊ ဒီအချိန်မှာ၊ မြန်မြန်လာအပ်တာပဲ' မျှော်နေတာလို့။ နော် . . ။'

သေသေချာချာ၊ ပြောပြထား။

မေမေ မနက်ကျမှ၊ လာမယ်။ မေမေလာမယ်ဆိုတာ၊ တခြား သူစိမ်းတွေမသိစေနဲ့၊

သမီးအဝတ်အစားတွေ၊ လာပေးမလို့"

www.burmeseclassic.com

www.burmeseclassic.com



"သမီး ဘာသာ၊ လာယူပါ့မယ် မေမေရယ်

"နောက်မှ လာယူ။ အခုလောလောဆ

ဝတ်စရာမရှိမှာစိုးလို့လာပေးတာ။

သမီးရှင်အနေနဲ့၊ အခုလိုလာပေးရ

သိပ်မကောင်းဘူး။

အရင်. . လာအပ်ပြီးမှ၊ မေမေ ဝင်

ထွက်ရ သင့်လျော်တာသမီးရဲ့"

"မေမေ။ သမီးကို ခွင့်လွှတ်ပါနော်"

"ခွင့်မလွှတ်မှတော့၊ နင့်ကို ငါ . . လာသ

ပြီးပြီပေါ့ဟဲ့ . . သမီးရဲ့။

သိသိချင်းတော့၊ စိတ်ဆိုးတာပေါ့။

အမေ့ထက် ပိုချစ်တဲ့သူ ၊ တွေ့သွားပြီဆိုပြီး ၊

မနာလို ဖြစ်တာပေ့ါ အေ့"

မြမာလာမျက်ရည်ကျသည်။

"နောက်မှ . . ။ ငါ . . မိဘ,ပဲ၊ မိဘစိတ်

ရမယ်လို့ တွေးပြီး၊ စိတ်မဆိုးနိုင်တော့တာ၊

ကဲကဲ . . ဝမ်းနည်းစရာ တွေးမနေ



မေမေ. . မနက်ဖြန်လာခဲ့မယ်။ ကားကိုတော့၊

လမ်းမ,ပေါ်မှာပဲ၊ ရပ်ခဲ့မယ်။

သမီးနေတဲ့အိမ်ကိုလာဖို့၊ လမ်းထဲ ကားဝင်

လို့၊ မရဘူးထင်တယ်"

"လမ်းထဲတော့၊ ကားဝင်လို့ မရဘူး မေမေ။

အိမ်က၊ မြစ်ဘက်မှာ။

ဝါးခနီးရောင်းတဲ့ ဆိုင်ကတော့၊ ကား

လမ်းမ, ဘက်မှာ။ ဆိုင်ကို လာမလား မေမေ"

"အိမ်ကိုပဲ၊ လာပါ့မယ်သမီးရယ်။ ဆိုင်

ဆိုတော့၊ စကားပြောလို့ မကောင်းဘူးလေ၊နော်"

"ဟုတ်ကဲ့။ မေမေ"

♥

မြမာလာအတွက် အဝတ်အစားများ ယူလာသည့်အပြင်၊

ဆံနီ့အတွက်၊ ဂျင်း အကျီတစ်ထည်ပါ၊ ဒေါ်ခိုင်နိုင်ဝယ်လာ၏။

"တကယ်တော့၊ ဒီကိ. . လာအပ်ပြီးမှ၊

ကျွန်မလာသင့်တာ။ အဲဒီအထိ ၊ ကျွန်မ,

မစောင့်နိုင်ဘူးလေ။ သမီးကိုတွေ့ချင်တာကိုး"

www.burmeseclassic.com

www.burmeseclassic.com



ဇော်နီ့ဖခင်၊ ဦးမင်းအောင်ကဲ-

"ကျွန်တော်တို့က အခု . . လာမယ့် တနင်္ဂနွေ
မှာ လာအပ်ဖို့ပါ။ သမီး ဖုန်းဆက်တဲ့၊ အခြေအနေ
လေးကိုလည်း၊ စောင့်ကြည့်မိတာ ပါပါတယ်။
ဒီက . . အစ်မကြီး၊ စိတ်ခုနေမှာလည်း၊ ထည့်တွက်
နေရသေးတယ်လေ။

နှမ်းပါးကြတော့၊ အားနာနေတာလည်း
ပါပါတယ်"

"အားနာစရာမလိုပါဘူး။
အသက်လေးတွေက၊ ဆယ့်ကိုးနှစ် စွန်းစွန်းလောက်
ရှိကြသေးတာ။ ဒါတောင် . . သမီးကိုကျောင်းထား
နောက်ကျတယ်။ သူ့အဖေဆုံးလို့၊ ဆယ်တန်း
မဖြေဘဲနေတာ၊ တစ်နှစ်။

ပညာရေး ဦးစားပေးစေချင်တာ အမှန်ပဲ
လူငယ်ဆိုတော့၊ လူငယ်အတွေး လူငယ်ခံစားချက်
နဲ့ ဆုံးဖြတ်ကြတာနေမှာပေါ့။

အိမ်ထောင်ကျကျ ၊ မကျကျ ။



ဘွဲ့ရအောင် တော့၊ ယူကြ။ နှစ်ယောက်စလုံး"

"ဟုတ်ကဲ့"

'ဇော်နီ၏ . . ဟုတ်ကဲ့။
'ဇော်နီ့ကို ကြည့်ရင်း၊
ဒေါ်ခိုင်ခိုင်က

"မေမေ ဒီကိုလာတာ ။ ဘယ်သူမှ
မသိစေချင်ဘူး။ ရှင်းရှင်းပြောရရင်၊မျက်နှာ
ပူတယ်။

သမီးရှင်လေ။ မဟုတ်ဘူးလား။
လာအပ်ပြီးမှ၊ ဝင်လို့ ထွက်လို့ ကောင်းမှာ၊
ဒါကြောင့် . .

ဒီ တနင်္ဂနွေ၊ လာအပ်ဖြစ်အောင်၊
လာအပ်ပေးပါ "

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ။ စိတ်ချပါ"

ဇော်နီ့ မိဘနှစ်ပါးစလုံးက ၊ လွန်စွာ အားနာနေကြ၏။

♥



ဒေါ်ခိုင်ခိုင်က ၊ ဇော်နီ့ကို ရွှေလက်စွပ်တစ်ကွင်း ၊ ...တ်သူကြွယ်တွင် စွပ်ပေးသည်။ ရွှေဒေါင်းဘယက်တစ်ကုံးကို ...မီးဖြစ်သူ မြမာလာ လည်ပင်းတွင်၊ ချိတ်ဆွဲပေးသည်။

"အပ်တဲ့နေ့ကျရင်၊ ဒါလေးတော့ . . ဝတ်ခဲ့" . . . ဟု၊ ...လျက်မှာ၏။

"သမီး။ အပ်ပြီးတဲ့နေ့ကျမှ၊ အိမ်လာနော်။

ဒီကြားထဲတော့၊ မလာနဲ့ဦး"

မြမာလာ မျက်ရည်ဝဲ၏။

"ဘာလဲ။ အိမ်လိုက်ချင်လို့လား"

မြမာလာခေါင်းညိတ်၏။

ဒေါ်ခိုင်ခိုင်က. . ပြုံးလျက်

"အပ်ဖို့၊ သုံးရက်ပဲ လိုပါတော့တယ်

သမီးရယ်။ နောက်မှ လိုက်။

ဒီကြားထဲ၊ မေမေ အားရင်၊ လာခဲ့ပါဦးမယ်"

မျက်ရည်သုတ်လျက်၊ ခေါင်းညိတ်၏။

www.burmeseclassic.com

www.burmeseclassic.com



"သမီးက ၊ မနက်ပိုင်း ၊ အိမ်မှာ ရှိတာယ
ဆိုင်မှာရှိတာလား"

"မနက်ပိုင်း၊ အိမ်မှာရှိတယ် မေမေ
ဆိုင်ကို၊ ထမင်းပို့ချိန်ကျမှ၊ သွားတာ"

"မေမေ အားရင်၊ ဝင်ခဲ့ပါမယ် သမီးရယ်။ နော်"..မ
ပြုံးလျက်မှာကြား၏။

♥♥♥



(၆)

ဝါးခနိဆိုင်သို့၊ ထမင်းပို့ရန်အတွက်၊ ထမင်းချိုင့်ဖြင့်၊
လာ လမ်းထိပ်သို့အလာ။ မိခင် ဒေါ်ခိုင်ခိုင်နှင့်တွေ့၏။

"ဟာ..မေမေ။ သမီးဆီလာတာလား"

"ဟုတ်တယ်။ မနက်ဖြန်၊ နှင်ဝတ်ဖို့၊
လပ်စတစ် အသားလေးနဲ့ ဝမ်းဆက်ချုပ်ထားတာ။
နည်းနည်းပွနေမလား မသိဘူး။

အဲဒါ... သမီးရဲ့ ကိုယ်တိုင်းလာယူတာ။
သမီးက၊ ဆိုင်ထိုင်ရဦးမှာလား"

"ထိုင်ရတယ်လို့ မဟုတ်ပါဘူး မေမေရယ်။
ထမင်းချိုင့်ပို့ရင်း၊ ကူပေးရတဲ့သဘောပါ။မထိုင်
လည်းရပါတယ်။
အပ်ချုပ်ဆိုင်က၊ဘယ်မှာလဲ'..မေမေ"

"ဒီ..ညဈေးတွင်"

" သမီးလိုက်ခဲ့ပေးမယ်လေ။ ထမင်းချိုင့်

www.burmeseclassic.com

www.burmeseclassic.com



သွားပို့လိုက်ဦးမယ်"

"ကားက။ အဲ့ဒီဆိုင်ရှေ့မှာ၊ မေမေ

တာ။ ကောင်လေးက၊ သမီးအိမ်မှာဆိုလို့၊

လိုက်လာတာ"

"ဪ"

ဆိုင်အတွင်းသို့ ရောက်သောအခါ ၊ ဇော်နီနှင့်

ဦးမင်းအောင် ကို၊ တွေ့ရသည်။

"ဇော်နီ။ ငါ. . ညစျေး ခဏလိုက်

လိုက်ဦးမယ်"

"ဘာ ဝယ်ဖို့လဲ"

" ဝယ်ဖို့ မဟုတ်ဘူး။ အကျီချုပ်ပေး

တာ။ ပွဲနေမှာစိုးလို့ . . . တဲ့။ ကိုယ်တိုင်လာယူ

နင်, လိုက်ခဲ့လား"

"အာ။ မလိုက်ရဲဘူး။ ယောက္ခမကြီး

အားနာနေသေးတယ်။ နင့်ဘာသာသွား

အေးအေးဆေးဆေးသွား။ ရတယ်"

"ဒါဆို။ ငါသွားပြီ။ အဖေ. . ၊ သမီး မေ



လိုက်သွားလိုက်ဦးမယ်"

"အေး အေး"

မြမာလာကားထဲသို့ အဝင်။ ကားကို ညင်သာစွာ

င်းအထွက်။

'မေမေ။ ဒါ. . ဘယ်သူ့ကားလဲ။ အိမ်က,

အိမ်က,ကားလည်း မဟုတ်ဘူး"

"အသိတစ်ယောက်ကား ခဏယူလာတာ။ အိမ်ကို၊ ခဏ

လိုက်ဦးမယ်". . ဟု၊ ပြောရင်း ၊ ညစျေးတန်းကို၊ ကျော်လွန်ပြီး၊

ခိုင်ခိုင် ကားကို မောင်းနှင်ခဲ့သည်။

အိမ်ဝင်းထဲသို့ အရောက် ။ အိမ်ဝင်းထဲတွင်ရှိသော၊

နေကျ ကားပေါ်သို့၊ မြမာလာကို၊ တက်စေသည်။ ခုနက၊ စီးလာ

သော ကားကို၊ သော့တန်းလန်းဖြင့် ထားခဲ့သည်။ အိမ်ထဲမှ၊

ကြီးတစ်ယောက် ထွက်လာ၏။ ထိုလူကြီးကို လက်ပြလျက်

မြမာလာ၏ မိခင်၊ ဒေါ်ခိုင်ခိုင်က-

"ဦးအောင်စိုး။ ကျေးဇူးပဲနော်။ သွားပြီ"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

♥

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့ အစွန်သို့ ရောက်လာတော့မှ မြမာလ

အခြေအနေမှန်ကို ရိပ်စားမိချေသည်။

"မေမေ။ ညဈေးတန်းလည်း မဝင်ပါလာ

ဒေါ်ခိုင်ခိုင် စကားမတုံ့ပြန်။

ကားကိုသာ အရှိန်မြှင့် မောင်းနေ၏။

"မေမေ့"

လှည့်မကြည့်။ စကားမဆို။

"မေမေ့။ သမီး ကားတံခါး ဖွင့်ပြီး ခုန်

လိုက်မှာနော်"

ဒေါ်ခိုင်ခိုင်က လုံးဝ လှည့်မကြည့်ဘဲ. .

"နင်. . အခု ခုန်ချမလား။ ခုန်ချ

သေချာရင်ပြော။ငါ တပြိုင်တည်း ဖိစဉ်မယ်။ နင်

ကားတံခါးဖွင့်လိုက်တာနဲ့။ ငါက တွေ့တဲ့ကား

တွေ့တဲ့ သစ်ပင်၊ တွေ့တဲ့ဓာတ်တိုင် တစ်ခုခုကို

နှစ်ယောက်စာ အရှိန်ပြင်းပြင်းနဲ့ဝင်တိုက်ပေးမယ်

မယုံရင် လုပ်ကြည့်လိုက်လေ မြမာလာ။

ငါ့မှာ လင်သေလို့တောင် အပူမငြိမ်းနိုင်သေးဘူး



သမီးက ပါ၊ စွန့်ပစ်ဖို့ ကြိုးစားတယ်။

အဲဒီလို လင်သေ သားသမီး ဆုံးရှုံး မိန်းမ

တစ်ယောက်အနေနဲ့။

ငါ အသက်ရှင်လည်း၊ အပိုပဲလေ။

အဲဒီတော့ . . .

နင်နဲ့ ငါနဲ့ ဘယ်သူက ပိုသေချင်နေသလဲ

ပိုသေရဲသလဲဆိုတာ နင်. . သိချင်ရင် စမ်းကြည့်

လိုက်"

ကားကို အရှိန်ပိုမြှင့်လိုက်သည်။

"မေမေ့"

မြမာလာငိုလေ၏။ ကားကို အရှိန်မလျှော့သေး။

"မေမေ့"

မြမာလာ မျက်ရည် ပိုးပိုးပေါက်ပေါက်။ ဒေါ်ခိုင်ခိုင်၏

မျက်လုံးများက မျက်ရည်နီများ ကျလုမတတ်။ ရဲရဲတောက်

နေချေ၏။

"မေမေ့။ ကား အရှိန်လျှော့ပါတော့။

www.burmeseclassic.com

www.burmeseclassic.com



သမီး . . ခုန်မချတော့ပါဘူး"

မြမာလာ ငိုချလိုက်လေသည်။ ထိုအခါကျမှ ဒေါ်ခိုင်ခိုင်က ကားကို အရှိန်လျှော့၏။ သူ့ မျက်ဝန်းမှာလည်း မျက်ရည်နှစ်ပေါက် တောက်ခနဲ ကျ၏။

"လာအပ်ပါလို့ ပြောတာ။ ကြည်ဖြူတဲ့ ပုံနဲ့ လာတာ။ မေမေ လိမ်တာပေါ့"

မျက်ရည်တွေ ဖယ်သုတ်လျက်၊ မြမာလာမေး၏။

"ငါ့ သမီး၊ ငါပြန်ရဖို့ ပြုမှုတဲ့ အပြုအမူ တိုင်းကို၊ ဘာပေတံနဲ့မှ တိုင်းမတိုင်းနဲ့။

လိမ်တာလား ညာတာလား၊ ငါမသိဘူး လိမ်တာ ညာတာပါ. . လို့၊ နင်. . သတ်မှတ်ချင် တယ်ဆိုရင်။ . ."

စကားမဆက်။ ရင်တစ်နင့်စာ အံကြိတ်၏။ ပေါက်ခနဲ ထပ်ကျ လာသော၊ မျက်ရည်ကို၊ ဆွတ်ခနဲ ဖယ်သုတ်ပြီးမှ-

" ငါ့ သမီးကို၊ ငါ့ဘဝထဲက၊ ဆွဲထုတ်ထဲ ဘယ်သူ့ကို မဆို။ ရင်ခွဲပြီး၊ အသည်းကလီစာ တွေကိုပါ၊ အစိမ်းလိုက်၊ ဝါးစားပစ်ချင်တဲ့၊ စိတ်ကို



ထိန်းပြီး၊ ပြုံးပြုံးလေး၊ နေခဲ့ရတဲ့၊ ငါ့ကို၊ လိမ်တယ် ညာတယ်ဆိုတာလောက်နဲ့၊ မခိုင်းနှိုင်းနဲ့။

လူသတ်ချင်စိတ်ကို၊ ထိန်းထားရတယ်ဆို တာ ၊ နင်. . မှတ်ထား"

မြမာလာ၊ ဘာစကားမျှ မတုံ့ပြန်။ ငိုလျက်သာ နေ၏။

"သူငယ်နာတောင်၊ မစင်သေးဘူးလို့၊ မအေက၊ ထင်ထားတာ။ နင်က, လင်စိတ်သားစိတ် တောင် ဝင်နေပြီ။

ကလေးလို သဘောထားပြီး၊ မချုပ်မချယ် လွှတ်လပ်ခွင့်ပေးထားတဲ့၊ မိဘအပေါ်၊ နင် . . အခွင့်အရေး ယူသွားတာ။

ချစ်တဲ့ စိတ်သာ၊ မရှိရင်၊ နင့်ကိုပါ၊ ငါ သတ်ပစ်မိမယ်။သိလား . . သိလား. . ။

ကားလက်ကိုင်ခွေကို ၊ လက်ဖြင့်မြှားဖြင့်ရိုက်လျက် ၊ ဒေါ်ခိုင်ခိုင် အော်၏။

"ဒါဆို၊ သမီးက အခု. . ဘာလုပ်ရမှာလဲ" သမီးက၊ အိမ်ထောင်သည် ဖြစ်ခဲ့ပြီပဲ့ဟာ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခိုင်ခိုင်က၊ ကားကို အရှိန်ထပ်လျှော့ပြီး

" ငါ အိမ်ရောင်းခဲ့ပြီးပြီ။ ဘယ်သူမှ မသ

နိုင်တဲ့၊ နေရာမှာ၊ ငါ့ အိမ်ဝယ်ပြီးပြီ။

အဲဒီ အိမ်မှာပဲ၊ ငါတို့ နှစ်ယောက်နေကြ

မယ်။ နင့်ငါ့ မျက်စိအောက်က ပျောက်တာနဲ့ ငါ

ဆွဲကြိုးချပြီးသေမယ်။ နင်လည်း၊ သေချင်သေ

အသက်ရှင်လျက်တော့၊ ငါ့သမီးကို၊ ဘယ်သူ

မှ မရစေရဘူး။

လိုချင်ရင်၊ အလောင်းပဲရမယ်။ ကံဆိုးရင်

တော့၊ နှစ်လောင်းပြိုင်ပေါ့ သမီးရယ်"

ဒေါ်ခိုင်ခိုင်၏ စကားသံ တုန်ရင်သွား၏။

ညနေ စောင်းလုပြီ။ အမှောင်သို့ အရာရာ ယွင်းမိုက်ခဲ့ပြီ• • တာ

မြမာလာ ခံစားရ၏။မိခင်၏ သောက,က၊ ပို၍ပင် ကြီးမား

မှောင်နက်လေမည်ဟုသိ၏ ။ မေတ္တာဟုသာ၊ မှတ်ပိုက်သည်။

မေတ္တာ ထုထည် အတွင်းတွင်လည်း၊ မနေထိုင်တတ်ပါက

လှောင်ချိုင့်ဟု၊ ခံစားရပေမည်။

♥♥♥



(၇)

"ဒီအိမ်ကို၊ ဒေါ်ခိုင်ခိုင်ငှားရောင်းထားတာ၊

ရက်ပိုင်းပဲ ရှိသေးတယ်ကွဲ့။

ဘယ်ပြောင်းသွားသလဲတော့၊ မသိဘူး။

ကားတော့ ခဏလဲ စီးသွားသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့. . ညနေက၊ သူကားနဲ့ ပြန်လာ

သွားပါတယ်။

'ကောင်မ,လေး တစ်ယောက်တော့ ပါလာတယ်

သူ့သမီး ဟုတ်မဟုတ်တော့၊

မသိဘူး"

နေဝင်တော့မှ၊ ဇော်နီ သတိပြုမိခြင်းဖြစ်သည်။

သတိပြုမိသည် ဆိုသော်လည်း ၊ ကြာလိုက်တာ ဟုသာ

တွေးမိခြင်းမျှသာ။

အတန်ကြာမှ ၊

မောင်မောင်မြင့် အိမ်ဖုန်းဖြင့်၊ ဖုန်းလှမ်းဆက်ကြည့် ၏

ဒေါ်ခိုင်ခိုင်၏ ဖုန်းမဟုတ်တော့ကြောင်း ၊ . . . . . . . . . . . . . .

. . . . . . . . . သည်ဖြင့်၊ ကြားရ သည်။

စကားမရှင်း နားမရှင်းသဖြင့်၊ ဒေါ်ခိုင်ခိုင်၏ အိမ်

မောင်မောင်မြင့်၏ ကားဖြင့်၊ အမြန်လာဖြစ်သည်။

ကြားရသည့် အဖြေစကားတွေကြောင့် ၊



ရင်ကွဲမတတ် ခံစားရချေ၏။

ဘဝ,ပျက် လုလု။

ကြေမြေ့ရချေပြီ။

"ဒါ. . အယုံသွင်းသွားတာပဲ။

ဒါ . . . ယုံကြည်မှုကို ၊ အခွင့်ကောင်း

ယူသွားတာပဲ။

ဟာ. . ။

ဟာ. . ။

သွားပြီကွာ။

သွားပြီ. . ။

သွားပြီ. ."

ထိုညမှ အစပြု၍ ၊ ဇော်နီ၏ ဘဝသည် ၊ အရက်ခွက်

ထဲသို့ ၊ တစစ နစ်မြုပ်ခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



(ပျောက်သောသူကို၊ ရှာသော်လည်း မတွေ့)။

ရန်ကုန်မြို့နှင့် မနီးမဝေးမြို့၊ ဥယျာဉ်ခြံမြေတစ်ခုအတွင်း သိုသိပ်သပ်ယပ်စွာ ဆောက်လုပ်ထားသည့်၊ တိုက်အိမ်တစ်လုံး အတွင်း၊ မြမာလာ နေထိုင်ရသည်။

ခြံဝင်းကျယ်ကြီး အတွင်းမှာ၊ ဘယ်ကိုမျှ၊ ထွက်ခွင့်မရ။ မိခင် ဒေါ်နိုင်နိုင်က၊ မျက်စိအောက်က၊ အပျောက်မခံ။

ခြံအလုပ်သမား တချို့ကိုသာ၊ ခပ်လှမ်းလှမ်းတွေ့မြင် သည်။ မည်သူ မည်ဝါ တွေ့ဟုမသိ။



လေးလခန့်အကြာ။

ဒေါ်နိုင်နိုင် စိုးရိမ်သော ကိစ္စနှင့် ကြုံတွေ့ရချေပြီ။

" ဒီ ကိုယ်ဝန်ကို၊ နင် ယူစရာ အကြောင်း မရှိဘူး။ငါ့ရှင်းပစ်မယ်။ ငါ့ စကားကို၊ နားမထောင် ရင်၊ နင် အသေပဲ"

"သေရင်လည်း၊ သေပါရစေ မေမေ။ တခြား စကားအားလုံး၊ သမီး မလွဲသာလို့၊ လိုက်နာခဲ့ရ ပေမယ့်၊ ဒီ တစ်ခုကိုတော့၊ မလိုက်နာနိုင်ဘူး မေမေ။

မိန်းကလေး တစ်ယောက်ဟာ၊ ဘာအရည် အချင်းမှ၊ မရှိခဲ့ရင်တောင်၊ မိခင်စိတ်တော့၊ ရှိရတယ် မေမေ။ အဲဒီ မိခင် စိတ်ကြောင့်၊ သေရ မယ်ဆိုရင်လည်း၊ မေမေ ကြိုက်တာလုပ်။ သမီး အသေခံမယ်"

www.burmeseclassic.com



ဒေါ်နိုင်နိုင်က-

" ငါက,ရော . .၊ မိခင်စိတ် မရှိလို့လား ". . ဟု

အံကြိတ် သံဖြင့်၊ မေးလေ၏။ မြမာလာ မဖြေကြား။

"တစ်ရှက်က၊ နှစ်ရှက် ဖြစ်တော့

သိရဲ့လား။ နင်"

" အသက်ပါ အသေခံပါ့မယ်ဆိုမှ ရှ

ကို၊ နံပါတ်စဉ်ထိုးပြီး၊ ရေ မနေတော့ပါဘူး

"ငါ့ ကိုယ် ငါ ၊သတ်သေလိုက်ရမ

. . . ။ မြမာလာ"

"မေမေ သမီးကို၊ ချစ်လို့၊ ဒီလို . .

ပြောဆိုနေတယ် ဆိုတာ၊ သမီး သိတယ်

မေမေတောင်၊ သမီးကို ချစ်သေး

သမီးလည်း၊သမီးရဲ့ရင်သွေးကို၊ ချစ်ခွင့်ရှိ



မိခင် လက်ဆိုတာ၊ ကမ္ဘာကို ကိုင်လှုပ်တဲ့ . . လက်တဲ့။ စာထဲမှာ ဖတ်ဖူးတယ် မေမေ ။ ကမ္ဘာကို ကိုင်လှုပ်မယ့် လက်က၊ ဘယ်အသက်ကိုမှ၊ မသတ်ရဘူး။

ခင်ပွန်းအတွက်လည်း၊ ဇနီးကောင်းမဖြစ်ခဲ့ဘူး။ မိဘအတွက်လည်း၊ သမီးကောင်းမဖြစ်ခဲ့ရဘူး။သားသမီးအတွက် မိခင်ကောင်းဖြစ်ပါရစေ မေမေ။

ဒီကလေးကို၊ မွေးပြီးတဲ့အချိန်က,စပြီး၊ သမီးဘဝတစ်ခုလုံးကို၊ မေမေ ကြိုက်တာလုပ်ပါ။

မေမေ ခိုင်းတဲ့အတိုင်း၊ မေမေ့ စိတ်တိုင်းကျ၊ သမီး၊ နေပါ့မယ်၊ တကယ် ကတိပေးပါတယ် မေမေ"

"သမီး ။ နင် . . တကယ်ပြောတာလား" မြမာလာ ခေါင်းညိတ်၏။

"ဇော်နီနဲ့၊ ဘယ်တော့မှ ၊ ပြန်မပတ်သက်ရဘူး။ ကလေးမွေးပြီးတာနဲ့၊ ကျောင်းဆက်တက်

www.burmeseclassic.com

www.burmeseclassic.com



ရမယ်။ ပညာတတ်ကြီး၊ ဖြစ်အောင်လုပ်ရမယ်

ထပ်ပြီး၊ အထပ်ထပ်၊ တောင်းဆိုစရာ

တစ်ခုပဲ ရှိတယ်။ ဘာအကြောင်းကြောင်းကြော

နဲ့မှ၊ ဇော်နီနဲ့၊ ပြန်မပတ်သက်ရဘူး။ ကလေးတို့

အကြောင်းပြုပြီးတော့ပဲဖြစ်ဖြစ်"

"စိတ်ချပါ မေမေ။ နောက်က၊ တကော

ကောက်လိုက်နေစရာမှလိုလောက်အောင်၊ သမီး

ကတိပေးပါတယ်။

သမီးဗိုက်ထဲက၊ ရင်သွေးလေးကို တိုင်တည်

ပြီး သမီး သစ္စာဆိုပါတယ်။

ဒီ. . တစ်သက်လုံး၊ မေမေ့ကို၊ သမီး

ဘယ်တော့မှ၊ စိတ်ဆင်းရဲအောင် မလုပ်တော့ပါဘူး

ဒီကလေး မွေးပြီးချိန်က,စပြီး၊ သမီးကို၊ မေမေ

စိတ်တိုင်းကျ ကြိုက်သလို ဆောင်ရွက်ပါ"

သမီးဖြစ်သူ မြမာလာကို၊ ရင်ခွင်တွင် ပွေ့ဖက်လျှ

ဒေါ်နိုင်နိုင် ငိုလေ၏။

♥



ဇနီးပျောက် ရှာပုံတော်ဖွင့်သည်ဟု၊ ဆိုသော်လည်း ဇော်နီ

တစ်ယောက်၊ အရက်ဆိုင်သို့သာ၊ ရောက်၏။

သွားလာ ပျော်ပိုက်ခဲ့ရာ၊ နေရာတွေမှအပ၊ တခြား ရှာဖွေ

ရာ နေရာမသိ။ မြမာလာ၏ အိမ်ရှေ့သို့၊ အရက်မူးမူးဖြင့်၊ သွား

ရောက် ထိုင်ငေးခဲ့သည်လည်းရှိ၏။

ဟိုငေး ဒီငေး ဟိုရေး ဒီရေးဖြင့်၊ ဘဝ,ကို၊ ရေစုံမျှောလေ

၏။ "ဆယ်တန်းပြန်ဖြေပါလားကွာ". . ဟု၊ မောင်မောင်မြင့် အကြံ

ပေးသည်။ ဇော်နီ ခေါင်းခါငြင်းပယ်ခဲ့၏။

"ငါ့ဘဝ ပျက်သွားပြီကွာ။ နောက်ကျောကို၊

ဓားနဲ့ အထိုးခံလိုက်ရပြီ။ မြမာလာနဲ့ ပြန်မတွေ့

မချင်း၊ ငါ. . ဘာမှ မလုပ်ချင်တော့ဘူး"

" မင်းဘာမှမလုပ်ချင်တော့ဘူးဆိုပေမယ့်

မင်းမိဘ,ကိုလည်း ကူညီရဦးမယ်လေကွာ။

ဒီလို. . သောက်စား မူးယစ်နေချင်တယ်ပဲ

ထား။ မင်း ဝင်ငွေမရှိဘဲ၊ မိဘ်လုပ်စာနဲ့ သောက်

စားနေတာ၊ မင်း မိဘကို၊ မင်း အားမနာဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



လူ မသေ မချင်း၊ ဘဝ ဆိုတာ၊ မပျက်ပါဘူး သူငယ်ချင်းရာ။

အသည်းကွဲတယ်ဆိုတာ၊ ဘဝခရီးရှည်ကြီး တစ်ခုလုံးနဲ့ နှိုင်းစာလိုက်ရင်၊အဲဒီ ခရီးလမ်းကြီးရဲ့၊ ဘူတာ တစ်ခုရဲ့၊ နာမည်ပါ”

♥

သူငယ်ချင်းမောင်မောင်မြင့်၏ ဖေးမ,စကား တချို့ကြောင့်၊ အရှုံးတစ်ပိုင်း၊ အမှုးတစ်ပိုင်းမှ၊ အလုံးစုံ၊ မကင်းလွတ်ခဲ့သော်လည်း၊ ဘဝပျက်အောင်၊ ဇော်နီ ရေစုန်မမျှောခဲ့။

ကျောင်းစာကို၊ ဆက်မသင်ဖြစ်တော့သော်လည်း၊ အလုပ်အကိုင်ကို၊ ဖိဖိစီးစီး လုပ်၏။ မူးယစ်သောက်စားမှုကိုတော့၊ လက်မ လွှတ်။ ဝါသနာပါခဲ့ရာ၊ ကဗျာဆိုသည်ကိုပင်၊ လည်ပြန်ငဲ့ကြည့်ချင်စိတ်မရှိတော့။

ဟိုရေး ဒီရေး ရေးမိသည်များကိုပင်လျှင်၊ မီးရှို့ဖျက်စီးပစ်လေ၏။ ကဗျာ မဆန်သော ဘဝဟု၊ နာကျင်စွာ တွေးမှတ်ပြီး



ကိုပင်၊ မချစ်လိုတော့။

(ထို့အပြင် ၊ ဘဝကိုပင် ၊ ထမင်းစား ရေသောက်၊ သန်းရမည့်၊ အရေမရ အဖတ်မရ၊ ကာလ,တစ်ခု ဟုသာ၊ တ်ခဲ့လေတော့၏။ အရက်သေစာကိုသာ၊ ဘဝ၏ အဖျော်ာအဖြစ် စွဲမက် သောက်သုံးခဲ့လေသည်)။

‘နင်နဲ့ဝေးရတဲ့နေ့၊ ဒါမှမဟုတ်။ နင်နဲ့ သေကွဲရှင်ကွဲ ခဲ့ကြောင့်၊ ကွဲရတဲ့နေ့ကျမှ၊ ငါ အရက်သောက်မယ်”. . ဟု၊ လာကို၊ ပြောခဲ့ဖူးသည့်၊ စကားကို၊ အထူးပုံဖော်ဆောင်ရွက် င်းလည်း ဖြစ်၏။

♥

www.burmeseclassic.com

www.burmeseclassic.com



၁၅၀၀

အကြောင်းကို မဆင်ခြင်
အကျိုးကို
ဆိုးသလိုလို ထင်မြင်ကြ။

ပြုခဲ့ရာ
အကုသိုလ် ကံအမှုဟောင်းကိုလည်း
ဉာဏ်ကောင်းစွာ မဖော်ဆောင်နိုင်ကြရှာတဲ့
ပုထုဇဉ်ဘဝ ။ ။

♥♥♥



(၈)

ခြံဝင်းကျယ်ကြီး အတွင်း၊ လွတ်လပ်စွာ သွားလာနေထိုင်နေရသော်လည်း၊ မိခင် ဒေါ်နိုင်နိုင်၏ ဥပါယ်တံမျဉ်အစောင့်အရှောက်တို့ကြားတွင် ၊ နေထိုင်နေရသည်မှန်း ၊ မြမာသော သိ၏။

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူခင်ပွန်းနှင့် ကွေကွင်းရခြင်းထက်၊ ရင်သွေးရင်နှစ် ကလေးကို၊ ရှင်သန်ခွင့်ပေးဖို့ အရေးကိုသာ၊ ပို၍ ဦးစားပေးပြီးသည့်နောက်၊ စိတ်ကို နေတတ်အောင်သာ၊ နေလိုက်ဖို့၊ ဆုံးဖြတ်သည်။

♥

ကလေးငယ်၏ စူးစူးဝါးဝါး ငိုသံကို မကြားရ။ "အင့်ခနဲ"၊ အသံငယ်လေး တစ်ခုသာ၊ သူကြားရ၏။ နွမ်းနယ်သည့် အသံဖြင့်၊ "ဘာလေးလဲ မမေ" . . ဟု၊ မိခင်ကို၊ သူ. . မေးသည်။ "သမီးလေး" ဟူသော၊ မိခင်ဒေါ်ခိုင်ခိုင်၏ အဖြေစကားကို ကြားမှ၊ မြမာလာ မျက်လုံးလေး မှေးနေလိုက်၏။

♥

"ကလေးက၊ အဖတ်မတင်ဘူး သမီးရယ်။ နှာခေါင်းထဲ သွေးခဲပိတ်နေတယ်ဆိုလားပဲ။ မိနစ်ပိုင်းပဲ၊ အသက်ရှုတယ်။ ခဏလေးနဲ့ မေမေတို့ လက်လွှတ်လိုက်ရတယ်"



"သမီးကို၊ ဘာဖြစ်လို့ အသိမပေးတာလဲ မေမေရယ်"

"သွေးနုသားနုမို့၊ ချက်ချင်းမပြောတာပေါ့ သမီးရယ်။ အခုလည်း၊ ဘာမှ စိတ်မကောင်း ဖြစ်မနေနဲ့။

မီးယပ် ခေါင်းကိုက် ဖြစ်တတ်တယ်။ မီးဖွားပြီးစ၊ သွေးနုသားနုချိန်မှာ၊ ငိုတာတို့၊ စိတ်ညစ်တာတို့ မလုပ်ရဘူး။ တစ်သက်လုံး ခေါင်းကိုက်ရောဂါ စွဲတတ်တယ်။ ကြားလား။ မငိုနဲ့နော်"

မျက်ရည်လဲ့လဲ့ကို၊ မျက်တောင်ခတ်ကာ၊ပယ်ထုတ်လိုက်ရ၏။

"မြေမြှုပ်လိုက်ရတာပေါ့နော်"

"အင်းပေါ့။ လက်သည် အဒေါ်ကြီးကိုပဲ၊ မြှုပ်နိုင်းလိုက်ရတယ်"

"သမီးကြည့်ချင်တယ်"

"သမီးရယ်။ တစ်ပတ်ပဲ ကျော်နေပြီ။ ကြည့်ပြီး၊ ဘာလုပ်တော့မှာလဲ။ ပြီးတော့. . လက်သည်

www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ကြီးလည်း၊ ပြန်သွားပြီ။

နေကောင်းအောင်သာ နေစမ်းပါ။ မေမေ

လည်း ၊ ပင်ပန်းနေပြီ။ သမီးလည်း၊ ပင်ပန်းလှပြီ

နားနားနေနေ နေပြီး၊ ကျန်းမာရေးကောင်းအောင်

နေပါတော့”

ကဲ့ဆိုးလိုက်တာဟု၊ မြမာလာ ကိုယ့်ကိုယ်ကို မတွေး မိနစ်ပိုင်းအတွင်း၊ ဆုံးပါးသွားရှာသူ ရင်သွေးလေးကိုသာ ကဲ့ဆိုးလှသူဟု၊ တွေးမိ၏။(လူ့ဘဝတွင်၊ ရပ်တည်ရှင်သန်ခွင့် မိနစ်ပိုင်းမျှသာ၊ ရသည့် . . ကံ။ ဆိုးရွားလှချေ၏)။

♥

မေမြို့(ယခုပြင်ဦးလွင်မြို့)သို့၊ ပြောင်းရွှေ့နေထိုင်ရသည် မိခင်ဒေါ်ခိုင်ခိုင်ခေါ်ဆောင်ရာသို့၊ မြမာလာ မငြင်းမကွယ် လိုက်ပါခဲ့ရသည်။

♥

ထို့နောက် မန္တလေးတက္ကသိုလ်မှ၊ ဝိဇ္ဇာဘွဲ့ တစ်ဘွဲ့ ရအောင် ယူသည်။ ပြီးနောက်၊ မိခင် ဒေါ်ခိုင်ခိုင်၏ သူငယ်ချင်း ဒေါ်မြမြ မူရှိရာ၊ ဂျပန်နိုင်ငံသို့၊ ဒေါ်ခိုင်ခိုင်နှင့်အတူ၊ သွားကြ



သည်။ ဂျပန်နိုင်ငံမှာ၊ ကျောင်းဆက်တက်ရသည်။

♥

ထို့နောက် ဂျပန်နိုင်ငံ၏ ကုမ္ပဏီတစ်ခုတွင်၊ တာဝန်ထမ်း ဆောင်ရင်း၊ ထိုကုမ္ပဏီ၏ မြန်မာနိုင်ငံကိုယ်စားလှယ်အဖြစ်၊ မြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာသည်အထိ၊ မိခင် ဒေါ်ခိုင်ခိုင် ၏၊ တစ်ဖဝါးမခွာ၊ စောင့်ရှောက်မှု ပေးခဲ့ခြင်းဖြစ်၏။

♥

မြမာလာ မြန်မာပြည်သို့ ရောက်သော်၊ အသက်အရွယ်မှာ၊ ငယ်ငယ်နုနု မဟုတ်တော့။ အသက်လေးဆယ့်ငါးနှစ်။ မိခင်ဖြစ်သူ ကို၊ ပြန်လည်ငဲ့ညှာရမယ့် အရွယ်။ ထို့ကြောင့်၊ ငယ်ဘဝ,က၊ အဖြစ်သနစ်မှန်သမျှကို၊ ပုံပြင်ဟုသာ တွေးမှတ်ပစ်လိုက်လေတော့ ၏။ မိခင်ဒေါ်ခိုင်ခိုင်ကိုလည်း၊ အမှန်တကယ်၊ အားနာသနားတတ်ခဲ့ သည်။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



(၉)

ဘယ်နေရာ ဘယ်အရပ်သို့ ရောက်နေမှန်းမသိသော၊
လူ့လောကဥပင် ၊ ရှိ မရှိ၊ မသေချာတော့သော ၊
ချစ်ဇနီး ဒေါ်မြမာလာ၏ မွေးနေ့ကို၊ ဦးဇော်နီ မမေ့မလျော့၊
ထိုမွေးနေ့တိုင်း ၊ ကောင်းမှုကုသိုလ် တင်ခဲ့ကို ၊

www.burmeseclassic.com

ဦးဇော်နီ အစဉ်အမြဲ ဆောင်ရွက်ခဲ့၏။ ယခုနှစ် ၊ ဒေါ်မြမာလာ၏ အသက် ငါးဆယ်လေးနှစ် ပြည့်သည့်နှစ်။

ရွှေတိဂုံစေတီတော်သို့၊ တက်ရောက်လျက်၊ ချစ်ဇနီး ဒေါ်မြမာလာ၏ ကိုယ်စားပန်းရေချမ်းတို့၊ ကပ်လှူပူဇော်၏။ (ထို နေ့တိုင်းတွင် ဦးဇော်နီ၊ အရက်မသောက်)။

♥

တရားဟောမမှုကထိက ဆရာတော်လေး ဦးဝိလာသ၏ အဆင်းသွင်ပြင်ကို၊ ဖူးမြင်လျှင် မြင်ချင်း၊ ဦးဇော်နီက၊ ခြေတော်ရင်း သို့၊ ဦးခိုက်ရှိခိုးလိုက်လေ၏။

ပြီးနောက် ဝတ္ထုငွေ ထည့်ထားသည့် စာအိတ်ငယ်ကို ဆရာတော်လေး ဦးဝိလာသထံ၊ ဆက်ကပ်၏။ နိဗ္ဗာန်သို့၊ ရည်စူး၍ လှူဒါန်းမှု ပြုပါရန်၊ ဆရာတော်လေးက၊ နှလုံးသွင်းဆင်ခြင်စေ၏။

ထိုအလှူငွေကို အတူပါလာသော ကပ္ပိယက,သာ၊ လက်ခံ သိမ်းဆည်း၏။ (ဦးဇော်နီ ရှိခိုးဦးချ လှူဒါန်းမှုပြုနေသော ဆရာတော်လေး ဦးဝိလာသ,သည်၊ ထင်ရှားကျော်ကြားသော တရားဟောမမှုကထိက၊ ဆရာတော်လေး ဖြစ်ကြောင်း တရားလိုက်စားသူ၊ လူတော်ဟော်များများ သိကြ၏။



ဒါကို၊ ဦးဇော်နီ မသိ။ ဆရာတော်လေးနှင့် သူ့ကို၊ လူတွေ ဝိုင်းကြည့် နေကြသည် ဟုသာ၊ ဆင်မြင်နေလေ၏)။

♥

"ဒကာကြီးနာမည်က၊ ဘယ်သူလဲဗျ"

"ဦးဇော်နီပါဘုရား"

"အခု . . ကုသိုလ်ပြုပေးတဲ့၊ ကာယကံရှင် မွေးနေ့ရှင်ရဲ့ အမည်ကရော. . "

"ဒေါ်မြမာလာပါ"

"ဒကာမ,ကြီးက၊ နာမကျန်းဖြစ်နေလို့၊ ကိုယ်တိုင်၊ ဘုရားပေါ်မှလာနိုင်တာလား"

"မဟုတ်ပါဘူးဘုရား။ လောက,မှာ၊ ရှိ မရှိ တောင် မသေချာတော့တာပါ။

တပည့်တော်တို့၊ နှစ်ယောက်က၊ ကွေကွင်း ခဲ့ကြရတာပါဘုရား။

www.burmeseclassic.com

www.burmeseclassic.com



ရှင်ကွဲ ကွဲခဲ့ကြရတယ် ဆိုပါတော့ ဘုရား
နှစ်ပေါင်းသုံးဆယ်ကျော်လောက်ရှိပါပြီဘုရား

မွေးနေ့လေး၊ မှတ်မိထားလို့၊ ရည်စူး
ကုသိုလ်လုပ်ပေးတာပါဘုရား"

"သြော်. . ။ သြော်. . ။ ဖြစ်မှ ဖြစ်ရလေ
ဒကာကြီး အသက်က,ရော"

"ငါးဆယ့် လေးနှစ်ပါပဲ ဘုရား"

"ဒကာကြီးက၊ ဘာသောက်အစားမျ
ရတယ်။ ဟုတ်သလား"

"ဟုတ်ပါတယ် ဘုရား . . ။ဒီ
တော့ . . ၊မသောက်ဘူးလို့၊ ဆုံးဖြ
ထားပါတယ် ဘုရား"

"နောက်နေ့တော့၊ သောက်မယ်ပေါ့"

" . . . . "

ဦးဇော်နီ ရယ်နေ၏။



"ဘုရားဆုပန်ရာက,နေ၊ ဘုရားဖြစ်မယ်လို့၊ ဗျာဒိတ်ရတဲ့အထိ၊ဆယ့်ခြောက်အသင်္ချေ။ ဗျာဒိတ်တော်ရရာက,နေ၊ဘုရားဖြစ်တဲ့အထိ၊ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း။

စုစုပေါင်း အသင်္ချေနှစ်ဆယ်နဲ့ ကမ္ဘာတစ်သိန်းဖြတ်သန်းခဲ့ပြီး၊ နောက်ထပ် ခြောက်နှစ် ဒုက္ကရစရိယကျင့်ပြီးမှ ၊ သဗ္ဗညုတဉာဏ်တော် ပိုင်ရှင်၊ ဘုရားဖြစ်တော်မူခဲ့ရတဲ့၊ ဦးပဉ္စင်းတို့၊ ဒကာကြီးတို့၊ ကိုးကွယ်တဲ့ ဘုရားရှင်က၊ အရက်သေစာမသောက်စားကြပါနဲ့. . လို့၊ တားမြစ်ခဲ့တာ မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"အသင်္ချေပေါင်းများစွာ၊ ဖြတ်သန်းလာခဲ့ရတဲ့၊ အတွေ့အကြုံ ပါရမီအဟုန်နဲ့၊ ပြောတဲ့စကား ၊ မလိုက်နာသင့်ဘူးလားဗျာ"

"လိုက်နာသင့်ပါတယ်ဘုရား။ ပြီးတော့ ဦးပဉ္စင်းလေး၊ တွက်ပြသလို၊ တပည့်တော် တစ်ခါမှ

www.burmeseclassic.com



တွက်မကြည့်မိပါဘူး ခဲ့ဘုရား။

အသင်္ချေပေါင်းများစွာ ၊ ကမ္ဘာပေါင်းများစွာဖြတ်သန်းပြီး၊ ပါရမီ ဖြည့်ခဲ့ရတဲ့၊ ဘုရားရှင်ရဲ့ အသိဉာဏ်နဲ့ ခိုင်းတဲ့အရာ။

များစွာရှိတဲ့အနက် ၊ ကိုယ်နားလည် လက်ခံရာကို၊ တစိုက်မတ်မတ်၊ လိုက်နာသ တယ်လို့ တပည့်တော်အနေနဲ့ တွေးမိပါတယ်ဘုရား

"ဒါဆို၊ သူရာမေရယ . . ခေါ်တဲ့၊ အရ သေစာ၊ မူးယစ်သေစာ သောက်စားခြင်းကို၊ ဒ ကြီး၊ ရှောင်ကျဉ်မယ်ပေါ့"

"ရှောင်ပါ့မယ်ဘုရား"

"သီလ. . ဆိုတာ၊ နောက်ဆုံးထွက်သ အထိ၊ မြဲရတယ်နော် ဒကာကြီး"

"အခုက,စပြီး၊ နောက်ဆုံး ထွက်သက်အ လိုက်နာမှာပါဘုရား"



"အင်း" ။

သာဓု . . သာဓု . . သာဓု။

ဒကာကြီးရဲ့- စကားကတိဟာ၊ ဘုရားလေးဆူရဲ့ ဓာတ်တော်များ၊ ကိန်းဝပ်ရာ၊ ရွှေတိဂုံစေတီတော် ရင်ပြင်မှာပြောတာ ဖြစ်တဲ့အတွက်၊ ဘုရားလေးဆူရဲ့ ရှေ့မှောက်မှာ ၊ ကတိပြုတယ် . . လို့ နှလုံးသွင်း နော် ဒကာကြီး"

"မှန်ပါဘုရား"

"နောင်တစ်ချိန်၊ ဦးပဉ္စင်းနဲ့ ဒကာကြီး၊ တစ်နေရာရာမှာ တွေ့ပြန်ကြရင်၊ ဒကာကြီး အရက်ပြတ်ပါပြီဆိုတာလေး၊ ဦးပဉ္စင်း၊ ကြားပါရ စေလားဗျာ"

"ကြားရပါစေမယ် ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



" သာဓု . . သာဓု . . သာဓု။ ဘယ်လို အ
အခြေအနေ ဖြစ်ဖြစ်၊ မိမိရဲ့ ကိုယ်ပိုင်ပစ္စည်းလို့
ဆင်ခြင်ပါ ဒကာကြီး"

"မှန်ပါ ဘုရား"

♥♥♥



(၁၀)

"တော်တော်ထူးဆန်းတာပဲ". . ဟု၊ ဦးမောင်မောင်မြင့်၊ ပြော၏။

ပြီးမှ-

" ဒါဆို ၊ မင်းက . . တကယ့်ကို ၊ အရက်ဖြတ်လိုက်ပြီပေါ့"

"အင်း"

www.burmeseclassic.com

www.burmeseclassic.com



"ဒီ . .။ အဲဒီ . . ကိုယ်တော်လေးရဲ့ ကျေးဇူးပေါ့။ဟုတ်လား"

"ဟုတ်တယ်။ ကိုယ်တော်လေးကို မြင်မြင်ချင်း။ ငါ . . ပြေးပြီး ရှိခိုးလိုက်တာကွ။

ဝေယျာဝစ္စလှူမယ့် ငွေလည်း၊ သူ့ပဲ လှူလိုက်တယ်။ အလှူငွေကို မထိဘူးကွ။ သူ့ကပ္ပိယက လက်ခံတာ။

နောက်ပြီး ဒီ. . ဦးပဉ္ဇင်းလေး ခိုင်းသမျှကို ငါ လုပ်တော့မယ်ဆိုတဲ့ စိတ်မျိုး၊ ဖြစ်သွားတာကွ။

ပြီးတော့ . . သူပြောပြတာက၊ နိုးနိုးလေးကွ။

အသေခံပေါင်းများစွာ . . ဖြတ်သန်းပြီး ပါရမီဖြည့်ကျင့်ခဲ့တဲ့၊ဘုရားစကားကို၊ နားလည်သလောက် လိုက်နာသင့်တယ် . . တဲ့။

ငါ. . . လိုက်နာမယ်. . လို့၊ ချက်ချင်း ကတိပေးခဲ့တာကွ။

မြမာလာနဲ့ ပတ်သက်တဲ့၊ သောကလေး တွေတောင်၊လွင့်သွားသလိုပဲ"



ဦးမောင်မောင်မြင့်က-ပြုံးလျက်-

"မင်းကျွတ်ချိန်တန်ပြီပေါ့"

"ဟုတ်မှာပေါ့ကွာ။ ဦးပဉ္ဇင်းလေးကမှာသေးတယ်။

ဘယ်လို ဘဝအခြေအနေဖြစ်ဖြစ်၊ မိမိရဲ့ ကိုယ်ပိုင်ပစ္စည်းလို့၊ ဆင်ခြင်ပါ . . တဲ့။

နားထောင်လို့ ကောင်းလိုက်တဲ့ စကားကွာ"

"အဲဒီ ကိုယ်တော်လေးရဲ့ ဘွဲ့နာမည်က။ ဘာတဲ့လဲ"

"ဟာ။ ငါ့ မမေးမိခဲ့ဘူး။ ငါ့ကိုရော. . ဦးပဉ္ဇင်းကိုရော၊ လူတွေ ဝိုင်းကြည့်နေကြတယ်ကွ။

ပြီးတော့ ဦးပဉ္ဇင်းလေးနဲ့ပါလာတာ၊ ကပ္ပိယအပြင်၊ တခြားလူတွေလည်း၊ ပါလာပုံရတယ်"

"မျက်နှာတော်တော့၊ မှတ်မိတယ် မဟုတ်လား"

"မှတ်မိတာပေါ့။ သေချာချာကို၊ မှတ်ထားတာ။ နောက်တစ်ခါ၊ ပြန်တွေ့ရင်၊ အရက်

www.burmeseclassic.com

www.burmeseclassic.com



ပြတ်ပါပြီ . . လို့ သွားလျှောက်မှာလေကွာ"

♥

မိခင်ဖြစ်သူ၊ ဒေါ်ခိုင်ခိုင်၏ ဈာပနကိစ္စပြီးပါမှ၊ ဒေါ်မြမာလာ၏ သားပျောက်ရှာပုံတော်ခရီး စတင်ရလေသည်။

ရန်ကုန်မြို့မှ၊ အဝေးပြေးလမ်းမပေါ်သို့ စိတ်ကိုတင်းလျှက် မောင်း၏။ အဝေးပြေးလမ်းပေါ်သို့ ရောက်သော်၊ ကားကို အရှိန်မြှင့်မောင်းသည်။ သတိဝင်သောအခါမှ၊ အရှိန်လျှော့ရပြန်သည်။

ခင်ပွန်းဖြစ်သူ ဇော်နီ၏ ယယ်မျက်နှာ၊ မိခင် ဒေါ်ခိုင်ခိုင်၏ အပြုအမူများ၊ ဘဝဖြစ်စဉ်အားလုံး . . . တို့ကို၊ အသံတိတ် ရုပ်ရှင် ပြကွက်များကဲ့သို့၊ အဆက်မပြတ်မြင်ယောင်၏။ ပြန်လည်ခံစားရ၏။ မိခင်ဖြစ်သူကိုလည်း၊ အပြစ်မတင်ရက်တော့။

ကံ-ကံ၏အကျိုးဟုသာ၊ သဘောပိုက်ရပေတော့၏။ အိပ်ရာထဲဗုန်းဗုန်းလဲစဉ်မှ ကွယ်လွန်သည်အထိ၊ မိခင် ဒေါ်ခိုင်ခိုင် အနေဖြင့်၊ ရင်ငုံနှုတ်ဆိတ်နေသွားခဲ့လျှင်၊ ယခုကဲ့သို့၊ သားပျောက်ရှာဖို့၊ အခွင့်အရေး၊ ရနိုင်လိမ့်မည်မဟုတ်ကြောင်း တွေးကာ မိခင်ကို လွန်စွာပင် ကျေးဇူးတင်နေရပြန်၏။

♥



"မေမေ သေလို့ သမီးတစ်ယောက်တည်း၊ ကျန်ရစ်ခဲ့မယ် မထင်နဲ့နော်၊ သမီး။

သမီးမှာ၊ သားလေး တစ်ယောက်၊ ရှိတယ်။ အဲဒီသားလေးက၊ မေမေ့ခြံမှာ အလုပ်လာလုပ်တဲ့၊ ဦးသာအောင်ဆီမှာ၊ ရှိနေလိမ့်မယ် သမီး။

ဦးသာအောင်က၊ ပဲခူးမှာနေတယ်။ ပဲခူး-လိပ်စာ၊ မေမေ ရေးပေးခဲ့မယ်"

"မေမေ။ မေမေ ပြောတာ။ မေမေ ပြောနေတာတွေ။ သမီးနားမလည်ဘူး"

"သမီး၊ ကလေးမွေးဖူးတယ်လေ"

"ဟုတ်တယ်လေ။ မီးတွင်းထဲမှာပဲ၊ ဆုံးသွားတယ်ဆို။ ပြီးတော့ . . မိန်းကလေး . . . မွေးတာဆို"

"မဟုတ်ဘူး သမီး။ ယောကျ်ားလေးမွေးတာ။ သမီး စိုးစမ်းရင်တောင်၊ မျက်စိလည်အောင် လို့၊ မိန်းကလေးလို့၊ မေမေပြောခဲ့တာ။

www.burmeseclassic.com

www.burmeseclassic.com



မေမေ ကိုယ့်ကိုကိုယ်၊အပြစ်. . လို့ မယူဆချင်ဘူး သမီးရယ်။

သမီးကိုချစ်တဲ့ စိတ်ကို၊ အခြေခံပြီး၊ လုပ်ချင်တာတွေ၊ အကုန်လုပ်ပစ်ခဲ့တာပါ။

အရွယ်မတိုင်ခင်၊ ပညာမစုံခင် အိမ်ထောင်သည်ဖြစ်သွားပြီး၊ လောကဓံကို သမီး၊ ဖြစ်သလို ရင်ဆိုင်ရမှာလည်း၊ မေမေစိုးရိမ်ခဲ့တာပါ။ အဲဒါကြောင့် . . မေမေ့ကို၊ ခွင့်လွှတ်ဖို့၊ မေမေ၊ မပြောချင်ပါဘူး။ မိခင်ရဲ့ စေတနာကို၊ သိပေးပါ. . လို့ပဲ၊ မေမေပြောပါရစေ သမီးရယ်"

"မေမေ့ မေတ္တာစေတနာကို၊ သမီးနားလည် သိမြင်ခဲ့တာ၊ ကြာလှပြီ မေမေရယ်။

မေမေ့ကို၊ အပြစ်ရှိတယ်. . မတရားလုပ်တယ်. . လို့၊ သမီး တစ်ခါမှ မတွေးပါဘူး။

နော်. . ။မေမေ။နော် . . ။ မေမေ လုပ်ခဲ့တာ၊ အားလုံးမှန်ပါတယ်။



အခုလို၊ မေမေ ဖွင့်ပြောအသိပေးတာကို၊ သမီး . . ကျေးဇူးလည်းတင်ပါတယ်။ သာခုလည်း ခေါ်ပါတယ် မေမေရယ်။ နော်. . ။

ဘာအတွက်မှ၊ မေမေစိတ်မကောင်း မဖြစ်ပါနဲ့။ အားလုံးဟာ ကံ တရားပါ မေမေ"

" မေမေ့ကို၊ အပြစ်မမြင်တဲ့အတွက်၊ မေမေ ကျေးဇူးတင်ပါတယ် သမီးရယ်။

သမီးတို့၊ မိသားစု၊ ပြန်လည်ဆုံစည်းပါစေ လို့၊ မေမေဆုတောင်းခဲ့ပါတယ်"

♥

မိခင်ကို သတိရစိတ်ကြောင့်၊ မျက်ရည်ဝေ့ရပြန်၏။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



(၁၁)

"ဦးသာအောင် ဆုံးသွားတာ ၊ နှစ်ပေါင်း များစွာကြာလှပေါ့။ သူ့မွေးစားကလေးကိုသူ့ ညီ ဦးသာမောင်၊ လာခေါ်သွားတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဦးသာမောင် က ၊ ရန်ကုန်မြို့စွန်နားက ဘုန်းကြီးကျောင်း တစ်ကျောင်းမှာ ၊ နေတယ် ကြားတာပဲ"

♥

"ဦးသာမောင်က၊ တပ္ပိယမဟုတ်တော့ဘူး။ ရဟန်းဝတ်နဲ့နေတာ။ ကြာလှပြီ။ အဲ. .။အဲဒီ ကျောင်းထဲ၊ သတင်းသုံးတယ်"

♥

"တပည့်တော်၊ ဒေါ်ခိုင်ခိုင်ရဲ့သမီး မြမာလာပါဘုရား။ တပည့်တော်ရဲ့ မိခင်က တပည့်တော်ရဲ့ ရင်သွေးကို၊ ပဲခူးက၊ ဦးသာအောင်



ဆီမှာ၊ ပေးခဲ့တယ်. . လို့၊ မှာကြားခဲ့တာကြောင့် . . . ."

ကပ္ပိယဦးသာမောင် တဖြစ်လဲ၊ ဆရာတော်ဦးသုမန၊ [illegible]ကြားချက်-

"ကျုပ်တို့က၊ ခေါ်လာတယ်။ ကျောင်းထိုင် ဆရာတော်ကြီးက၊ မွေးစားတယ် ဆိုပေမယ့်။

ကျုပ်တို့လည်း၊ ဝိလာသကို၊ မပိုင်ဘူး။ ဒကာမကြီးလည်း၊ ဝိလာသကို၊ မပိုင်ဘူး။

ကိုယ်တော်လေး ဝိလာသက၊ ဘုရား သားတော်ဖြစ်သွားပြီ။ သာသနာက၊ သူ့ကို ပိုင်သွားပြီ။

ဒါကို နှလုံးသွင်းနော်။ ဒကာမကြီး။ မြင့်မြတ်တဲ့သားကို၊ မွေးထားပါလား. . လို့ တွေးပြီး၊ ဝီတိယူ။ ဟုတ်ပလား"

♥

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းထိုင်ဆရာတော်ကြီး၊ ဦးဘာစယျ၏ ဩဝါး

"ကံက၊ မျက်လှည့်ပြသလိုပဲနော်။ ေ

ဆုံကြုံကွဲနော်"

"မှန်ပါဘုရား"

"ဦးတစ်ခါ ဆုံရပြန်တာလည်း၊ နောင်အ

ကွဲရဖို့ဆိုတာ၊ မမေ့နဲ့နော်"

"ဆင်ခြင်မိပါတယ် ဘုရား"

"ဝိလာသက လိမ္မာတယ်။ သူ့ကို၊ စာ

စားစကားနားထောင်။ ဒါပဲ. . ဆုံးမ,ဖူးတာ

အဲဒီ . . အဆုံးအမအတိုင်း သူကျင့်

ခဲ့တာ။

ဘ မိ. . သူ့ဖ. . သူ့ဂ ကို. . မှတ

တည်ပြီး၊ ဘကာ ဒကာ,,တွေကို၊ တရားဟော

ဗျ။

တရားခံ ဘယ်သူလဲပေ့ . . ဆို

အကြောင်းအရင်းကို၊ ရှာနိုင်းတာ. . ။ ပူ

တော်ကြိုက်ဆိုပဲ။



ငယ်ငယ်လေးနဲ့ တရားဟော မွေကထိက

ဖြစ်နေပြီ"

"ဝမ်းသာပါတယ် ဘုရား"

(ဒေါ်မြမာလာမျက်ရည်သုတ်)။

"စမ်းချောင်းမြို့နယ်ဘက်၊ တရား သွား

ဟောတယ်။ ဒီက,စောင့်ချင်ရင်စောင့်။ မစောင့်

နိုင်ရင်လည်း၊ လိုက်သွားပေါ့။ ကိုယ်သား တရား

ကိုယ်. . နာရပြီပေါ့"

"မှန်ပါ။ လိုက်သွားပါရစေ ဘုရား"

"ဟဲ့။ ကိုရင်။ ဦးဝိလာသ,ဆီ၊ ဖုန်းဆက်ပြီး၊

လျှောက်။ ညတရားပွဲ၊ သူ့မိခင်၊ ဒေါ်မြမာလာ၊

လာလိမ့်မယ်. . လို့"

"မှန်ပါ ဘုရား"

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



(၁၂)

ဆရာတော်လေး ဝိလာသ၏တရားပွဲရှိရာ၊ နေရာကို ၊ ကြေညာထားသည့် ၊ ဗွီနိုင်းဆိုင်းဘုတ်ကြီးအောက်သို့ ၊ ရောက်သောအခါ ၊

www.burmeseclassic.com

www.burmeseclassic.com



ဦးဇော်နီက-

" ငါ. . ဒီမှာ၊ ဆင်းနေခဲ့တော့မယ် မောင်မောင်မြင့်။ ငါ့ကို၊ အရက်ဖြတ်ပေးတာ၊ ဒီ ကိုယ်တော်လေးပဲ"

ဦးမောင်မောင်မြင့်က-

" ဟုတ်ရဲ့လားကွာ။ အဲဒါ . . နိုင်ငံကျော် တရားဟောမွေ့ကထိတနေ့်။မင်း . . လူမှား နေမယ်"

"မမှားပါဘူး။ ငါ မှတ်မိပါတယ်။ တရားနာပြီးတာနဲ့၊ ငါ. . အဲရက်ပြတ်ပြီ. . ဆိုတာ၊ သွားလျှောက်ရှိပါ"

"အေး အေး။ ဒါဆို၊ ငါသွားပြီ ။



တရားပွဲအမီ ၊ ငါ. . ပြန်လာနိုင်ရင်၊ ပြန်လာခဲ့ပါ့မယ်"

"အေး'

အမည်မဖော်တတ်သော၊ ပီတိစိတ်ဖြင့်၊ ဆရာတော်လေး သာသ,၏ ပုံတော်ကို၊ မော်ဖူးနေလေသည်။

♥

www.burmeseclassic.com

www.burmeseclassic.com



နေဝင်ချိန်။

ပြည့်ကြပ်နေသည့် ကားများအကြားမှ၊ ဒေါ်မြမာ...
ပင်ပန်းကြီးစွာ မောင်းနှင်ခဲ့ရသည်။ ကားမောင်းနေရင်းမှ၊ ဘာ...
သိပ်မကောင်းကြောင်း သတိထားမိ၏။

စိတ်က,လောနေသော်လည်း၊ ကားကို ထိန်းလျက် မော...
နေရသည်။ (သားဖြစ်သူကို၊ မြင်ဖူးချင်လှပြီ)။

♥

"ကံ-ကံ၏ အကျိုးဆိုတာ၊ ရှင်းရှင်းပေ...
ပါဗျာ ။ ကိုယ် လုပ်ခဲ့မိတဲ့၊ ကံ အတိုင်း...



ကိုယ့်ကို ၊ ပြန်အကျိုးပေးပါတယ် .. လို့ ၊
သိမြင်တတ်ရင်ကို ၊ ဒါ .. သစ္စာကို ၊ သိဖို့ ၊
နီးလာတာပါပဲ။

ဒီ ည. . ၊ တရားပလ္လင်ပေါ်မတက်ခင်၊
ဆရာတော်ကြီးဆီက၊ ဖုန်းလာတယ်ဗျ။

ဦးပဥ္စင်းရဲ့ မိခင်၊ ဒီ . . တရားပွဲကို၊ လာနေ
ပါပြီ. . တဲ့။ တစ်ခါမှ၊ မမြင်ဘူးတဲ့၊ မိခင်နော်။
ဒီည. . မြင်ရတော့မယ်"

ဒါ. . ။ ကွေ့ကွင်းအောင် ပြုမူခဲ့ဖူးတဲ့၊
အကုသိုလ်ကံ၊ ကုန်သယောင်ယောင်လေး၊
အကြောင်းပြတာပေါ့ဗျာ"

ဒေါ်မြမာလာသည် ၊ သားဖြစ်သူ၏ အသံကို ၊ အသံ
ချဲ့စက်မှ ၊ တစ်ဆင့် ကြားရပြီး ၊ ထို အသံလာရာဘက်သို့၊ ကားကို၊
အရှိန်ပြင်းစွာ၊ ချိုးကွေ့လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

(ဘရိတ် မမိတမိ ဖြစ်နေသည်ကို၊ မေ့လျော့သွားရ၏)။

♥

တရားဟောနေရာ၊ ကျောင်းဝင်း ကျယ်ကြီး၏ အဝင်လမ်းတွင်၊ ချိတ်ဆွဲထားသော၊ ဆရာတော်လေး ဝိလာသ၏ ပုံတော်ကို၊ ဖူးမြင်ပြီး၊ ဖိနပ်ကလေးချွတ်ကာ၊ ဦးဇော်နီက၊ လက်အုပ်ချီလိုက်၏။

ပြီးမှ၊ ကျောင်းဝင်းဘက်သို့ မျက်နှာအမူတွင်၊ ကျောဘက်ဆီမှ၊ ပြင်းထန်သော အသံတစ်သံကို ကြားရ၏။ တစ်ကိုယ်လုံး မြောက်တက်သွားရသည်။ အမှောင်ထဲသို့ ရောက်သွားရ၏။

"ဒုန်း"

"ဒုန်း"

"ဝုန်း"

"ကျွိ"

♥



လူတွေ၊အုံနေသည်ဟုသာ သိသည်။

ချီထားသူကို၊ မြင်သည်။ စကားပြောဖို့၊ ပါးစပ်ပြင်လိုက်တိုင်း၊ ပါးစပ်ထဲမှ သွေးက၊ ပွက်ပွက်။

"ဇော်နီ"

မောင်မောင်မြင့် အသံဟု၊ သိ၏။

ချီထားသူက၊ ဦးမောင်မောင်မြင့်ကို၊ မော့အကြည့်-

"မောင်မောင်မြင့်"

"နင်..။နင်..။ မြမာလာ။ မြမာလာ မဟုတ်လား"

"ဟုတ်တယ်"

"ဒါ..၊ အဲဒါ...ဇော်နီ"

"ကျွန်မ, ကားနဲ့တိုက်မိတာ"

စကားသံတွေကို၊ ဦးဇော်နီကြားရ၏။ မြမာလာက-

"ဇော်နီ။ ဇော်နီ။ ..နင်..,နင်၊ ဒီကို ဘာလာလုပ်တာလဲဟင်။ငါ..လာမယ်ဆိုတာ၊

www.burmeseclassic.com

www.burmeseclassic.com



သိုလို့လား"

ဦးဇော်နီက. . မျက်နှာတူရှုရှိ ဗွီနိုင်းဆိုင်းဘုတ်မှ၊ ကိုယ်

တော်လေး ဝိလာသကို၊ လက်ညှိုးထိုးပြ၏။

မြမာလာ အံ့ဩရသည်။

"ဟဲ့။ အဲဒါ . . ။ အဲဒါ. . ။ ငါတို့ သားလေ

. . တဲ့။ အဲဒီ. . ကိုယ်တော်လေးက၊ ငါတို့သားပဲ

ကြားသိရသူ ဦးမောင်မောင်မြင့် အံ့ဩရချေပြီ။ မကြ

မသိနိုင်ရှာတော့သော၊ ဦးဇော်နီအဖို့၊ ဒေါ်မြမာလာ၏ ပြော

. . ငိုသံ. . မျက်ရည်လျှံ မျက်ပန်းစုံကို၊ မြင်တွေ့ ကြားသိနိုင်စွမ်း

မရှိတော့။

"ကဲ. . ။ တရားခံ ဘယ်သူလဲ။ စဉ်း

ကြည့်။ ဘယ်လို လောကဓံနဲ့ပဲ၊ တွေ့တွေ့။

အဲဒီ အဖြစ်အပျက်ရဲ့၊ အဓိက၊ တရ

ခံဟာ။မိမိကိုယ်တိုင်ပဲနော်။ တခြား၊ ဘယ်သူ

မဟုတ်ဘူး။

အနိဋ္ဌာရုံနဲ့ ကြုံရပြီဆိုတာနဲ့၊ ငါ. . ကံ

လိုက်တာလို့၊ တွေးချင်ရင်။ ငါ့ အတိတ်က အ



စရိုက် တော်တော်ဆိုးခဲ့တာပဲ. . လို့ သေသေချာချာ

နှလုံးသွင်းပြီး၊ တွေးနော်။

ငိုလို့ကောင်းရုံ။ လူသနားရုံလောက်လေး၊

မတွေးနဲ့။ ကိုယ့်အပြုအမူကို၊ ကိုယ်တိုင်၊

တရေးရေး ပြန်မြင်အောင်တွေး။ နော်. . ။ ဒကာ

ဒကာမ,များ"

"မှန်ပါဘုရား"

"ဆရာကောင်းနဲ့ မတွေ့တာ။ မိဘကောင်းနဲ့

မတွေ့တာ။ သားကောင်း သမီးကောင်းနဲ့၊ မတွေ့

တာ။

လုပ်ဖော် ကိုင်ဖက်ကောင်းနဲ့ မတွေ့တာ။

မင်းကောင်း မင်းမြတ်နဲ့ မတွေ့တာ။

အားလုံး . . အားလုံးဟာ။ ကိုယ့်ရဲ့

မကောင်းခဲ့တဲ့။ အကုသိုလ် ကံအရှိန်တွေကို၊

အကြောင်းပြုပြီး၊ အကျိုးပြနေတာပါနော်"

"မှန်ပါဘုရား"

"စကား ရိုးရိုးလေးဗျာ။ ဉာဏ်အလက်ထက်နဲ့၊

www.burmeseclassic.com

www.burmeseclassic.com



မှတ်ကြပါဦး။ ဘယ်သူ!..မပြု"

"မိမိမှုပါ ဘုရား"

" ကံဆိုးပြီလို့၊ သိမ့်၊ ကောင်းကံတွေ

အပြေးအလွှား လုပ်ကြရမှာလား။

ကံဆိုးမိုးမှောင် မကျခင်ကတည်းက၊ နေ့

နေ့တိုင်း၊ ကောင်းကံတွေ လုပ်နေကြရမှာလား"

"ကံဆိုး မိုးမှောင် မကျခင်ကတည်းက

လုပ်နေကြရမှာပါဘုရား"

"ရောဂါဖြစ်မှ၊ ဆေးကုရတာ၊ ရောဂါကြ

မှ၊ ဆေးကုရတာတွေထက်၊ ရောဂါမဖြစ်

ကတည်းက၊ ကြိုတင်ကာကွယ်ဆင်ခြင်ထား

ပိုမကောင်းဘူးလားဗျာ"

"ကောင်းပါတယ် ဘုရား"

"အေး။ မျက်လုံးထဲမှာ၊ မျက်ရည်တွေ

မပွက်ခင်ကတည်းက၊ ကြိုတင်ပြီး၊ ဒါန ကော

သီလကောင်းမှု၊ ဘာဝနာ ကောင်းမှုတွေ

ဂရုတစိုက် ဆောင်ရွက်ထားကြပါမှ၊



မျက်ရည်တွေခန်းကြရတာဗျ။

နော်..ဒကာ..ဒကာမများ"

"မှန်ပါတယ်ဘုရား"

♥

BURMESE CLASSIC

ဆရာတော်လေး ဝိလာသ၏ တရားဟောသံ။

ဒေါ်မြမာလာ၏ ငိုရှိုက်သံ။

ဦးဇော်နီ၏ ရှပ်ကလာပ်။

မီးရောင်တချို့ ရှိသော်လည်း၊ ပိန်းပိတ် ညအမှောင်ကို၊

ထင်းလင်းသွားအောင်၊ မထွန်းမညှိနိုင်။

♥

တရားသံသည် ညင်သာ သဲ့သဲ့။

ငိုရှိုက်သံတို့သည်၊ ဆူဆူပွက်ပွက်။

လောကဓံတို့သည် ကြမ်းကြမ်းရှရှ။

♥

www.burmeseclassic.com

www.burmeseclassic.com



တစ်ထောင့်ငါးရာ ကိလေသာ နယ်ပယ်သည်ကား ၊ လှည့်စားမှု မာယာ အထပ်ထပ်၊ မီးတောက်မီးလျှံ အပြည့်အသိပ်တို့ဖြင့်၊ ကံမွဲ . . ဉာဏ်နည်းသူတို့အား ၊ နေ့စဉ်နှင့်အမျှ ဖျားယောင်းသွေးဆောင်လျက်၊ ရှိနေပေသေးသည် ။ ။

♥♥♥

လေးစားခင်မင်လျက်-

မောင်လှမျိုး(ချင်းချောင်းခြံ)

2015.□□□.29

7:42 (□□□)

BURMESE CLASSIC

www.burmeseclassic.com